# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၀၀)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

၁။ တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw-CRPH) နှင့် ယင်းကော်မတီက ဖွဲ့စည်းသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) ဖြင့် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီကဖွဲ့စည်းသည့် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (National Unity Government – NUG) နှင့် ယင်းအဖွဲ့တွင် ပါဝင်သူများသည် မတရားအသင်းနှင့် မတရားအသင်းဝင်များဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန



## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် ဧပြီ ၂၀

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၄၈၆၄၃ ဦး၊ အတွင်းလူနာ ၄၄၄၇ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၇၀၀၃ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၆၃၃ ဦး၊ စုစုပေါင်း ၁၀၆၃၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၆၉၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၇၆၆ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၉၄၆၅ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ သင်ကြား/စီမံဝန်ထမ်းများ ကျောင်း/ရုံး လုပ်ငန်းခွင်သို့ အင်အားပြည့် တက်ရောက်ရေးကိစ္စ

နေပြည်တော် ဧပြီ ၂၀

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဆရာ ဆရာမများအတွက် အားလပ်ရက်ရှည်(Vacation) ခံစားခွင့်ကို ၂၀၂၁ ခုနှစ် မေ ၂ ရက်အထိ သတ်မှတ်ခွင့်ပြုခဲ့ပြီး ပါရဂူဘွဲ့ကြိုသင်တန်းများ၊ မဟာတန်း (ရေးဖြေ) သင်တန်းများ၊ ဘွဲ့ကြိုနောက်ဆုံးနှစ် သင်တန်းများ၊ တတိယနှစ်ဂုဏ်ထူးတန်းများနှင့် နောက်ဆုံးနှစ် မဟာအရည်အချင်းစစ် သင်တန်းများကို ၂၀၂၁ ခုနှစ် မေ ၅ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။

သို့ဖြစ်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်အသီးသီးမှ သင်ကြားရေး ဆရာ ဆရာမများအားလုံးနှင့် စီမံဝန်ထမ်းများအားလုံးတို့သည် ၂၀၂၁ ခုနှစ် မေ ၃ ရက် တနင်္လာနေ့မှစတင်၍ မိမိတို့၏ လုပ်ငန်းခွင်များသို့ အင်အားပြည့် ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ကြရန် ပညာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဆန္ဒဖော်ထုတ်မှုများ၏ လားရာနှင့် နောက်ကွယ်မှ အမှန်တရား**

ဆောင်းပါး စာ ၈

**ကမ္ဘာတစ်ဝန်း သီတင်းတစ်ပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅ ဒသမ ၂ သန်းကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲပြော**

နိုင်ငံတကာသတင်း စာ ၁၃




# တတိယလှိုင်း ရိုက်ခတ်မှုကာကွယ်

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာတွင်ရော၊ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအချို့တွင်ပါ ကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာနေသည်။ မိမိတို့နိုင်ငံအနေဖြင့်မူ ရောဂါအတည်ပြုလူနာ ဓာတ်ခွဲစမ်းသပ်မှုတွင် အခက်အခဲများရှိနေခြင်းကြောင့် အခြေအနေမှန်ကို မှန်းဆရန်ခက်နေသည်။ သို့ရာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံပေးနေခြင်း၊ ရောဂါကူးစက်ပျံ့နှံ့မှုနည်းသည်၊ ကျဆင်းနေသည်ဟု ယုံကြည်ယူဆကြခြင်း၊ ရောဂါဖြစ်ပွားမှု ကာလကြာရှည်လာသည်နှင့်အမျှ စိုးရိမ်ကြောက်ရွံ့မှု နည်းပါးလာခြင်းတို့ကြောင့် ပြည်သူများအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသည့် စည်းမျဉ်း စည်းကမ်းများအပေါ် အလေးအနက်ထားမှုများ လျော့ပါးလာလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ခဲ့သည်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့သွားခဲ့ပြီး ယခုအချိန်အထိ အချိန်ကာလအားဖြင့် တစ်နှစ်ခွဲခန့် ကြာမြင့်လာခဲ့ပြီးနောက် ရောဂါကူးစက်ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးသည်လည်း မျိုးကွဲသစ်များစွာ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲများမှာ များသောအားဖြင့် ပိုမထူးခြားသွားသော်လည်း အချို့မှာမူ ကူးစက်မှုအားကောင်းလာစေခြင်း၊ ကူးစက်မှု အားပျော့သွားစေခြင်းတို့ ဖြစ်ပေါ်စေသည်ဟု ဆိုသည်။ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်များအနက် UK Variant (B.1.1.7)သည် ကူးစက်မှုနှုန်း ၇၀ ရာခိုင်နှုန်းအထိ ပိုမိုမြန်ဆန်နိုင်ကြောင်းနှင့် South Africa Variant (B.1.351) မှာ အချို့ကာကွယ်ဆေးများ၏ ထိရောက်မှု၊ ကာကွယ်နိုင်စွမ်းကို လျော့နည်းကျဆင်းစေနိုင်ဖွယ်ရှိသည်ဟု သိရသည်။

မိမိတို့နိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ဒုတိယလိုက်သော နိုင်ငံဖြစ်ပြီး ဓာတ်ခွဲအတည်ပြုလူနာ ၁၅ သန်းကျော်ရှိနေကြောင်း၊ မေ ၁၉ ရက်နေ့က သတင်းတစ်ပုဒ်အရ ယင်းနိုင်ငံတွင် နေ့စဉ်ကူးစက်မှုနှုန်း ၂၅၀၀၀၀ အထက်ဖြင့် သုံးရက်ဆက်တိုက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့်လည်း အထူးဂရုပြုကြရမည့်အခြေအနေပင်ဖြစ်သည်။ အိန္ဒိယအစိုးရက သွားလာမှုများကို အပြည့်အဝ ပိတ်ဆို့ကန့်သတ်ထားသည့်ကြားထဲမှပင် နေ့စဉ်ကူးစက်မှုနှုန်း မြင့်မားနေခြင်းဖြစ်ရာ လူတစ်ဦးချင်း တစ်ဦးချင်းတို့ မိမိကိုယ်တိုင်ကာကွယ်ခြင်းကသာ အဓိကကျသည်ကို ပြဆိုနေခြင်းပင် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနှင့် ပတ်ဝန်းကျင် နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း တစ်ဖန်ပြန်လည်၍ အရှိန်အဟုန်မြင့်မားစွာ ကူးစက်နေမှုက မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ဟန့်တားရေးအတွက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အလေးအနက်ထား၍ ကျင့်သုံးကြရန် တပ်လှန့်နှိုးဆော်လိုက်ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် "လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။" ဖြစ်ကြောင်း ဖော်ပြထားသည့်အပြင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်ပြီး တိုင်းရင်းသားပြည်သူလူထုအတွက် ကာကွယ်ရေး၊ ကုသရေးတို့တွင် မျက်ခြည်မပြတ် စောင့်ကြည့်ဆောင်ရွက်ပေးလျက်ရှိရာ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် အိန္ဒိယ၊ တရုတ်၊ ရုရှားနိုင်ငံတို့မှထုတ်သည့် ကာကွယ်ဆေးများကို လူဦးရေ ၁၅ သန်းကျော်အား ဦးစားပေးအဆင့် ၃ ဆင့်၊ အုပ်စု ၅ စုခွဲ၍ ထိုးနှံပေးသွားမည်ဖြစ်ကြောင်းလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ပြောကြားထားသည်။

ပြည်သူတစ်ဦးချင်းအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်တတိယလှိုင်း ပြည်တွင်း၌ ကူးစက်ပျံ့နှံ့မှုဖြစ်ပေါ်မလာစေရေးအတွက် အသိပေး၊ သတိပေးနှိုးဆော်ချက်များကို အလေးအနက်ထား လိုက်နာကြခြင်းအားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါမှ မိမိကိုယ်တိုင် ရှောင်ရှားနိုင်ရေး၊ မိမိမိ သားစုနှင့် ပတ်ဝန်းကျင်ကိုပါ ရောဂါကူးစက်မှုမရှိစေရေးတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ဧရာဝတီမြစ်ကျော် (၂၃၀) ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် ရေကြောင်းခေတ္တပိတ်ထားမည်

နေပြည်တော် မေ ၂၀

လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက လှိုင်သာယာ-အသုတ် (၂၃၀) ကေဗွီ ဓာတ်အားလိုင်းကို ဧရာဝတီမြစ်ဖြတ်ကျော်၍ ညောင်တုန်းမြို့နယ် သောင်တန်းကျေးရွာမှ ပန်းတနော်မြို့နယ်၊ ကြိမ်ပင်ဆယ်ကျေးရွာသို့ မေ ၂၃ ရက်မှ မေ ၆ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီအထိ သွယ်တန်းမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းခွင်၏ အထက်နှင့်အောက်ရှိ ဧရာဝတီမြစ်အတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က စောင့်ဆိုင်းပြီး ရေကြောင်းခေတ္တပိတ်ထားမည်ဖြစ်သည်။ အဆိုပါ ရေကြောင်းအတွင်းမှ ဖြတ်သန်းမည့် ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှ ကင်းလွတ်ရာနေရာတွင် ရပ်နားစောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် မေ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ(၃)စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www. issuu. com/myanmarnewspaper၊ https://www. moi.gov.mm/mal၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

○ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှား သင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရှယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

## ဥပဒေနှင့်အညီသာဆောင်ရွက်စေလိုပြီး ရောင့်ရဲတင်းတိမ်စိတ်နှင့် ဆောင်ရွက်ရန်လို

ဘဏ္ဍာငွေသုံးစွဲမှုများကိုလည်း အတတ်နိုင်ဆုံးချွေတာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် အရေးကြီးသည့် ကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေးကဏ္ဍများတွင် လုံလောက်သောငွေကြေး သုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် ရှေ့တွင်တာဝန်ယူခဲ့သည့် ဒီမိုကရေစီအစိုးရ နှစ်ရပ်ဆောင်ရွက်ခဲ့သည်ကို သင်ခန်းစာယူရပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲအောင်နိုင်မှုအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ လုပ်ငန်းရှင်များကလည်း အာဏာရှိသည့်သူများကို ချဉ်းကပ်ရာတွင် အဂတိနှင့် ငြိစွန်းနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအနေဖြင့် ကိုယ့်ကိုယ်ကိုယ် အလိုမလိုက်စေချင်ကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်စေလိုကြောင်း၊ ရောင့်ရဲတင်းတိမ်စိတ်နှင့် ဆောင်ရွက်ရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ်ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီးများတွင် ဆေးရုံလုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၀**

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၏ ဆေးကုသရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် ပတ်သက်သည့် ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်ရှိ အခြားအထူးကုဆေးရုံကြီးများနှင့် ပြည်သူ့ ဆေးရုံကြီးများ၏ ဆေးကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင်လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



### စံပြဆေးရုံကြီးတစ်ရုံ ဖြစ်ရမည်

အစည်းအဝေးများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီးများသည် လူနာများ အထူးမှီခိုအားထားနေရသည့် ဆေးရုံကြီးများဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် အားလျော်စွာ နေပြည်တော်ပြည်သူ့ ဆေးရုံကြီး (ခုတင်-၁၀၀၀) အနေဖြင့် စံပြဆေးရုံကြီးတစ်ရုံ ဖြစ်ရမည် ဖြစ်ပါကြောင်း၊ နေပြည်တော်အနီးတစ်ဝိုက်သာမက မြန်မာနိုင်ငံဒေသ အနှံ့အပြားမှ လာရောက်ပြသလေ့ရှိကြသဖြင့် နေပြည်တော်ရှိ ပြည်သူ့ ဆေးရုံကြီးများ၏ ဆေးကုသရေးလုပ်ငန်းများ ပုံမှန်အတိုင်း အင်အား အပြည့် ပြန်လည်လည်ပတ်နိုင်ရေးမှာ နိုင်ငံသားများအတွက် အလွန် အရေးကြီးပါကြောင်း၊ မိမိတို့ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများ အတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဖြည့်ဆည်း ဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာရှိပါကြောင်း။

### ရန်သူမိတ်ဆွေ မခွဲခြားဘဲ ကုသပေး

ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံများ၌ ပုံမှန် ဆေးကုသရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် လူနာများ လိုအပ်သည့် ဆေးကုသမှုမခံယူနိုင်ခြင်း၊ ပုဂ္ဂလိက ဆေးရုံ/ဆေးခန်း များတွင် သွားရောက်ပြသရခြင်း၊ ဝေးလံသောနေရာများသို့ သွားရောက် ပြသရခြင်း စသည့် အခက်အခဲများကို ပြည်သူများ တွေ့ကြုံနေကြရ ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဌာနရန်ပုံငွေများ ခွင့်ပြုထားသော်လည်း ပြည်သူ့ဆေးရုံများတွင် ဆေးရုံ လုပ်ငန်း ပုံမှန်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ပြည်သူများအနေဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ၎င်းတို့၏ ငွေကြေး ကျခံသုံးစွဲနေရပါကြောင်း၊ မိမိတို့ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများအကျိုးအတွက် ဆောင်ရွက်နေကြခြင်းဖြစ်သဖြင့် ပြည်သူ များ ထိခိုက်နစ်နာမှုမရှိစေရေး တတ်နိုင်သမျှ ဆောင်ရွက်ကြရမည်ဖြစ်ပါ ကြောင်း၊ Professional ကောင်းပီသစွာ လူနာအကျိုးကိုရှေးရှု၍ လုပ်ငန်းများဆောင်ရွက်ကြရန် တက်ရောက်လာကြသည့် ဆေးရုံအုပ် ကြီးများ၊ အထူးကုဆရာဝန်ကြီးများအနေဖြင့် မိမိကိုယ်တိုင်မှစ၍ ကိုယ့်တာဝန် ကိုယ်ကျေပွန်စွာ ဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း၊ မိမိတို့၏ Professional အလိုက် ကျင့်ဝတ် များကို လိုက်နာကာ ဆင်းရဲချမ်းသာမရွေး၊ ကျားမ၊ ရန်သူမိတ်ဆွေ မခွဲခြားဘဲ ကုသပေးကြရမည်ဖြစ်ပါကြောင်း၊ ကျင့်ဝတ်အတိုင်း လိုက်နာ ဆောင်ရွက်ပါက ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံမည်ဟု ဆရာဝန်အဓိဋ္ဌာန်ပြုကတိသစ္စာတွင်ပါရှိကြောင်း၊ ဆေးရုံ လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေး ရှိသည့် အင်အားဖြင့် အတတ်နိုင်ဆုံး

*စာမျက်နှာ ၄ သို့*

**"ကုသရေးလုပ်ငန်းများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို ကန်ထရိုက် စနစ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ ရသင့်သော ထောက်ပံ့ငွေများ တိုးမြှင့်ရရှိစေရေး ဆောင်ရွက်လျက်ရှိရာ ညတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား ထောက်ပံ့ပေးမည့် ညစာစားစရိတ်ကို မကြာမီဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ရရှိထားသော ဘွဲ့အလိုက် လစဉ်ချီးမြှင့်ငွေများရရှိရန် ဆောင်ရွက်လျက်ရှိ"**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ခေတ်မီနည်းပညာများအသုံးပြု၍ ကာလတိုအတွင်း လယ်ယာကဏ္ဍ သိသာထင်ရှားစွာတိုးတက်ပြောင်းလဲရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၀**

ခေတ်မီနည်းပညာများ အသုံးပြု၍ ကာလတိုအတွင်း လယ်ယာကဏ္ဍ သိသာထင်ရှားစွာ တိုးတက် ပြောင်းလဲရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



### အမြန်ကုစားဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က ပြည်သူများ စားနပ်ရိက္ခာနှင့် အာဟာရဓာတ် ဖူလုံပြည့်ဝရေး၊ အလုပ်အကိုင် ရရှိရေးတို့အတွက် သေချာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို အမြန်ကုစား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား သမားရိုးကျ မိရိုးဖလာ နည်းလမ်းများအစား ခေတ်မီနည်းပညာများ အသုံးပြုဆောင်ရွက်နိုင်ရေး၊ လယ်ယာကဏ္ဍဆိုင်ရာ နည်းပညာများသည် စိုက်ပျိုးမွေးမြူရေး ဆိုင်ရာ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်နေသူများက လိုအပ်နေသည့် နည်းပညာများဖြစ်ပြီး ၎င်းတို့ကိုယ်တိုင် လိုလားစွာ လိုက်နာဆောင်ရွက်လာစေရေးအတွက် တာဝန်ရှိသူများက ပညာပေးစည်းရုံး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

### ဆွေးနွေးခဲ့ကြ

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဘဏ္ဍာငွေကြေးများ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများတွင် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ကာလတိုအတွင်း ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ သတ်မှတ်ကာလတွင် စိုက်ပျိုးရေး တက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ ဘာသာရပ်များအလိုက် အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် မွေးမြူရေး ဒီပလိုမာသင်တန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

### အထူးဂရုပြုဆောင်ရွက်

ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍဆိုင်ရာ လုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကာလတိုအတွင်း သိသာထင်ရှားစွာ တိုးတက်လာစေရေး ဆောင်ရွက်ရာ၌ မိမိတို့ ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များနှင့် သက်ဆိုင်ရာဒေသ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ လိုက်လျောညီထွေဖြစ်စေရေးကို အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်ရွယ်ချက်၊ မျှော်မှန်းချက်နှင့် လုပ်ငန်းလမ်းညွှန်ချက်များကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည့် မိမိတို့၏ ဌာနတာဝန်ရှိသူတိုင်း ထဲထဲဝင်ဝင် သိရှိနားလည်ရေး၊ သက်ဆိုင်ရာ ဒေသစီမံအုပ်ချုပ်ရေး ကောင်စီအဆင့်ဆင့်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် တာဝန်များ တိကျစွာခွဲဝေသတ်မှတ်ဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

ကြိုးစားဆောင်ရွက်နေသည်ကို တွေ့ရှိရပြီး ယခုထက်ပိုမို၍ အင်အားပြည့်ဆောင်ရွက်ပေးနိုင်ရေး ဆက်လက် ကြိုးစားပေးစေလိုပါကြောင်း။

ပြည်သူ့ဆေးရုံများအတွက် ဆေးဝါးဝယ်ယူရန် ငွေကျပ် ဘီလီယံ (၃၀၀) လျာထားခဲ့သဖြင့် ဆေးရုံလုပ်ငန်း လိုအပ်ချက်နှင့်အညီ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို ကန်ထရိုက်စနစ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ ရသင့်သော ထောက်ပံ့ငွေများ တိုးမြှင့်ရရှိစေရေး ဆောင်ရွက်လျက်ရှိရာ ညတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား ထောက်ပံ့ပေးမည့် ညစာ စားစရိတ်ကို မကြာမီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ရရှိထားသော ဘွဲ့အလိုက် လစဉ်ချီးမြှင့်ငွေများရရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

### မှန်းဆရန် ခက်ခဲနေ

ဆက်လက်၍ ကိုယ်ခန္ဓာထိခိုက်မှုရှိနိုင်သည့် ဘေးအန္တရာယ်ယူကာ ရောဂါ ရှာဖွေရေး၊ ဆေးကုသရေးဆောင်ရွက်နေကြရသည့် ကျန်းမာရေးဝန်ထမ်းများအတွက် Risk Allowance ကဲ့သို့ ချီးမြှင့်ငွေများ ရရှိစေရေး ဆက်လက်စီစဉ်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လအတွင်း ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ ပြန်လည်များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်သည့် စက်ပစ္စည်းများ ဖြည့်ဆည်းခဲ့သော်လည်း လက်ရှိဝန်ထမ်းအခြေအနေကြောင့် ဓာတ်ခွဲစစ်ဆေးမှုများ အားနည်းနေသဖြင့် ရောဂါ ဖြစ်ပွားမှုကို မှန်းဆရန် ခက်ခဲနေကြောင်း၊ သို့ရာတွင် ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ လေကြောင်းခရီးသွားလာမှုများ အပါအဝင် လုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်ရာ၌ လိုအပ်သည့် လုပ်ငန်းလမ်းညွှန်များ ပြုစုပေးခြင်း၊ နေ့စဉ် လူနာစာရင်း ထုတ်ပြန်ခြင်း၊ Stay at Home မြို့နယ်များ ဖြေလျှော့ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပုံမှန်လုပ်ငန်းလည်ပတ်နိုင်ရေး ဖြေလျှော့မှုများ ဆောင်ရွက်ထားသဖြင့် ပြည်သူလူထုအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာရန်မှာ ပိုအရေးကြီးလာပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ First Dose ကို လူပေါင်း တစ်သန်းခုနစ်သိန်းအထိ ထိုးနှံပြီးဖြစ်ပါကြောင်း၊ သုတေသန တွေ့ရှိချက်များအရ ကာကွယ်ဆေးထိုးထားသူများတွင် ရောဂါဖြစ်ပွားမှု ကာကွယ်နိုင်သလို ဖြစ်ပွားသူများတွင်လည်း ရောဂါပြင်းထန်မှု နည်းပါးသည်ကို တွေ့ရှိရပါကြောင်း။

### စည်းကမ်းနှင့်အညီ နေထိုင်

နောက်တစ်ကြိမ် COVID-19 wave ဖြစ်ပွားမှုမရှိစေရေး ကာကွယ်ဆေးထိုးခြင်းကို ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ရာ အားလုံးပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကာကွယ်ဆေး ထိုးနှံမှုလာရောက်ခံယူကြသည်ကို တွေ့ရှိရပါကြောင်း၊ ရောဂါဖြစ်ပွားပါက ကျန်းမာရေးဝန်ထမ်းများသည် ကူးစက်မှုခံရနိုင်ဆုံးသူများဖြစ်သဖြင့် ကာကွယ်ဆေး အပြည့်အဝ ထိုးနှံထားစေလိုပါကြောင်း၊ ရောဂါဖြစ်ပွားပါက လိုအပ်နိုင်သည့် PPE အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ အလုံအလောက် အသင့်ပြင်ဆင်ထားရှိပါကြောင်း၊ တက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများသည် ပြည်သူများ အားကိုးအားထားရာ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ရုံသာမက မိမိတို့၏ လုပ်ဖော်ကိုင်ဖက် ဆရာဝန်အငယ်များ၊ သူနာပြုများ၊ ကျွမ်းကျင်ပညာရှင်များ၊ အခြားလက်အောက်ငယ်သားများအတွက် အနန္တဂိုဏ်းဝင် ဆရာများလည်း ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်ရန် လိုအပ်သကဲ့သို့ ဆရာများအဖြစ်လည်း ဆရာ့ကျင့်ဝတ်ကျေပွန်ရန် လိုအပ်ပါကြောင်း၊ လုပ်ဖော်ကိုင်ဖက်များကို ဘေးရန်ဆီးကာပေးရန် လိုအပ်ပြီး လမ်းမှားရောက်နေသူများကို စည်းရုံးခေါ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ပြန်လည်ဝင်ရောက်လာမည့် ဝန်ထမ်းများ အားလုံးကို လက်ကမ်းကြိုဆိုနေပါကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းခွင်ဝင်ရောက်ရန် အခက်အခဲဖြစ်ပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် Call Center ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဖွင့်လှစ်ပေးထားပါကြောင်း၊ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကာ အချင်းချင်း စည်းလုံးညီညွတ်သောအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စိတ်တိုင်းမကျသည့် အခြေအနေများကို အကြောင်းပြ၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ထမ်းဆောင်မှုမရှိသည့် အမွေဆိုးကို နောင်မျိုးဆက်သစ်များအား မပေးအပ်စေလိုပါကြောင်း၊ ဝန်ထမ်းစည်းကမ်းနှင့်အညီ နေထိုင်ခြင်း၊ ကျင့်ဝတ်များ လိုက်နာကျင့်သုံးခြင်းသည် ဘေးအန္တရာယ် အကင်းရှင်းဆုံးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာရပ်အလိုက် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

### တက်ရောက်

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏာစိုး၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ သတင်းထုတ်ပြန်ချက်

ရန်ကုန် မေ ၂၀

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈-၂၀၁၉ ခုနှစ်က လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခဲ့ပါသည်။ ထိုသို့ ကပ်လှူပူဇော်ချိန်တွင် ကြာမောက်ကြာလန် ဧရိယာရှိ ရွှေပြားများ မည်းကွက်နေကြောင်း တွေ့ရှိခဲ့ရပါသည်။ ထိုသို့ဖြစ်ခဲ့ရခြင်းမှာ ၂၀၁၄-၂၀၁၅ ခုနှစ်က ကြာမောက်ကြာလန် ဧရိယာအား ရောင်တော်ဖွင့်ခဲ့ရာတွင် အသုံးပြုသည့် ဆေးရည်များကို ပြန်လည်သန့်စင်ရာ၌ ရေလုံလောက်စွာ အသုံးမပြုနိုင်ခဲ့ခြင်းကြောင့် မည်းကွက်ခဲ့ခြင်းဖြစ်နိုင်ကြောင်းနှင့် ရွှေပြားများပေါ်တွင် ကမ္ပည်းရေးထိုးခဲ့ကြသည့်အတွက် အောက်ခံကြေးပြားပေါက်ပြီး မိုးရေစိမ့်ဝင်ဓာတ်ပြုကာ မည်းကွက်လာခြင်းဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိခဲ့ရပါသည်။

မှတ်တမ်းများအရ ၂၀၀၈-၂၀၀၉ ခုနှစ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူစဉ်က ကြာမောက်ကြာလန် ဧရိယာတွင် ရွှေစင် ၄၄ ပိဿာ အသားတင်အသုံးပြုခဲ့ကြောင်းနှင့် Gold Coating ဖြုတ်စည့်ပ်စ ၁ ပိဿာ သိမ်းဆည်းကျန်ရှိကြောင်း သိရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သည် ကြာမောက်ကြာလန် ဧရိယာမှ မည်းကွက်နေသော Gold Coating ၃၈၉၅ ချပ်နှင့် အပိုင်းအစ ၄၆ စကို စနစ်တကျ မှတ်တမ်းတင် ဖြုတ်ခွာပြီးနောက် သိမ်းဆည်းထားသော Gold Coating ဖြုတ်စည့်ပ်စ ၁ ပိဿာခန့်နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ညှိနှိုင်းဆောင်ရွက်ချက်အရ သတ္တုဗေဒသုတေသနဌာန(အေလာ)သို့ ၆-၆-၂၀၁၉ ရက်နေ့မှ စတင်ပို့ဆောင်၍ သန့်စင်စေခဲ့ပါသည်။

ထိုသို့ သန့်စင်စေခဲ့ရာတွင် သတ္တုဗေဒသုတေသနဌာန(အေလာ)က ၇-၉-၂၀၂၀ ရက်နေ့တွင် ရွှေအရည်အသွေးစစ်ဆေးပြီး ပြန်ကြားခဲ့သော တရားဝင်အတည်ပြုချက် စာရင်းဇယားများအရ သန့်စင်ပြီး ရွှေအလေးချိန် ၃၇ ပိဿာ ၂၈ ကျပ်သား ၁၁ ပဲ ၄ ရွေး ပြန်လည်ရရှိခဲ့ပြီး ရွှေပြန်လည်ရရှိမှုရာခိုင်နှုန်း ၈၂.၆၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၎င်းသန့်စင်ပြီးရွှေများ၏ ရွှေအရည်အသွေး Density ကို စစ်ဆေးခဲ့ရာတွင်လည်း ၁၆ ပဲရည် ၂၄ ကာရက် အဆင့် ၉၆.၇၄ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း မိဘပြည်သူများ သိရှိနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု ပဉ္စမနှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာ(မူကြမ်း) ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၀

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု ပဉ္စမနှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာ(မူကြမ်း)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ (ယာပုံ)





### အကြံပြုချက်များကိုလည်း အလေးထား

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် United Nations Convention on the Rights of the Child (UNCRC) တွင် ပါဝင်လက်မှတ်ရေးထိုးထားရှိခဲ့ပြီးဖြစ်၍ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာများ တင်သွင်းရပါကြောင်း၊ ယခုလက်ရှိတွင် ပဉ္စမနှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာအား တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Report တင်သွင်းခြင်းသည် တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေသည့်အတွက် သတ်မှတ်ကာလအတွင်း အစီရင်ခံစာပေးပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အစီရင်ခံစာနှင့် ပတ်သက်၍ UNCRC ကော်မတီ၏ သုံးသပ်ချက်နှင့် အကြံပြုချက်များကိုလည်း အလေးထားရမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအပါအဝင် အဆင့်ဆင့်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ နည်းဥပဒေကို ရေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်း အမျိုးသားအဆင့် ကော်မတီဝင်များထံသို့ ချပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပဉ္စမနှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာ ရေးသားရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တင်သွင်းမည့် အစီရင်ခံစာများကိုလည်း လေ့လာဖတ်ရှုရန် လိုအပ်ပါကြောင်းနှင့် လိုအပ်သည်များအား ဖြည့်စွက်ပြောကြားသည်။

### ပေါ်လွင်အောင် ရေးသား

ယင်းနောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု ပဉ္စမနှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာ (မူကြမ်း)နှင့်ပတ်သက်၍ ဘာသာရပ်ဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးက CRC အဖွဲ့ဝင်နိုင်ငံဖြစ်လာခြင်း၊ CRC ၏ အနှစ်သာရများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အခြေခံမူ (၄)ရပ်၊ လိုက်နာဆောင်ရွက်ရမည့် တာဝန်(၅)ရပ်၊ ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များ၊ လက်ရှိတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများ ဖွဲ့စည်းထားရှိပြီး ခရိုင်နှင့် မြို့နယ်ကော်မတီများ ဆက်လက်ဖွဲ့စည်းဆောင်ရွက်မည့်အခြေအနေ၊ ကလေးသူငယ်အခွင့်အရေး (၄)ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းစဉ်များ၊ အစီရင်ခံစာရေးသားခြင်း၊ တင်သွင်းခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက UNCRC ကော်မတီမှ သတ်မှတ်ထားသည့် Reporting Guideline များအတိုင်း ရေးသားရမည်ဖြစ်သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား ထည့်သွင်းရေးသားရမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် ဘတ်ဂျက်ရရှိမှုနည်းပါးခြင်းနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ လုံလောက်စွာခန့်ထားနိုင်မှု မရှိခြင်းသည်လည်း စိန်ခေါ်မှုများ ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန်နည်းလမ်း၊ Recommendation များကိုလည်း ပေါ်လွင်အောင် ရေးသားရမည်ဖြစ်ကြောင်း မှာကြားသည်။

### ပံ့ပိုးကူညီမှုများသည် အလွန်ပင် အရေးကြီး

မွန်းလွဲပိုင်းတွင် လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်ပါလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေသော ပြည်သူ့အကျိုးပြု လုပ်ငန်းများသည် ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင်ဆောင်ရွက်ရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည့်အတွက် လေးနက်ခက်ခဲပါကြောင်း၊ မသန်စွမ်းသူ၊ မူးယစ်ဆေးဖြတ်ပြီးသူ၊ လူကုန်ကူးခံရသူ စသည်ဖြင့် လူမှုရေးအကူအညီ လိုအပ်နေသူအားလုံး၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ အလွန်ပင်အရေးကြီးပါကြောင်း၊ ၎င်းတို့ကို မိသားစု အသိုင်းအဝိုင်း ရပ်ရွာလူထုအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးရာတွင် ရပ်ရွာပြည်သူလူထုနှင့် မိဘဆွေမျိုးသားချင်း မိသားစုဝင်များ၏ အမြင်သဘောထားများနှင့် ပံ့ပိုးကူညီမှုများသည် အလွန်ပင် အရေးကြီးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မပြီးပြတ်သေးသောလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာကိုလည်း ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များတွင် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်သည်လည်း အရေးကြီးသော လုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ လူကုန်ကူးမှုများသည် ရွှေ့ပြောင်းသွားလာခြင်းနှင့် ဆက်စပ်လျက်ရှိပြီး ပုံမှန်ဝင်ငွေမရှိသူ၊ ရပ်တည်ရန်ခက်ခဲသူများအပေါ် ပွဲစားများမှ မတရားအလွဲသုံးစားပြုခေါင်းပုံဖြတ်ခြင်းဖြစ်ကြောင်း၊ ယခင်က အမျိုးသမီးများသာ လူကုန်ကူးခြင်းခံရသော်လည်း ယခုအခါ အမျိုးသားများပါ လူကုန်ကူးခြင်းခံရမှုများပြားလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အမျိုးသားအများစုသည် ကျားဖောင်များပေါ်တွင် လူကုန်ကူးခံရကြောင်း၊ တရုတ်နိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ခြင်းကြောင့် လူကုန်ကူးမှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ အမျိုးသမီးအများစုမှာ အဓမ္မလက်ထပ်ခြင်းခံရကြောင်း၊ လူကုန်ကူးခံရသူများထဲတွင် မြန်မာနိုင်ငံ အလယ်ပိုင်း ခြောက်သွေ့ဒေသများတွင် နေထိုင်သူများ အများအပြား ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရာတွင် နောက်ဆက်တွဲစောင့်ရှောက်မှုသည် အရေးကြီးပါကြောင်း၊ လူကုန်ကူးခံရသူသာမက ၎င်းတို့၏ မိသားစုဝင်များကိုပါ Counselling ပြုလုပ်ပေးရန်လိုအပ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများသည်လည်း များစွာအရေးကြီးကြောင်း ဆွေးနွေးသည်။

### ဆွေးနွေးညှိနှိုင်း

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူက " လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်" ပါ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အဖြူကို မည်းသူအနက်ဆိုးသနည်း

– – လူနာတစ်ဦး – –

**ပထမဦးစွာ ဤခေါင်းစဉ်သည် စာရေးဆရာ မင်းကျော်၏ နာမည်ကျော်ကြားခဲ့သော စာအုပ်၏ အမည်ကို ရယူထားခြင်းဖြစ်ပါကြောင်း ဝန်ခံလျက် ထိုသို့ သုံးစွဲခွင့်ပြုပါရန်လည်း သက်ဆိုင်သူအား မေတ္တာရပ်ခံအပ်ပါသည်။**

ဤခေါင်းစဉ်ကိုမှ ရွေးချယ်မိခဲ့ခြင်းမှာလည်း ယခုအခါတွင် အဖြူရောင်နှလုံးသားများ ရုတ်ခြည်း မည်းညစ်သွားကြခြင်းကြောင့် တိုင်းပြည်အတွက် ကြေကွဲဖွယ်ရာ နစ်နာဆုံးရှုံးခဲ့ရသည်ကို တွေ့မြင်နေရရာမှ အတွေးရမိခဲ့ခြင်း ဖြစ်ပါလေသည်။

**"နဂိုက ဖြူစင်ခဲ့သော နှလုံးသားပိုင်ရှင် နိုင်ငံ့ဝန်ထမ်း ဆရာဝန်များကို သမားသစ္စာဖောက်ဖျက်၊ ကျင့်ဝတ်သိက္ခာမဲ့စွာဖြင့် ပြည်သူတို့၏အသက်ကို မျက်ကွယ်ပြုသွားကြရလောက်အောင် မည်းသည့်အရာကများ ဖျက်ဆီးပစ်ခဲ့ပါသနည်းဟုတွေးကာ အံ့သြဝမ်းနည်းခြင်းကြီးစွာလည်း ဖြစ်မိ"**

### မှတ်မှတ်သားသားသတိထားမိ

ဝတ်စုံအဖြူနှင့် အဖြူရောင်နှလုံးသားပိုင်ရှင်များကို မှတ်မှတ်သားသားသတိထားမိခဲ့သည်မှာ လွန်ခဲ့သည့် ၁၀နှစ်ကျော်ခန့်က ဖြစ်သည်။ ထိုစဉ်က ပြည်သူလူထုအားထားယုံကြည်ရသည့် ကျန်းမာရေးစနစ်ကြီး ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက် ပြုလုပ်ခဲ့သည်။ ကျန်းမာရေးဘတ်ဂျက်ကို အလုံးအရင်းဖြင့်တိုးမြှင့်သုံးစွဲကာ ပြည်သူ့ဆေးရုံများတွင် ဆေးဝါးအလုံအလောက်ရရှိအောင် ဖြည့်တင်းပေးသည်။ အခြေခံအဆောက်အအုံများ ခေတ်မီစက်ပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများ၏ ဝန်ဆောင်မှုကိုလည်း အထူးကြပ်မတ်ပေးခဲ့သည်။ အကျိုးဆက်အနေဖြင့် ပြည်သူလူထုက ပြည်သူ့ဆေးရုံများကို အားကိုးအားထားပြုကာ စုပြုံရောက်ရှိ ကုသမှုခံယူလာခဲ့ကြသည်။ ဤတွင် ဆရာဝန်၊ သူနာပြုနှင့် ဆေးဝန်ထမ်းများအတွက် လုပ်ငန်းဝန်ထုပ်ဝန်ပိုး အဆမတန်ကြီးမားလာခဲ့ပြန်သည်။

ထိုသို့သော ကာလတွင် ကျွန်တော်၏အိမ်သူမှာ ကင်ဆာရောဂါဖြစ်ပွားခဲ့သည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူခဲ့ရ၏။ ခွဲစိတ်ကုသမှု နှစ်ကြိမ်၊ ကင်ဆာဆေးသွင်းမှု (chemotherapy)၊ ဓာတ်ရောင်ခြည် ဓာတ်မှန်စစ်ဆေးမှု (PET CT Scan)၊ ရေဒီယို ဓာတ်ရောင်ခြည်ဖြင့် ကုသမှု (Radiotherapy) စသည့် ကုသမှုများစွာကို နိုင်ငံပိုင်ဆေးရုံကြီးများ၌ပင် အဆင့်မီမီ အခမဲ့ကုသခွင့်ရရှိခဲ့သည်။ လိုအပ်သည့် ဆေးဝါးအများစုကိုလည်း နိုင်ငံတော်က အခမဲ့ထုတ်ပေးခဲ့ပြီး ဆေးရုံကြီးများတွင် မရှိသည့် ဆေးအချို့ကိုသာ ပြင်ပမှဝယ်ယူခဲ့ရသည်။ သို့တိုင်အောင် ဇနီးဖြစ်သူမှာ လူမှုဖူလုံရေးအစီအစဉ်တွင် ပါဝင်ထားသည့် အစိုးရဝန်ထမ်းဖြစ်သဖြင့် ဆရာဝန်ထောက်ခံချက်ဖြင့် ပြင်ပမှဝယ်ယူသည့် ဆေးဖိုးအများစုကို လူမှုဖူလုံရေးအဖွဲ့က ပြန်လည်ထုတ်ပေးခဲ့သောကြောင့် အကုန်အကျများစွာ သက်သာခဲ့ရပါသည်။

### တက်ကြွမှုနှင့် စေတနာများ

သို့သော် ဤနေရာ၌ အထူးပြုပြောကြားလိုသည်မှာ ထိုစဉ်က ဆေးရုံဝန်ထမ်းများ၏ စေတနာနှင့် တက်ကြွဖော်ရွေသော ဝန်ဆောင်မှုပင်ဖြစ်၏။ အထူးသဖြင့် ဝတ်စုံဖြူများနှင့် လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန် လူငယ်များ၊ သူနာပြုဆရာမများနှင့် အမြဲထိတွေ့နေရသည်ဖြစ်ရာ သူတို့၏ တက်ကြွမှုနှင့် စေတနာများကို ကိုယ်တိုင်သိရှိခံစားခဲ့ရသည်။ အယုတ်အလတ်အမြတ်မရွေး၊ လူနာများကို မကြာခဏ လာရောက်သွေးတိုင်းခြင်း၊ လိုအပ်လျှင် သွေးဖောက်ခြင်း၊ အပူချိန်တိုင်းခြင်းများကို ဆရာဝန်ကလေးများ ကိုယ်တိုင်လုပ်ဆောင်ကြသည်။ သူနာပြုဆရာမများမှအစ သန့်ရှင်းရေးဝန်ထမ်းများ အဆုံး၊ အချိန်ပြည့် အလုပ်ရှုပ်နေကြသော်လည်း ပင်ပန်းဟန်မပြ၊ စိတ်ရှုပ်ပုံမရ၊ အလုပ်ကို ဇယ်ဆက်သလို လုပ်နေကြသည်ကို တွေ့ရသည်။ သူတို့၏ စေတနာကို ကျေးဇူးတင်၍ မုန့်များ၊ သစ်သီးများ သွားရ၍ ပေးသည့်တိုင် မယူကြ။ ယဉ်ကျေးစွာ ငြင်းပယ်ကြသည်။

ကျွန်တော် ပုဂ္ဂလိကဆေးရုံကြီးများတွင် ဆေးရုံတက်ဖူးသလို၊ လူနာရှင်အဖြစ်လည်း ရောက်ခဲ့ဖူးပါသည်။ အစစအရာရာ ငွေကြေးဖြင့်သာ ဝန်ဆောင်မှု ရယူရသည်။ သို့တိုင်အောင် တက်ကြွမှုနှင့် စေတနာက ထိုစဉ်က ပြည်သူ့ဆေးရုံ မှ ကျန်းမာရေး ဝန်ထမ်းများနှင့် ကွာလှသည်ကို သတိထားမိပါသည်။ ပြည်သူ့ဆေးရုံမှ ဝတ်စုံဖြူကလေးများနှင့် အဖြူရောင်နှလုံးသားပိုင်ရှင်များကို ထိုစဉ်ကတည်းက မှတ်မှတ်ရရ ရှိနေမိသည်။

### မြတ်နိုးမှုနှင့် စေတနာ

နောက်တစ်ကြိမ်ကတော့ အစ်ကိုကြီးကဲ့သို့ ချစ်ခင်လေးစားရသူတစ်ဦးနှင့် ပတ်သက်၍ ဖြစ်သည်။ ယင်းအစ်ကိုကြီး၏ ဇနီးသည်မှာ ဆရာဝန်မကြီးတစ်ဦးဖြစ်၍ သားသမီးသုံးဦးလုံးမှာလည်း ဆရာဝန်များဖြစ်ကြသည်။ တစ်နေ့တွင် သူတို့မိသားစုအိမ်သို့ ဆွမ်းကျွေးအလှူသွားရာ၌ သားအငယ်ဆုံး အလုပ်သင်ဆရာဝန်ကို မတွေ့သည့်အတွက် မေးကြည့်ရာ "ဆေးရုံကြီးအရေးပေါ်မှာ သူ့ကောင်မလေးက ဒီနေ့ဂျူတီကျတာ၊ အလုပ်တွေများလွန်းလို့ လူမနိုင်တာနဲ့ သူ့ကိုလှမ်းခေါ်လို့ စစ်ကူလိုက်သွားတယ်။ သူက မနေ့ကမှ ဂျူတီထွက်လာတာလေ။ ဒီလိုပါပဲ။ လူနာအင်အားနဲ့ ဆရာဝန်အင်အားက မမျှတော့ အားလုံးဝိုင်းလုပ်နေကြရတယ်"ဟု သူက ဖြေသည်။ နေ့မအား၊ ညမနား အလုပ်များနေကြသည့်အကြားမှ အလုပ်ကို ခင်တွယ်၍ တက်ကြွစွာ ဝိုင်းဝန်းလုပ်ကိုင်နေကြခြင်းမှာ ဤလုပ်ငန်းခွင်အပေါ် သူတို့ထားရှိသည့် မြတ်နိုးမှုနှင့် စေတနာကို ညွှန်ပြနေခြင်းပင်ဖြစ်၏။

ပြီးခဲ့သည့်နှစ်မှစ၍ ကိုဗစ်–၁၉ကပ်ရောဂါဆိုးကြီး နိုင်ငံအတွင်းဝင်ရောက်နှိပ်စက်ချိန်တွင် လူအင်အား၊ ပစ္စည်းအင်အားချို့တဲ့သည့်ကြားမှ အတက်ကြွဆုံး၊ အပင်ပန်းဆုံး လုပ်အားပေးခဲ့ကြသူများမှာလည်း သူတို့ပင် ဖြစ်၏။ PPE ဝတ်စုံ တဖားဖားအောက်မှ ချွေးတလုံးလုံးဖြင့် တစ်နေကုန် ပြေးလွှားလုပ်ကိုင်၊ ပင်ပန်းသည့်ကြားမှ မိသားစုကိုင့်ကာ အိမ်မပြန်နိုင်ဘဲ ဖြစ်သလိုနေထိုင်စားသောက်ခဲ့ကြသူများ၊ နေ့စဉ်အန္တရာယ်သေမင်းကို ရှေ့တန်းမှ ရင်ဆိုင်နေကြရသူများ၊ အထူးလေးစားချီးမွမ်းထိုက်သူများအဖြစ် ပြည်သူလူထုက အသိအမှတ်ပြုခဲ့ကြသည်။

ယခုသော်ကား…

ယင်းဖြူစင်တက်ကြွသည့် နှလုံးသားပိုင်ရှင်များသည်–

ဆရာဝန်ဘဝသို့ ရောက်ရှိစဉ်က ဆိုခဲ့ကြသည့် ဟစ်ပိုကရေးတီး၏ သမားသစ္စာကို မျက်ကွယ်ပြုလျက်–

"လူတို့၏ အသက်ကို မိမိ၏ အသက်သဖွယ် သဘောထား၍ ပြုစုကုသကယ်တင်" ရမည့် ခံယူချက်နှင့် သမားကျင့်ဝတ် ကို ဆန့်ကျင်ဖီဆန်ကာ၊

ဆေးရုံကိုပိတ်၊ အားကိုးတကြီး လာရောက်ကုသကြသော ပြည်သူတို့၏ အသက်များစွာကို ဘေးချိတ်လျစ်လျူရှုကာ ထွက်ခွာသွားခဲ့ကြလေသည်။

သမားအစစ်တို့၏ နှလုံးသားဖြင့် လူနာများကို ပစ်မထားနိုင်ဘဲ ကုသပေးသည့် စေတနာသမားတော်များကိုမူ သစ္စာဖောက်၊ ဒလန်ဟု စွပ်စွဲကာ အချင်းချင်းပြစ်တင်ရှုတ်ချ ဖိနှိပ်ခဲ့ကြသလို ဆူပူသူ အစွန်းရောက်တို့ကခဲများ၊ ပုလင်းများ၊ ဖိနပ်များဖြင့် ပစ်ပေါက်ဆဲဆိုမှုများနှင့်လည်း ရင်ဆိုင်တွေ့ကြုံခဲ့ကြရသည်။

### တစ်ဘို့တည်းသာကြည့်

တစ်ဘို့တည်းသာ ကြည့်တတ်သည့် အသပြာသမားတော်များကမူ မိမိတို့တာဝန်ကျရာ ပြည်သူ့ဆေးရုံများကို စွန့်ခွာ၍ CDM သူရဲကောင်းကြီးများ ဟူသောဘွဲ့ကို ခံယူရင်း ပုဂ္ဂလိက ဆေးရုံဆေးခန်းများ၌ အချိန်ပြည့် မိန့်မိန့်ကြီး ဆေးခန်းထိုင်ကာ ငွေရှာ၍ ကောင်းနေခဲ့ကြသည်။ ယခင်က အထူးကုဆရာဝန်ကြီးများကို တစ်ရက်လျှင် နာရီအနည်းငယ်မျှသာထားရှိနိုင်သည့် ပုဂ္ဂလိက ဆေးရုံဆေးခန်းများသည်လည်း ပြည်သူ့ဆေးရုံပိတ်ထား၍ အချိန်ပြည့် လာထိုင်ပေးကြသော အထူးကုများနှင့် ဆေးရုံပိတ်ထားသော်လည်း အသက်အသေမခံနိုင်၍ ရှိစုမဲ့စု ပေါင်နှံရောင်းချ ငွေရှာကာ ပုဂ္ဂလိကဆေးရုံဆေးခန်းများသို့ ပြေးလာကြရသည့် အသည်းအသန်လူနာဈေးကွက်က ကြီးမားလာမှုတို့ ပေါင်းစပ်ကာ ဟန်အကျကြီး ကျနေခဲ့ကြပြန်သည်။

ပြည်သူ့ဆေးရုံကလည်း ပိတ်၊ အပြင်ဆေးရုံဆေးခန်းသွားရန်လည်း မည်သို့မျှ မတတ်နိုင်ရှာကြသည့် ဆင်းရဲသားပြည်သူတို့မှာမူ မျက်ရည်စက်လက်ဖြင့် အလောင်းပိုက်၍ ရှာပြန်ကြရသည်။

နောက်ဆုံးမတော့ ပြည်သူတွေ ဒုက္ခရောက်ချင်းမလှ ဒုက္ခရောက်နေကြရသည်ကို ကြည့်မနေနိုင်တော့သော တပ်မတော်က စစ်ဆေးရုံများတွင် ပြည်သူလူထု လူနာများကို လက်ခံကုသပေးခဲ့ရသည်။ "စစ်ခွေးများ" ဟု ပြည်တွင်းမှ ဆန့်ကျင်မုန်းတီးသူများက ဆဲဆိုမှု၊ "ရက်စက်ယုတ်မာသည့် လူသတ်ကောင်များ" ဟူ၍ ပြည်ပမီဒီယာနှင့် အဖွဲ့အစည်းများက စွပ်စွဲမှုတို့ကို အပြုံးမပျက် ရင်ဆိုင်လျက်မှပင် ပြည်သူပေါင်း တစ်သိန်းခွဲခန့်ကို ပြင်ပလူနာအဖြစ် ကုသပေးခဲ့သည်။ အတွင်းလူနာ ၄၀၀၀၀ ကျော်ကို ဆေးရုံတင်ကုသပေးခဲ့သည်။ ကလေးငယ်ပေါင်း ၉၀၀၀ ကျော်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့သည်။ ပြည်သူတို့၏ အသက်ထောင်သောင်းချီ၍ ကယ်တင်ပေးခဲ့သည်ဟုဆိုလျှင် မှားအံ့မထင်။

### လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်

စင်စစ်၌ တပ်မတော်ဆေးရုံများမှာ တပ်မတော်သားများနှင့် မိသားစုဝင်များကို ပြုစုကုသပေးရန်အတွက်သာ လုံလောက်သော အင်အားနှင့် ဆေးဝါး၊ ပစ္စည်းကိရိယာများရှိကြသည်။ သို့သော် တိုင်းပြည်အတွက် အရေးပေါ်လိုအပ်လာသောအခါ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ကုသရေးနှင့် ကာကွယ်ဆေးထိုးရေးလုပ်ငန်းများတွင် အင်အားကို ဖွဲ့ထုတ်၍ ပါဝင်လုပ်အားပေးခဲ့ကြသည်။ ယခင်ကလည်း ဝေးလံခေါင်ဖျား၍ အရပ်ဘက်ဆရာဝန်များ မသွားလိုကြသော တောင်ပေါ်ဒေသများသို့ သွားရောက်၍ တာဝန်ထမ်းဆောင်ပေးခဲ့ကြသည်။ ယခုလည်း အားကိုးရာမဲ့ ပြည်သူများကို ပစ်မထားနိုင်သည့်အတွက် မအားမလပ်သည့်ကြားမှပင် တာဝန်များကို နှစ်ဆတိုးခွဲဝေကာ နားရက်မရှိ လုပ်ကိုင်နေကြရသည်။ တပ်မတော်ဆေးရုံကြီးများမှ ကျောက်ကပ်ဆေးစက်များမှာ ၂၄ နာရီ၊ ခုနစ်ရက်ပတ်လုံးလည်ပတ်ပေးနေကြရသည့်ကြားမှပင် ကျောက်ကပ်ဆေးရန် အလှည့်မရ၍ ဆီးဆိပ်တက်ကာ ဆုံးပါးသွားကြရသည့် လူနာများစွာရှိခဲ့သည်။ ခွဲစိတ်ခန်းများမှာခွဲစိတ်မည့်လူနာများ တွန်းလှည်းများပေါ်တွင် တန်းစီ၍ စောင့်နေကြရသည်။ ဆေးရုံဝင်ပေါက်သစ်ပင်ရိပ်များတွင် ကျေးလက်ဒေသမှ လူနာလာပို့သည့် ပြည်သူများဖြင့် ပြည့်နှက်နေသည်။ ထော်လာဂျီ၊ သုံးဘီး၊ ဆိုင်ကယ်၊ ဆိုက်ကား စသည့် ရရာနည်းဖြင့် လူနာတင်ဆောင်လာသည့် ယာဉ်ပေါင်းစုံမှာလည်း လမ်းနံဘေးတစ်လျှောက် ပျားပန်းခပ်မျှ ရှုပ်ထွေးလျက်။ တပ်မတော်ဆေးရုံများက ရှိသမျှဆေးဝါး၊ ရှိသမျှဘတ်ဂျက်များဖြင့် လူနာတို့၏ ဆေးဝါးကုသရေး၊ ကျွေးမွေးရေးတို့ကို စီစဉ်ပေးနေသည့်နည်းတူ ရပ်ဝေးမှ လာကြသည့် လူနာရှင်၊ လူနာစောင့်များ၏ နေထိုင်ရေးနှင့် စားသောက်ရေးတို့ကိုပါ ကူညီဆောင်ရွက်ပေးနေကြရသည်။ မလိုသူများနှင့် ဘက်လိုက်မီဒီယာများက အသိအမှတ်မပြုဖုံးဖိထားကြသည့်တိုင် တပ်မတော်ဆေးရုံများကြောင့် အသက်ဘေးမှ လွတ်ကင်းခဲ့ကြရသည့် အရိုးခံပြည်သူများကတော့ ရင်ထဲအသည်းထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြပါလိမ့်မည်။

အခြားတစ်ဖက်တွင်လည်း ပြည်သူ့အခွန်ငွေများဖြင့် တည်ဆောက်ထူထောင်ထားသည့် ဆေးကျောင်းများတွင် တက်ရောက်သင်ကြားခဲ့၍ ပြည်သူ့ဘဏ္ဍာဖြင့်ပေးသည့် လစာများကို ရယူကာ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပါလျက် ပြည်သူတို့၏ အသက်များ၊ သေရေး ရှင်ရေးကိစ္စများကို သိသိကြီးနှင့် မျက်ကွယ်ပြုလျက် သေမင်း၏လက်သို့ ဝကွက်၍ အပ်နှံရက်သူများကိုမူ ဆေးရုံတံခါးဝမှ အလောင်းပိုက်လျက် မျက်ရည်စက်လက်ဖြင့်

*စာမျက်နှာ ၇ သို့*

## တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၁၅/၂၀၂၁
၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်စုစုဝင်း | စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် |
| (၂) | ဒေါ်အေးအေးသန်း | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ




## နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာရှိ ကေ ၂၀၀ တောင်သူပညာပေး စံပြစိုက်ကွင်းနှင့် ပျဉ်းမနားမြို့နယ်ရှိ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

နေပြည်တော် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာရှိကေ ၂၀၀ တောင်သူပညာပေး စံပြစိုက်ကွင်းအတွင်း နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက သွားရောက်ပြီး ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တောင်သူပညာပေး စံပြစိုက်ကွင်း ရှင်းလင်းဆောင်တွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦးက ကေ ၂၀၀ တောင်သူပညာပေးစံပြစိုက်ကွင်းအတွင်း နွေစပါးစိုက်ပျိုးထားမှု အခြေအနေများ၊ နှစ်စဉ်ပုံမှန်သီးနှံများစိုက်ပျိုးနေမှုအခြေအနေများနှင့် လယ်ယာကဏ္ဍဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို နည်းပညာစနစ်ဖြင့် ပိုမိုတိုးတက်အောင် အဆင့်မြှင့်တင်ဆောင်ရွက်စေလိုကြောင်း၊ တောင်သူများအား လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်သည့် ပညာပေးသင်တန်းများဖွင့်လှစ်ပြီး သင်ကြားပေးစေလိုကြောင်း၊ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားဆောင်ရွက်ကြရန်၊ သီးနှံများအထွက်နှုန်းကောင်းမွန်စေရေးအတွက် အထူးအလေးထားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူများက လိုအပ်ချက်များကို အသီးသီးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကေ ၂၀၀ တောင်သူပညာပေးစံပြစိုက်ကွင်းအတွင်း နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့်တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ်အတွင်းရှိ MAPCO (မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်)သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံ ဦးလှစိုးက စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ဓာတ်မြေဩဇာရောင်းချမှု၊ ဆန်စက်လုပ်ငန်းဆောင်ရွက်နေမှု(**အပေါ်ပုံ**)နှင့် စက်ရုံအတွင်း လုပ်ငန်းများလည်ပတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မေ ၂၀**

COVID-19 ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးကာလများအတွင်း ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် အခြားဘာသာများအလိုက် ဘာသာရေးကျောင်းများအား ခေတ္တပိတ်ထားခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို COVD-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ပြန်လည်ဖွင့်လှစ်ပေးခဲ့သဖြင့် ယနေ့တွင် ဗုဒ္ဓဘာသာဘုရား၊ စေတီ၊ ကျောင်းကန်များတွင် ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက စည်ကားသိုက်မြိုက်စွာ ကုသိုလ်ယူ ဖူးမြော်ကြည်ညိုလျက် ရှိကြသည်။

အလားတူ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာဝင်များ၏ ဘာသာအလိုက် ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင်လည်း သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ပြန်ခဲ့ကြရသူများက အလွယ်တကူ မေ့ပျောက်ခွင့်လွှတ်နိုင်ကြပါမည်လော။

ကျွန်တော်ကိုယ်တိုင်လည်း အသည်းအသန် ဝေဒနာခံစားရချိန်၌ အရပ်ဘက်ပြည်သူ့ဆေးရုံများ CDM လုပ်နေကြချိန်တွင် တပ်မတော်ဆေးရုံက ခွဲစိတ်ကုသပေးခဲ့သဖြင့် ကျောက်ကပ်တစ်လုံး ဆုံးရှုံးရမည့်အရေးမှ လွတ်မြောက်ခဲ့ရသည့် လူနာတစ်ဦးဖြစ်သည့်အတွက် ကိုယ်တွေ့ခံစားချက်ဖြင့် ဤစာကို ရေးမိခြင်းဖြစ်ပါ၏။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း နဂိုကဖြူစင်ခဲ့သော နှလုံးသားပိုင်ရှင် နိုင်ငံ့ဝန်ထမ်း ဆရာဝန်များကို သမားသစ္စာဖောက်ဖျက်၊ ကျင့်ဝတ်သိက္ခာမဲ့စွာဖြင့် ပြည်သူတို့၏အသက်ကို မျက်ကွယ်ပြုသွားကြရလောက်အောင် မည်သည့်အရာကများ ဖျက်ဆီးပစ်ခဲ့ပါသနည်းဟုတွေးကာ အံ့သြဝမ်းနည်းခြင်းကြီးစွာလည်း ဖြစ်မိပါ၏။

### အဖြေမရှာတတ်အောင်ဖြစ်နေ

အတန်းပညာအားဖြင့် ၁၇ တန်းအထိ အနည်းဆုံးသင်ယူခဲ့ကာ စာတွေ့၊ လက်တွေ့များစွာဖြင့် လေ့ကျင့်မှုခံယူခဲ့ရသော နိုင်ငံတွင် အတော်ဆုံး၊ အထူးချွန်ဆုံးဟု သတ်မှတ်ယူဆခံထားကြရသည့် ပညာတတ်များက အတန်းပညာအနည်းငယ်မျှသာ တတ်သော်လည်း ပြည်သူတို့၏နေ့စဉ်နေထိုင်မှုဘဝ အဆင်ပြေစေရေးအတွက် CDM မလုပ်ဘဲ အမှိုက်သိမ်း၊ ရေပေး၊ လျှပ်စစ်မီးလင်းရေးလုပ်ဆောင်ပေးနေကြသည့် အောက်ခြေဝန်ထမ်းငယ်များ၊ ယုတ်စွအဆုံး သုသာန်မီးသင်္ဂြိုဟ်စက်များမှ စည်ပင်လုပ်သားများလောက်မှပင် မိမိ၏ လုပ်ငန်းတာဝန်ကို သစ္စာမရှိ၊ တန်ဖိုးမထား၊ ပြည်သူတို့၏အသက်များ၊ မိမိတို့ လက်တွင်း၌ ရှိနေပါလားဟုပင် စိတ်၌အမှတ်မထားတော့ဘဲ ပစ်ပယ်ရလောက်အောင် CDM ဆိုသည့် မကောင်းဆိုးဝါးမိစ္ဆာကြီးက မည်မျှလောက်ဖမ်းစားနိုင်ခဲ့ရသည်ကို အဖြေမရှာတတ်အောင် ဖြစ်နေမိသည်။

သူတို့ပြောသည့် Civil Disobedience Movement –CDM ဆိုရာတွင် ကျွန်တော်နားလည်သည့် Civil ဟူသော အင်္ဂလိပ်စကားလုံးမှာ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ဆိုင်သည်။ မြို့ပြနေလူယဉ်ကျေးများနှင့် ဆိုင်သည်။ Disobedience ကတော့ အမိန့်မနာခံခြင်း၊ ကျင့်ဝတ်မလိုက်နာခြင်း၊ စည်းကမ်းဖောက်ခြင်းတို့နှင့် ဆိုင်သည်ဟု နားလည်သည်။ ယဉ်ကျေးသည်ဟုဆိုခြင်းမှာ လူ့အဖွဲ့အစည်း၏ ထုံးတမ်းစဉ်လာ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကြမှသာ ဖြစ်နိုင်သည်။ ကျင့်ဝတ်ဖောက်ဖျက်သော ဆရာဝန်များ ရက်စက်သော နှလုံးသားနှင့် ဆရာဝန်များသည် ယဉ်ကျေးပါသလော၊ Civilize ဖြစ်ပါသလောဟု မိမိတို့ကိုယ်ကိုယ် မိမိတို့ မေးကြည့်ကြစေလိုသည်။

### ဆရာဝန်ကြီးများ သိစေချင်

ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆရာဝန်၊ ဆရာမများကို အသက်သခင်ကျေးဇူးရှင်များဟု သတ်မှတ်ကာ အထူးပင် ရှိသေလေးစားတန်ဖိုးထားကြသည်။ အခြားနိုင်ငံများကဲ့သို့ ဆရာဝန်ကို လူနာက တရားပြန်စွဲမှုမျိုး မရှိသလောက်ရှားလှသည်။ မလွဲသာ၍ ကွယ်လွန်သွားသည့်တိုင် နောက်ဆုံးအချိန်အထိ အစွမ်းကုန်ပြုစုကုသပေးခဲ့ကြသော ဆရာဝန်ကြီးများ အထူးကျေးဇူးတင်ပါကြောင်း သတင်းစာတွင် ကြော်ငြာထည့်သွင်းရာ၌ ရေးသားဖော်ပြလေ့ရှိကြသည်။ ဆရာဝန်ကြီးများက ယခုကဲ့သို့ လူနာများ၏ အသက်ထက် CDM ဆိုတာကြီးကို ပို၍တန်ဖိုးထားသွားခဲ့ကြမှုကိုတော့ ကျွန်တော်တို့ ပြည်သူလူထုကြီးက နားမလည်နိုင်ဘဲ ယူကျုံးမရဖြစ်နေကြရသည်ကို ဆရာဝန်ကြီးများ သိစေချင်ပါသည်။

ယခုအခါ CDM တွင် တက်ကြွစွာပါဝင်ခဲ့ကြသည့် ဆရာဝန်များအား သက်ဆိုင်ရာဥပဒေအရ အရေးယူနေသည်ကို ကြားသိမြင်တွေ့ရသောအခါ စိတ်မကောင်းဖြစ်မိသည်။ မဖြစ်နိုင်သည့် ကိစ္စတစ်ခုကို ယုံစားမိသည့်အတွက် ဘဝအခြေပျက်သွားကြရသော ကာယကံရှင်များအတွက်လည်း စိတ်မကောင်းဖြစ်မိသလို မိမိတို့၏သားသမီးများ ဆရာဝန်ဖြစ်အောင် ဘဝနှင့်ရင်း၍ ပျိုးထောင်ပေးခဲ့ကြသော သူတို့၏ မိဘများ မည်မျှရင်ကျိုးလိုက်မည်နည်းဟု တွေးလျက်လည်း စိတ်မကောင်းခြင်းဖြစ်မိသည်။ ထိုထက်ပို၍ နိုင်ငံတော်က အချိန်များစွာ၊ ငွေများစွာ အကုန်အကျခံကာ ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့ရသော ဆရာဝန်လူ့အရင်းအမြစ်များ အဟောသိကံ ဖြစ်ကာ တစ်မျိုးသားလုံး၏ ဆုံးရှုံးမှု (National Loss) ကြီး ဖြစ်သွားခဲ့ရသည်ကိုတော့ ဝမ်းနည်းမဆုံး ပင်ဖြစ်တော့သည်။

CDM မိစ္ဆာဓာတ်ကြောင့် ညစ်နွမ်းခဲ့ကြသည့် နှလုံးသားပိုင်ရှင်များ ညစဉ်လိပ်ပြာလုံစွာ စိတ်နှလုံးသန့်သန့်ဖြင့် အိပ်ရာဝင်နိုင်အောင် မိမိတို့၏ စိတ်ဓာတ် အကျင့်သိက္ခာတို့ကို ပြန်လည်သန့်စင်လျှော်ဖွပ်နိုင်ပါစေ၊ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားခြင်းဖြင့် မိမိတို့၏ ဘဝများကို ပြန်လည်ပြင်ဆင်တည်ဆောက်နိုင်ကြပါစေဟုသာ ဆုမွန်တောင်းမိပါသည်။

# ဆန္ဒဖော်ထုတ်မှုများ၏ လားရာနှင့် နောက်ကွယ်မှအမှန်တရား

— မင်းခန့် —

**မြန်မာနိုင်ငံမှာ ပြည်သူလူထု အမှန်တကယ်လိုလားတောင့်တနေတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ထွန်းလာစေဖို့ တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့ပြီး နဝတ၊ နယက အစိုးရကနေ ပါတီစုံဒီမိုကရေစီစနစ် ဦးဆောင်ပြောင်းလဲပေးခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။**

အဲ့သလို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကာ ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲပေးခဲ့ပြီးနောက် ရွေးကောက်ခံအစိုးရ ၂ ရပ် ၁၀ နှစ်ကြာ အုပ်ချုပ်ခဲ့ကြရာမှာ ဒုတိယသက်တမ်း NLD ပါတီအစိုးရလက်ထက်မှာတော့ တစ်ပါတီအာဏာရှင်ဆန်ဆန်ဖြစ်ခဲ့ပြီး သူ့ပါတီ၊ သူ့အစိုးရအာဏာလက်မလွှတ်ရစေရေးအတွက် ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ မဲမသမာမှုအကြီးအကျယ်ပြုလုပ်ပြီး နိုင်ငံတော်အာဏာကို အတင်းအဓမ္မနည်းနဲ့ရယူဖို့ လုပ်ဆောင်ခဲ့တဲ့အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်က မလွဲမရှောင်သာ အာဏာထိန်းခဲ့ရတာ အားလုံးအသိဖြစ်ပါတယ်။ အဲ့သလို တပ်မတော်က အာဏာထိန်းခဲ့တာကို အာဏာသိမ်းတဲ့စစ်အစိုးရအဖြစ် ရှုမြင်စေရန် NLD ပါတီဝင်များနဲ့ ၎င်းပါတီအပေါ် ဝန်းရံသူများအချို့က လှုံ့ဆော်လုပ်ဆောင်ခဲ့တဲ့အတွက် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

ဆန္ဒပြမှုတွေကို လေ့လာကြည့်ရင် ပထမအဆင့်အနေဖြင့် ဖေဖော်ဝါရီလ ပထမ နှင့် ဒုတိယ သီတင်းပတ်အတွင်းမှာ အာဏာထိန်းတာကို မကြိုက်ကြတဲ့၊ တစ်နည်းအား ဖြင့် စစ်တပ်အုပ်ချုပ်မှုကို မလိုလားတဲ့ ပြည်သူအများအပြားက မိမိတို့ရဲ့သဘောထားများကို ထုတ်ဖော်ပြသတဲ့ ငြိမ်းချမ်းစွာဆန္ဒပြမှု (Peaceful Protest) ပြုလုပ်ခဲ့ကြပါတယ်။ ဒီအဆင့်မှာ စစ်အုပ်ချုပ်ရေးကို မလိုလားတဲ့ ပြည်သူလူထုလူတန်းစား ပေါင်းစုံဆန္ဒဖော်ထုတ်ခဲ့ကြတာ ဖြစ်ပါတယ်။ အုပ်ချုပ်သူနဲ့ ပြည်သူများအကြား အဓိကကွဲပြားချက်ကတော့ တပ်မတော်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထိန်းသိမ်းခြင်းဖြစ်ကြောင်း တရားဝင်ရှင်းလင်းပြောကြားခဲ့ပေမယ့် ပြည်သူအချို့ကတော့ အာဏာသိမ်းတဲ့ဖြစ်ရပ်လို့သာ သဘောပေါက်နားလည်ပြီး စစ်တပ်ရဲ့အုပ်ချုပ်မှုကို မလိုလားကြောင်း နိုင်ငံတစ်ဝန်း ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဖေဖော်ဝါရီလ တတိယသီတင်းပတ်မှစတင်ပြီး ယခင်ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေဟာ CDM လှုပ်ရှားမှုများ၊ CRPH အဖွဲ့ရဲ့ သွေးထိုးလှုံ့ဆော်မှုများ၊ ပြည်တွင်း/ပြည်ပ ဘေးပယောဂတွေကြောင့် လူစုလူဝေးနဲ့ဆူပူဆန္ဒပြမှု (Riot) အသွင် ဒုတိယအဆင့်ကို ကူးပြောင်းခဲ့ပါတယ်။ ဒီအဆင့်မှာတော့ NLD ပါတီဝင်များနဲ့ NLD ပါတီကို ဝန်းရံထောက်ခံအားပေးသူများဟာ စစ်တပ်အာဏာထိန်းမှုကို နားလည်လက်ခံခြင်းမပြုဘဲ အာဏာသိမ်းတဲ့အသွင် ပုံဖော်လှုံ့ဆော်ခဲ့ပြီး ၎င်းတို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေအရ COVID-19 ကပ်ရောဂါရဲ့ ကာလရှည်ကြာဖိစီးနှိပ်စက်မှုကြောင့် စိတ်ပင်ပန်းနွမ်းနယ်လျက်ရှိတဲ့ ပြည်သူလူထု၏ စိတ်ခံစားချက်ကို မြင့်တက်အောင်လုပ်ဆောင်ပြီး လူစုလူဝေးနဲ့ ဆူပူဆန္ဒပြမှုတွေ အရှိန်အဟုန်မြင့်တက်စေရန် ဖန်တီးလုပ်ဆောင်ခဲ့ ကြပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ ပြည်သူများအကြား အဓိကကွဲလွဲချက်ကတော့ လုံခြုံရေးတပ်ဖွဲ့ဝင်များက စိတ်ရှည်သည်းခံစွာဖြင့် အနိမ့်ဆုံးအဆင့်၊ အနည်းဆုံးအင်အားဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့တာကို တွေ့ရမှာဖြစ်ပြီး ဆန္ဒဖော်ထုတ်သူတွေကတော့ ငြိမ်းချမ်းစွာဆန္ဒပြမှုများမှတစ်ဆင့် လူစုလူဝေးဖြင့် ဆူပူဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားသူတွေက Gen Z လို့ခေါ်တဲ့ လူငယ်တွေကို ဆန္ဒပြမှုများ၌ ရှေ့တန်းမှာပါဝင်စေရေး အသုံးချလှုံ့ဆော်လုပ်ဆောင်လာခဲ့ကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ဖေဖော်ဝါရီလ စတုတ္ထသီတင်းပတ်အတွင်းမှာတော့ ဆန္ဒပြမှုတွေဟာ CDM လှုပ်ရှားမှုတွေနဲ့ပေါင်းစပ်ပြီး အစိုးရအုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းစေရေး ရည်ရွယ်ချက်နဲ့ အရှိန်မြှင့်လုပ်ဆောင်ခဲ့ရာမှ လူစုလူဝေးနဲ့ဆူပူဆန္ဒပြမှုအဆင့် (Riot) အသွင်မှ မင်းမဲ့စရိုက်ပုံစံ လူစုလူဝေးနဲ့ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob) အသွင် စတုတ္ထအဆင့်သို့ ပြောင်းလဲလာခဲ့ပါတယ်။ ဒီအဆင့်မှာ ငြိမ်းချမ်းစွာဆန္ဒပြလိုသူများ မပါဝင်တော့ဘဲ NLD ပါတီဝင်များနှင့် NLD ပါတီဝန်းရံထောက်ခံသူအစွန်းရောက်များက “ငါနှင့်မတူ ငါ့ရန်သူ” ဟု သဘောထားပြီး ဆူပူဆန္ဒပြမှုများကို မထောက်ခံသူတွေကို လူစုလူဝေးနဲ့ ဖမ်းဆီးအကြမ်းဖက်သတ်ဖြတ်ခြင်းအထိ လုပ်ဆောင်လာခဲ့ကြပါတယ်။ ကြေးစားလူမိုက်လူရမ်းကားတွေ၊ စိတ်ခံစားမှုမြင့်တက်လွယ်တဲ့ လူငယ်တွေကို သွေးထိုးမြှောက်ပင့်၍ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအပေါ် တုံ့ပြန်ရန်ပြုတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ ဆူပူအကြမ်းဖက်သူများရဲ့ ရန်ပြုတိုက်ခိုက်လာမှုတွေကို မလွဲမရှောင်သာ တားဆီးဖြိုခွင်းခဲ့ရာမှာ ထိခိုက်သေဆုံးမှုတချို့ ရှိလာခဲ့ပြီး အဲ့သလို ထိခိုက်သေဆုံးမှုတွေကို အကြောင်းပြုပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့ဖိနှိပ်သတ်ဖြတ်နေတယ်ဆိုတဲ့ ဝါဒဖြန့်မှုတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီဝါဒဖြန့်မှုတွေကို CRPH နဲ့ အခြားမြေပေါ်မြေအောက်အဖွဲ့အစည်းတွေ၊ တရားဝင်/တရားမဝင် မီဒီယာတွေနဲ့ လူမှုကွန်ရက်တွေက ဟန်ချက်ညီညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့ကြလို့ မသိနားမလည်တဲ့ ပြည်သူအချို့က ဝါဒဖြန့်မှုတွေကို ယုံကြည်ခဲ့ကြပါတယ်။ ဒါ့အပြင် လုံခြုံရေးတပ်ဖွဲ့တွေရဲ့ အကြောင်းမဲ့နှိပ်စက် သတ်ဖြတ်ခံနေရတဲ့ပြည်သူတွေကို ပြည်ပနိုင်ငံတွေက ဝင်ရောက်ကယ်တင်တော့မယ်ဆိုတဲ့ လုပ်ကြံဖန်တီးထားတဲ့ စိတ်ကူးယဉ်ဇာတ်လမ်းတွေကြောင့် ပြည်သူများအကြား R2P မျှော်ကိုးမှုများ မြင့်တက်ခဲ့ပါသေးတယ်။

R2P မျှော်လင့်ချက်နဲ့ အသုံးချခံနေရပြီး နိုင်ငံရေးအရောင်အသွေးမရှိတဲ့ Gen Z တွေ ထိခိုက်သေဆုံးမှုများ များပြားလာချိန်မှာ NLD အစွန်းရောက်တွေရဲ့ ကြိုးကိုင်ခြယ်လှယ်မှု၊ နောက်ကွယ်မှ ထောက်ပံ့မှုတွေနဲ့ အကြမ်းဖက်ဆူပူဆန္ဒပြမှုများ အရှိန်မြှင့်တက်လာခဲ့ပြီး Anarchy Mob မှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရရာလက်နက်များနဲ့ တုံ့ပြန်တိုက်ခိုက်တဲ့ Insurrection အဆင့်သို့ ကူးပြောင်းရောက်ရှိခဲ့ပါတယ်။ ဒီအဆင့်မှာ ပါဝင်လှုပ်ရှားသူတွေကတော့ NLD အစွန်းရောက်များ၊ အခကြေးငွေယူပြီး ဆောင်ရွက်တဲ့ ကြေးစားအကြမ်းဖက်သမားများ၊ မြို့ရွာအသီးသီးရှိ လူရမ်းကားများ ဖြစ်ပြီး ရရာလက်နက်စွဲကိုင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအပေါ် တုံ့ပြန်တိုက်ခိုက်မှုတွေ၊ စက်ရုံ/အလုပ်ရုံများ မီးရှို့ဖျက်ဆီးလုယက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ R2P မျှော်လင့်ချက် မှေးမှိန်လာတဲ့အချိန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဆီ ထွက်ပြေးပြီး ဖက်ဒရယ်

| အဆင့် | လှုပ်ရှားမှု | ရည်ရွယ်ချက် | ပါဝင်သူ |
|---|---|---|---|
| ပထမ အဆင့် | ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှု (Peaceful Protest) | စစ်အာဏာ ထိန်းမှု မလိုလား | လူတန်းစား ပေါင်းစုံ |
| ဒုတိယ အဆင့် | လူစုလူဝေး ဆူပူဆန္ဒပြမှု (Riot) | NLD အာဏာ ပြန်ရရေး | NLD ထောက်ခံ သူများ၊ နိုင်ငံရေး သမားများ၏ အသုံးချခံ လူငယ်များ၊ CDM ဝန်ထမ်းများ။ |
| တတိယ အဆင့် | လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက် ဆန္ဒပြမှု (Anarchy Mob) | အစိုးရယန္တရား ရပ်ဆိုင်းရေး | NLD ထောက်ခံ သူများ၊ အသုံး ချခံလူငယ်များ၊ အခကြေးငွေဖြင့် လုပ်ဆောင် သူများ။ |
| စတုတ္ထ အဆင့် | ရရာလက်နက်ဖြင့် တိုက်ခိုက်ခြင်း (Insurrection) | တရားဥပဒေအရ အရေးယူမခံရရေး၊ အစိုးရအုပ်ချုပ်မှု ယန္တရား ပျက်စီးရေး | NLD အစွန်းရောက် များ၊ ကြေးစား လူဆိုးလူမိုက် လူရမ်းကားများ၊ ဝရမ်းပြေးများ။ |
| ပဉ္စမ အဆင့် | အကြမ်းဖက် တိုက်ခိုက်ခြင်း (Terrorism) | အလုံးစုံ ပျက်သုဉ်းရေး | NLD အစွန်းရောက် များ၊ ကြေးစား လူဆိုးလူမိုက် လူရမ်းကား များ၊ ဝရမ်း ပြေးများ။ |

အာမီကြွေးကြော်သံနဲ့ စိတ်ကူးပုံဖော်ခဲ့ကြပါသေးတယ်။ အဓိကရည်မှန်းချက်ကတော့ အစိုးရရဲ့အုပ်ချုပ်မှုယန္တရား ရပ်ဆိုင်းစေရေးအတွက် ဆူပူအကြမ်းဖက်ဆန္ဒပြမှုတွေကို လက်နက်ကိုင်ပုန်ကန်ထကြွမှုအသွင် အဆင်အခြင်မဲ့ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။

ဆူပူဆန္ဒပြသူများဟာ မတ်လ ၂၇ ရက် ပြည်သူ့တော်လှန်ရေးနေ့ဟု သတ်မှတ်ပြီး တစ်နိုင်ငံလုံးအနှံ့ ရဲစခန်းများအား လက်လုပ်သေနတ်များ၊ လက်လုပ်ဗုံးနှင့် လက်ပစ်ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ကြပြီး ဧပြီလ လဆန်းမှစတင်ကာ အုပ်ချုပ်ရေးမှူးရုံးများ၊ စာသင်ကျောင်းများ၊ မော်တော်ယာဉ်လိုင်းများ၊ တပ်မတော်ပိုင်စီးပွားရေးလုပ်ငန်းများကို မီးရှို့ဖျက်ဆီးခြင်းစတဲ့ အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်လာခဲ့ကြပါတယ်။ ဒီအဆင့်မှာတော့ NLD အစွန်းရောက်များရဲ့ ဦးဆောင်ပါဝင်မှု၊ သွေးထိုးမြှောက်ပင့်ပေးမှုဖြင့် Insurrection အဆင့်မှ Terrorism အဆင့်သို့ ကူးပြောင်းလုပ်ဆောင်လာလျက်ရှိတာ တွေ့မြင်ရပါတယ်။

ဒါကြောင့် ဒီမိုကရေစီအရေး ငြိမ်းချမ်းစွာ ဆန္ဒပြမှုများဟာ နိုင်ငံတော်အစိုးရ ယန္တရားဖျက်ဆီးလိုသူ ပြည်တွင်း/ပြည်ပ သစ္စာဖောက်များရဲ့လုပ်ရပ်ကြောင့် Insurrection အဆင့်မှ Terrorism အဆင့်သို့ရောက်ရှိလာခဲ့ပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုတဲ့ ပြည်သူတွေကို စိုးရိမ်ထိတ်လန့်မှုများ ဖြစ်စေလျက်ရှိတာ တွေ့မြင်ရပါတယ်။

ဖြစ်ပေါ်ခဲ့တဲ့ ဆူပူမှုအဆင့်များကို လေ့လာကြည့်မယ်ဆိုရင် အောက်ပါဇယားအတိုင်း အဆင့်ဆင့်အသွင်ပြောင်းလဲလာတာ တွေ့ရမှာဖြစ်ပါတယ်-

ဒီလှုပ်ရှားမှုအဆင့်တွေကို ကြည့်မယ်ဆိုရင် တတိယအဆင့် Anarchy Mob မှ စတင်ပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုတဲ့ ပြည်သူတွေက ဆန္ဒပြမှုများမှာ ပါဝင်ခြင်းမရှိတော့သလို ခြိမ်းခြောက်အကျပ်ကိုင်မှုကြောင့် လိုက်ပါလုပ်ဆောင်မှုတွေလည်း မရှိတော့တဲ့အတွက် ဆန္ဒပြသူအင်အားများ

*စာမျက်နှာ ၉ သို့*

**“ဆူပူဆန္ဒပြသူများဟာ မတ်လ ၂၇ ရက် ပြည်သူ့တော်လှန်ရေးနေ့ဟု သတ်မှတ်ပြီး တစ်နိုင်ငံလုံးအနှံ့ ရဲစခန်းများအား လက်လုပ်သေနတ်များ၊ လက်လုပ်ဗုံးနှင့် လက်ပစ်ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ကြပြီး ဧပြီလ လဆန်းမှစတင်ကာ အုပ်ချုပ်ရေးမှူးရုံးများ၊ စာသင်ကျောင်းများ၊ မော်တော်ယာဉ်လိုင်းများ၊ တပ်မတော်ပိုင်စီးပွားရေးလုပ်ငန်းများကို မီးရှို့ဖျက်ဆီးခြင်း စတဲ့ အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်လာခဲ့ကြပါတယ်။ ဒီအဆင့်မှာတော့ NLD အစွန်းရောက်များရဲ့ ဦးဆောင်ပါဝင်မှု၊ သွေးထိုးမြှောက်ပင့်ပေးမှုဖြင့် Insurrection အဆင့်မှ Terrorism အဆင့်သို့ ကူးပြောင်းလုပ်ဆောင်လာလျက်ရှိတာ တွေ့မြင်ရပါတယ်”**

*စာမျက်နှာ ၈ မှ*

လျော့နည်းခဲ့ပါတယ်။ ဒါပေမယ့် အစိုးရယန္တရားပျက်ပြားစေရေးနှင့် ဥပဒေကြောင်းအရ ရင်မဆိုင်ရဲသူ ဝရမ်းပြေးများရဲ့ နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားမှုတွေကြောင့် အကြမ်းဖက် အဖျက်လုပ်ရပ်များ လက်နက်ကိုင် အကြမ်းဖက်အုံကြွပုန်ကန်မှုများ၊ အကြမ်းဖက် လုပ်ရပ်များ ပိုမိုဖြစ်ပွားလာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

အဓိကလားရာကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) ပြုတ်ကျပြီး တိုင်းပြည်တည်ငြိမ်မှုကင်းမဲ့ကာ နိုင်ငံတော် အုပ်ချုပ်မှုယန္တရားပျက်စီးတဲ့အတွက် နိုင်ငံတကာမှ ဝင်ရောက် ထိန်းသိမ်းပေးရန် တောင်းဆိုတဲ့ ၎င်းတို့ရဲ့ ကျွန်သပေါက်စိတ်ဓာတ် လုပ်ရပ်များကို ရှုမြင်နိုင်ပါတယ်။

အဓိကဇာတ်ကောင်တွေကတော့ CRPH ဝရမ်းပြေးများ၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု အလွန်အမင်း ချစ်ခင်စိတ်ရှိနေသော သာမန်ပြည်သူအချို့၊ NLD အာဏာပြန်လည် ရရှိရေး လိုလားသော NLD အစွန်းရောက်ပါတီဝင်များနှင့် ဝန်းရံသူ များဖြစ်ကြောင်း ၎င်းတို့၏လုပ်ရပ်တွေအရ သက်သေခံလျက် ရှိနေ ပါတယ်။

ဒီမိုကရေစီအရေးမှသည် အာဏာထိန်းအစိုးရ လက်မခံရေး၊ ၎င်းမှတစ်ဆင့် NLD ပါတီအာဏာပြန်လည်ရရှိရေး၊ ထိုမှတစ်ဆင့် အစိုးရအုပ်ချုပ်မှုယန္တရားရပ်ဆိုင်းရေး၊ ၎င်းမှတစ်ဆင့် နိုင်ငံတော် အလုံးစုံပျက်စီးရေးဆိုတဲ့ လားရာသို့ဦးတည်နေတဲ့ လုပ်ရပ်များဟာ လက်ရှိဆန္ဒပြမှုတွေရဲ့ ဖုံးကွယ်လို့မရတဲ့ နောက်ကွယ်မှ အမှန်တရား တစ်ခုအဖြစ် တွေ့မြင်နိုင်ပါတယ်။

တည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်တဲ့ နိုင်ငံတော် တည်ဆောက်ဖို့ဆိုရင် အဆိုပါပြည်တွင်း/ပြည်ပအဖျက်သမားတွေရဲ့ ရန်စွယ်ကို စုပေါင်းတွန်းလှန် ကာကွယ်ကြရမှာ မလွဲကေန်ဖြစ်ပါ တယ်။ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်စေရေး၊ ရိုးသားတဲ့နိုင်ငံရေးပါတီများ အားကောင်းပြီး အရည်အချင်းရှိတဲ့ အစိုးရပေါ်ထွန်းစေရေးတို့အတွက် ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲ တစ်ရပ် မဖြစ်မနေ ပြန်လည်ကျင်းပပေးရမှာဖြစ်ပါတယ်။ ပွင့်လင်း မြင်သာတဲ့ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးမယ်လို့လည်း အာဏာထိန်းထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခိုင်အမာ ကတိပြုထားပြီး အများသိကြေညာထားပြီး ဖြစ်ပါတယ်။

ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ် ပေါ်ပေါက်ရေး သည်သာလျှင် လက်ရှိ နိုင်ငံရေး အကျပ်အတည်းရဲ့ထွက်ပေါက်တစ်ခု ပဲ ဖြစ်ပါတယ်။ အဲ့သလိုမဟုတ်ဘဲ မိမိပါတီ အာဏာပြန်လည် ရရှိရေးအတွက် အစွန်းရောက်ပါတီဝင်တွေကို သွေးထိုးမြှောက်ပင့် ပြီး တိုင်းပြည်ကို အလုံးစုံပျက်သုဉ်းစေမယ့် အကြမ်းဖက် အဖျက် လုပ်ရပ်တွေကို လက်ရှိနိုင်ငံရေးအကျပ်အတည်းရဲ့ ထွက်ပေါက်အဖြစ် လုပ်ဆောင်နေခြင်းဟာ ပြည်သူလူထုအတွက် ထိခိုက်နစ်နာဆုံးရှုံးမှု များစွာ ခံစားနေရတယ်ဆိုတာ သတိပြုသင့်ပါတယ်။

လက်ရှိအစိုးရ (နစက) အုပ်ချုပ်လို့မရအောင် သာမန်ရိုးသားတဲ့ ပြည်သူတွေ၊ နိုင်ငံရေးအရောင်အသွေးမရှိတဲ့ လူငယ်တွေကိုအသုံးချပြီး သူပုန်ထ၊ အဖျက်သမားများဖြစ်အောင် လုပ်ဆောင်နေခြင်းဟာ ဆိုရင် တိုင်းပြည်ရဲ့အနာဂတ်အတွက် လွန်စွာအန္တရာယ် ရှိတဲ့ လုပ်ရပ် တွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေး အခြေအနေများရဲ့ နောက်ကွယ်မှ အမှန်တရားများကို မှန်ကန်စွာ ရှုမြင်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါ တယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးမုန်တိုင်းအကြား ပြည်သူများ အနေနဲ့ အမှန်၊ အမှားခွဲခြားသိမြင်ပြီး တည်ငြိမ်အေးချမ်းတဲ့ လူမှုဘဝ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။

❖ **အဓိက ဇာတ်ကောင်တွေကတော့ CRPH ဝရမ်းပြေးများ၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု အလွန်အမင်း ချစ်ခင်စိတ်ရှိနေသော သာမန်ပြည်သူအချို့၊ NLD အာဏာပြန်လည် ရရှိရေးလိုလားသော NLD အစွန်းရောက်ပါတီဝင်များနှင့် ဝန်းရံသူ များဖြစ်ကြောင်း ၎င်းတို့၏လုပ်ရပ်တွေအရ သက်သေခံလျက်ရှိနေ ပါတယ်**

**ဆန္ဒပြမှုများအဆင့်ဆင့်ပြောင်းလဲလာခြင်း**



ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှု




လူစုလူဝေးဖြင့် ဆူပူဆန္ဒပြမှု


လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက် ဆန္ဒပြမှု



ရရာလက်နက်ဖြင့် တိုက်ခိုက်ခြင်း



အကြမ်းဖက်တိုက်ခိုက်ခြင်း

## ဒလမြို့နယ်၌ သောက်သုံးရေရှားပါးသောကျေးရွာသို့ သောက်သုံးရေသန့်များ လှူဒါန်းပေးဝေ

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ နှစ်စဉ် နွေရာသီကာလအတွင်း သောက်သုံးရေကန်များ ခန်းခြောက်လာခြင်းကြောင့် သောက်သုံးရေရှားပါးမှု ကြုံတွေ့ဖြစ်ပေါ်လျက် ရှိသော ရပ်ကွက်များနှင့် ကျေးရွာများသို့ သောက်သုံးရေများ ပေးဝေလျက်ရှိရာ ယနေ့ နံနက်က ရေရှားပါးသော သပြေကုန်း ကျေးရွာရှိ ဒေသခံပြည်သူများအား ရေသန့်ဘူးများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်ပညာရေးနှင့် ကျန်းမာရေးဖောင်ဒေးရှင်းမှ သောက်ရေအတွက် လိုအပ်လျက်ရှိသော သပြေကုန်းကျေးရွာရှိ အိမ်ထောင်စုများသို့ ၂၀ လီတာဆံ့ ရေသန့်ဘူး စုစုပေါင်း ၃၀၀ ကို လှူဒါန်းပေးခဲ့ကြောင်း သိရ သည်။ ထို့အတူ ဧပြီ ၂၁ ရက်တွင် သောက်ရေသန့်ဘူး ၁၅၀ ကို အဆိုပါကျေးရွာရှိ သောက်သုံးရေလိုအပ်သော အိမ်ထောင်စုများသို့ ဆက်လက်လှူဒါန်း ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြို့နယ်အတွင်း အရေးပေါ်လူနာများ သယ်ယူ ပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့စေ ရေးအတွက် လူနာတင်ယာဉ် စက်သုံးဆီဝယ်ယူ နိုင်ရန် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့သို့ အလှူ ငွေကျပ်နှစ်သိန်းကို လှူဒါန်းခဲ့ကြောင်း သိရ သည်။

ဒလမြို့နယ်၌ ရေတွင်းတူးလျှင် ရေချိုမထွက်ဘဲ ရေငန်များသာ ထွက်ရှိသည့် မြို့နယ်တစ်ခုဖြစ် သည်။ မိုးရာသီတွင် ရေကန်များ၌ ရေကိုသိုလှောင်ပြီး ဆောင်းရာသီအကုန် နွေရာသီကာလ မိုးဦးမကျမီ အထိ ပြန်လည်သုံးစွဲရသောကြောင့် နှစ်စဉ်နှစ်တိုင်း နွေရာသီကာလမှာ ရေကန်များ ခန်းခြောက်ကာ သောက်သုံးရေရှားပါးမှုကို ကြုံတွေ့လျက်ရှိပြီး သောက်ရေအတွက် အလှူရှင်များ လိုအပ်လျက်ရှိ ကြောင်း သိရသည်။

နိုင်လင်းကျော်(ပြန်/ဆက်)

❖ ကျောဖုံးမှ



ပြည်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှု မှတ်တမ်း။

## ပြည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၅၅ အုပ်စု၊ မဲရုံပေါင်း ၂၀၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၁၁၅၂၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၂၅၃၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၈၉၉၀၊ မြေပြင်လက်ကျန် ၆၄၀၆၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံအလိုက် မဲလက်မှတ်များ လျော့နည်းပျောက်ဆုံးမှုနှင့် အပိုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၂၅၅၀ | ၁၅၁၄၄၆ | ၅၁၁၀၄ | ၄၃၁၁၀ | ၉၈၇၂ | ၁၈၇၈ |
| ၂ | သီးခြားတွေ့ရှိ | | | | ၈၃၂၂ | | ၈၃၂၂ |
| ၃ | ရပ်ကျေးမှပြန်လည်အပ်နှံ | | | | ၄၇၅၀ | | ၄၇၅၀ |
| ၄ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၀၈၅ | ၁၀၈၅ | | | | |
| ၅ | မြို့နယ်မဲလက်ကျန် | ၇၈၈၆ | | ၇၈၈၆ | ၇၈၈၆ | | |
| | စုစုပေါင်း | ၂၁၁၅၂၁ | ၁၅၂၅၃၁ | ၅၈၉၉၀ | ၆၄၀၆၈ | ၉၈၇၂ | ၁၄၉၅၀ |

၆။ ပြည်မြို့နယ်၏ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မဲလက်မှတ်အရေအတွက် ၉၈၇၂ ပျောက်ဆုံးနေပြီး ၁၄၉၅၀ အပိုတွေ့ရှိရသည်။ ပြည်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြို့နယ် ကြိုတင်မဲလက်ခံဖြတ်ပိုင်းများတွင် ၁၀၈၅ စောင်မှာ မဲစာရင်းအမှတ်စဉ်၊ ရပ်ကျေးအမည်နှင့် မဲရုံအမှတ်၊ တာဝန်ခံလက်မှတ်များ ရေးသွင်းထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ မြို့နယ်တွင် မဲလက်ကျန် ၇၈၈၆ စောင် အကောင်းအတိုင်းတွေ့ရှိရပြီး သီးခြားအိတ်တစ်လုံးတွင် မဲရုံအချို့မှ လာရောက်အပ်နှံထားသော မဲလက်ကျန် အကောင်း ၈၃၂၀၊ အပျက် ၂ စောင်၊ စုစုပေါင်း ၈၃၂၂ စောင် တွေ့ရှိရသည်။ ထို့ပြင် ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းတွင် ရွာဘဲရပ်ကွက် မဲရုံအမှတ်(၁၉) နှင့် အမည်မမှတ်မိ မဲရုံတို့မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ မဲလက်မှတ်အကောင်း ၄၇၅၀ စောင် လာရောက်အပ်နှံထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

၇။ ပြည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | နဝင်းရပ်ကွက် | ၉ | ၁၅၈၅၀ | ၁၁၂၄၇ | ၃၆၀၃ | ၃၇၆၀ | | ၁၅၇ |
| ၂ | ကျောင်း/အိုးရပ်ကွက် | ၃ | ၃၅၅၀ | ၂၅၂၇ | ၁၀၂၃ | ၈၇၃ | ၁၅၀ | |
| ၃ | ရွှေကူရပ်ကွက် | ၂ | ၂၂၅၀ | ၁၃၂၄ | ၉၂၆ | ၅၂၆ | ၄၀၀ | |
| ၄ | ပြည်သာယာရပ်ကွက် | ၆ | ၁၀၁၀၀ | ၇၂၇၃ | ၂၈၂၇ | ၂၇၃၁ | ၉၆ | |
| ၅ | ရွှေတံခါးရပ်ကွက် | ၆ | ၁၀၉၅၀ | ၆၇၉၈ | ၄၁၅၂ | ၂၃၀၂ | ၁၈၅၀ | |
| ၆ | နတ္တလင်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၁၀၆ | ၂၉၄ | ၂၉၄ | | |
| ၇ | ထမ္မကောက်ကျေးရွာအုပ်စု | ၅ | ၄၇၀၀ | ၃၆၅၅ | ၁၀၄၅ | ၁၀၄၉ | | ၄ |
| ၈ | မြောက်နဝင်းရွာသစ်ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၈၂ | ၆၁၈ | ၆၂၀ | | ၂ |
| ၉ | ကြခတ်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၂၄၈ | ၃၀၂ | ၃၀၀ | ၂ | |
| ၁၀ | မြွေရိုးကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၉၈ | ၃၀၂ | ၂၉၂ | ၁၀ | |
| ၁၁ | သဲကုန်းကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၂၁၈၈ | ၃၁၂ | ၃၀၆ | ၆ | |
| ၁၂ | မအူတောကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၂၉ | ၁၂၁ | ၁၁၉ | ၂ | |
| ၁၃ | ကုန်းသာလင်းကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၆၄၇ | ၃၅၃ | ၃၅၃ | | |
| ၁၄ | ဇလုံကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၄၇ | ၁၅၃ | ၁၅၃ | | |
| ၁၅ | အနောက်လက်ခုပ်ကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၈၅၄ | ၄၄၆ | ၄၄၆ | | |
| ၁၆ | ဘိုကုန်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၈၂၈ | ၁၂၂ | ၁၂၃ | | ၁ |
| ၁၇ | ဝက်ထီးကန်ကျေးရွာအုပ်စု | ၉ | ၆၄၀၀ | ၅၀၉၄ | ၁၃၀၆ | ၁၂၅၄ | ၅၂ | |
| ၁၈ | ပနီပင်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၉၂၈ | ၁၇၂ | ၁၆၇ | ၅ | |
| ၁၉ | နှောကန်ကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၅၈ | ၄၉၂ | ၅၁၉ | | ၂၇ |
| ၂၀ | ဝက်မြေတောကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၃၂၃ | ၃၂၇ | ၃၂၇ | | |
| ၂၁ | ဝါးရုံဆိပ်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၈၄၉ | ၇၅၁ | ၇၅၀ | ၁ | |
| ၂၂ | လဘာကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၀၅ | ၁၄၅ | ၁၄၅ | | |
| ၂၃ | လွှဇင်ကျေးရွာအုပ်စု | ၈ | ၅၀၀၀ | ၄၀၀၆ | ၉၉၄ | ၆၉၀ | ၃၀၄ | |
| ၂၄ | မြို့မကျေးရွာအုပ်စု | ၂ | ၉၅၀ | ၇၂၈ | ၂၂၂ | ၂၂၂ | | |
| ၂၅ | သခွက်စောက်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၇၃ | ၁၂၇ | ၁၂၅ | ၂ | |
| ၂၆ | ကုန်းဇင်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၅၅ | ၉၅ | ၉၅ | | |
| ၂၇ | အင်းဝင်းကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၄၈ | ၄၅၂ | ၃၀၂ | ၁၅၀ | |
| ၂၈ | တဲကြီးကုန်းကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၄၄ | ၄၅၆ | ၃၀၅ | ၁၅၁ | |
| ၂၉ | ပေါက်နွယ်ခြံကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၉၂ | ၃၅၈ | ၃၅၈ | | |
| ၃၀ | ပျဉ်းမအိုင်ကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၁၀၉၅ | ၂၀၅ | ၂၀၅ | | |
| ၃၁ | ကွင်းကြီးကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၀၇ | ၂၉၃ | ၂၉၃ | | |
| ၃၂ | ကံကြီးကုန်းကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၁၈ | ၃၃၂ | ၃၃၂ | | |
| ၃၃ | ကံကျိုးကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၉၁၈ | ၂၃၂ | ၂၃၄ | | ၂ |
| ၃၄ | တလုပ်ပင်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၀၃၆ | ၂၆၄ | ၁၆၄ | ၁၀၀ | |
| ၃၅ | ကျောသာကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၁၁၄၈ | ၃၀၂ | ၃၀၂ | | |
| ၃၆ | သစ်ချိုပင်ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၄၉၃ | ၃၀၇ | ၂၉၉ | ၈ | |
| ၃၇ | အလိုတော်ရကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၄၇၀ | ၃၈၀ | ၃၇၆ | ၄ | |
| ၃၈ | ဇီးအုပ်ကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၆၉၄ | ၃၀၆ | ၃၀၆ | | |
| ၃၉ | ရွာဘဲရပ်ကွက် | ၁၉ | ၂၇၀၅၀ | ၁၈၅၉၇ | ၈၄၅၃ | ၃၉၈၉ | ၄၄၆၄ | |
| ၄၀ | ဆံတော်ရပ်ကွက် | ၆ | ၈၁၀၀ | ၅၃၈၉ | ၂၇၁၁ | ၂၃၆၀ | ၃၅၁ | |
| ၄၁ | ခေတ္တရာရပ်ကွက် | ၈ | ၁၂၂၅၀ | ၉၂၇၈ | ၂၉၇၂ | ၄၁၃၉ | | ၁၁၆၇ |
| ၄၂ | ဆင်စုရပ်ကွက် | ၆ | ၆၉၀၀ | ၅၀၇၂ | ၁၈၂၈ | ၁၅၇၈ | ၂၅၀ | |
| ၄၃ | နဝဒေးရပ်ကွက် | ၂ | ၄၀၅၀ | ၂၇၂၃ | ၁၃၂၇ | ၁၃၃၁ | | ၄ |
| ၄၄ | အရှေ့ပိုင်းရပ်ကွက် | ၁ | ၁၄၅၀ | ၁၁၈၀ | ၂၇၀ | ၂၇၂ | | ၂ |
| ၄၅ | အနောက်ပိုင်းရပ်ကွက် | ၁ | ၁၃၅၀ | ၁၁၀၀ | ၂၅၀ | ၂၅၀ | | |
| ၄၆ | တောင်ပိုင်းရပ်ကွက် | ၁ | ၁၇၀၀ | ၁၃၆၉ | ၃၃၁ | ၃၃၃ | | ၂ |
| ၄၇ | မြောက်ပိုင်းရပ်ကွက် | ၁ | ၁၂၀၀ | ၃၅၈ | ၈၄၂ | ၁၄၂ | ၇၀၀ | |
| ၄၈ | ကြာအင်းကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၉၁၇ | ၁၃၃ | ၁၄၃ | | ၁၀ |
| ၄၉ | အနောက်ရွာသစ်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၄၀၈ | ၉၂ | ၉၂ | | |
| ၅၀ | ရွာမကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၆၅၀ | ၃၀၀ | ၃၀၀ | | |
| ၅၁ | မှော်ဇာကျေးရွာအုပ်စု | ၅ | ၃၈၀၀ | ၃၅၈၆ | ၂၁၄ | ၇၁၄ | | ၅၀၀ |
| ၅၂ | မှူတ်ရှည်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၇၄ | ၄၇၆ | ၄၇၆ | | |
| ၅၃ | မုဋ္ဌောကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၁၀၇၀ | ၂၈၀ | ၂၇၉ | ၁ | |
| ၅၄ | ပေါင်းတမေ့ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၁၄၂ | ၂၅၈ | ၂၅၄ | ၄ | |
| ၅၅ | အရှေ့လက်ခုတ်ပင်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၉၆၇ | ၁၈၃ | ၁၈၃ | | |
| ၅၆ | တွင်းမြည်းကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၃၄၄ | ၃၅၆ | ၃၅၆ | | |
| ၅၇ | တောင်ခွေးရဲကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၉၀၉ | ၂၉၁ | ၂၉၁ | | |
| ၅၈ | ဖြူးကုန်းကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၇၂၁ | ၆၂၉ | ၃၇၅ | ၂၅၄ | |
| ၅၉ | ရွာမကြီးကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၈၁၁ | ၁၈၉ | ၁၈၅ | ၄ | |
| ၆၀ | အုတ်ဆွဲကျေးရွာအုပ်စု | ၄ | ၁၆၀၀ | ၁၁၃၈ | ၄၆၂ | ၂၁၂ | ၂၅၀ | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆၁ | ဘန့်ပြင်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၃၆ | ၃၆၄ | ၃၁၄ | ၅၀ | |
| ၆၂ | မြောင်းဆုံကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၀၆၇ | ၂၃၃ | ၂၃၃ | | |
| ၆၃ | အရှေ့ပေါက်တောကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၅၈၃ | ၂၆၇ | ၂၆၇ | | |
| ၆၄ | တောင်တီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၁၇၅ | ၂၇၅ | ၂၇၄ | ၁ | |
| ၆၅ | တဲကုန်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၂၁ | ၁၇၉ | ၁၇၉ | | |
| ၆၆ | သူဌေးကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၂၇ | ၁၂၃ | ၁၂၃ | | |
| ၆၇ | လက်ပံတောကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၁၅၅ | ၄၉၅ | ၂၉၅ | ၂၀၀ | |
| ၆၈ | ငါးရွာကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၂၃၈ | ၈၆၂ | ၈၁၂ | ၅၀ | |
| ၆၉ | သစ်ချီတင်ကျေးရွာအုပ်စု | ၃ | ၁၁၅၀ | ၈၀၈ | ၃၄၂ | ၃၄၂ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၂၀၉ | ၂၀၂၅၅၀ | ၁၅၁၄၄၆ | ၅၁၁၀၄ | ၄၃၁၁၀ | ၉၈၇၂ | ၁၈၇၈ |
| | သီးခြားတွေ့ရှိ | | | | | ၈၃၂၂ | | ၈၃၂၂ |
| | ရပ်/ကျေးမှသီးခြားအပ်နှံ | | | | | ၄၇၅၀ | | ၄၇၅၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၀၈၅ | ၁၀၈၅ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၇၈၈၆ | | ၇၈၈၆ | ၇၈၈၆ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၀၉ | ၂၁၁၅၂၁ | ၁၅၂၅၃၁ | ၅၈၉၉၀ | ၆၄၀၆၈ | ၉၈၇၂ | ၁၄၉၅၀ |

## ကံမမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ မဲရုံပေါင်း ၉၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၇၀၅၈၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၀၃၉၃၊ ကျန်ရှိရမည့် အရေအတွက်မှာ ၂၀၁၈၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၉၆၁၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၆၄၃၄၄ | ၅၀၂၂၄ | ၁၄၁၂၀ | ၁၃၅၄၆ | ၅၇၆ | ၂ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၁၆၉ | ၁၆၉ | | | | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၆၀၆၇ | | ၆၀၆၇ | ၆၀၆၇ | | |
| | စုစုပေါင်း | ၇၀၅၈၀ | ၅၀၃၉၃ | ၂၀၁၈၇ | ၁၉၆၁၃ | ၅၇၆ | ၂ |

၉။ ကံမမြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စုရှိ မဲရုံ ၉၇ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၅၇၆ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂ စောင် အပိုတွေ့ရှိရပါသည်။ ကံမမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁) ရပ်ကွက် | ၁ | ၁၃၀၀ | ၁၀၆၅ | ၂၃၅ | ၂၃၅ | | |
| ၂ | အမှတ်(၂) ရပ်ကွက် | ၁ | ၁၂၅၀ | ၉၅၉ | ၂၉၁ | ၂၉၁ | | |
| ၃ | အမှတ်(၃) ရပ်ကွက် | ၁ | ၇၅၀ | ၅၂၄ | ၂၂၆ | ၂၂၆ | | |
| ၄ | အမှတ်(၄) ရပ်ကွက် | ၁ | ၁၄၀၀ | ၁၀၄၀ | ၃၆၀ | ၃၆၀ | | |
| ၅ | ပဇင်းနိမ့်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၂၉၉ | ၂၅၁ | ၂၅၁ | | |
| ၆ | မင်းတဲကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၈၈ | ၁၆၂ | ၁၆၂ | | |
| ၇ | ရေနံ့သာကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၆၁၇ | ၃၈၃ | ၃၈၃ | | |
| ၈ | ပုညိုကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၂၁ | ၂၇၉ | ၂၇၉ | | |
| ၉ | သမ္ဘရာကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၁၁၈ | ၃၃၂ | ၃၃၂ | | |
| ၁၀ | တောမကျေးရွာအုပ်စု | ၂ | ၁၁၄၁ | ၉၁၁ | ၂၃၀ | ၂၃၀ | | |
| ၁၁ | ကျောက်စောင်းကျေးရွာအုပ်စု | ၁ | ၈၇၅ | ၇၂၂ | ၁၅၃ | ၁၅၃ | | |
| ၁၂ | ရွာသာယာကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၈၂ | ၁၆၈ | ၁၆၈ | | |
| ၁၃ | ကျီးမီးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၉၂ | ၁၅၈ | ၁၅၈ | | |
| ၁၄ | ကျောက်ပဒေါင်းကျေးရွာအုပ်စု | ၂ | ၉၅၀ | ၇၅၈ | ၁၉၂ | ၁၄၈ | ၄၄ | |
| ၁၅ | အင်းကြီးကုန်းကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၄၂ | ၂၅၈ | ၂၅၈ | | |
| ၁၆ | နတ်မီးကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၈၈၁ | ၃၁၉ | ၃၁၉ | | |
| ၁၇ | ထန်းတောကျေးရွာအုပ်စု | ၂ | ၁၀၂၅ | ၈၃၂ | ၁၉၃ | ၁၉၃ | | |
| ၁၈ | ခြောက်ပင်ကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၁၀၂၈ | ၂၇၂ | ၂၇၂ | | |
| ၁၉ | အလပ်လယ်ကျေးရွာအုပ်စု | ၃ | ၈၀၀ | ၆၅၁ | ၁၄၉ | ၁၄၉ | | |
| ၂၀ | အင်ဘက်တောကျေးရွာအုပ်စု | ၃ | ၁၁၅၀ | ၉၂၇ | ၂၂၃ | ၂၂၃ | | |
| ၂၁ | အုပ်ရှစ်ချိုကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၅၆ | ၃၄၄ | ၂၉၄ | ၅၀ | |
| ၂၂ | ထန်းလေးပင်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၂၂ | ၂၂၈ | ၂၂၈ | | |
| ၂၃ | မင်းပြင်ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၈၉ | ၄၁၁ | ၄၁၁ | | |
| ၂၄ | ခမ္မသော်ကျေးရွာအုပ်စု | ၂ | ၁၉၇၀ | ၁၅၀၅ | ၄၆၅ | ၄၆၅ | | |
| ၂၅ | ဂုန်းသောင်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၃၉၃ | ၃၀၇ | ၃၀၇ | | |
| ၂၆ | အင်းဘဲကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၀၅၁ | ၂၄၉ | ၂၄၉ | | |
| ၂၇ | ကင်းကျေးရွာအုပ်စု | ၁ | ၈၀၃ | ၅၉၇ | ၂၀၆ | ၂၀၆ | | |
| ၂၈ | ကျွန်းကလေးကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၀၉ | ၃၉၁ | ၃၉၁ | | |
| ၂၉ | ဇီးတောကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၆၀ | ၁၄၀ | ၁၄၀ | | |
| ၃၀ | စပယ်ခြုံကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၉၃ | ၂၅၇ | ၂၅၇ | | |
| ၃၁ | ကဒူးပြင်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၇၃၀ | ၁၂၀ | ၁၂၀ | | |
| ၃၂ | အလယ်ကျေးရွာအုပ်စု | ၁ | ၁၁၁၇ | ၉၅၁ | ၁၆၆ | ၁၆၆ | | |
| ၃၃ | ပြအောင်းကျေးရွာအုပ်စု | ၂ | ၉၀၀ | ၇၈၂ | ၁၁၈ | ၁၁၈ | | |
| ၃၄ | ပျဉ်ထောင်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၃၃ | ၃၆၇ | ၁၇၇ | ၁၉၀ | |
| ၃၅ | ကြို့ပင်ကျေးရွာအုပ်စု | ၂ | ၂၄၀၄ | ၁၈၇၀ | ၅၃၄ | ၅၂၄ | ၁၀ | |
| ၃၆ | မုန်းဒါးကျေးရွာအုပ်စု | ၂ | ၇၅၀ | ၅၆၇ | ၁၈၃ | ၁၈၃ | | |
| ၃၇ | သာဇီကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၀၈၄ | ၂၁၆ | ၂၁၆ | | |
| ၃၈ | သရက်ချောင်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၃၉၃ | ၃၅၇ | ၃၅၉ | | ၂ |
| ၃၉ | စီကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၈၄ | ၂၁၆ | ၂၁၆ | | |
| ၄၀ | ဖရုံလှကျေးရွာအုပ်စု | ၁ | ၅၁၆ | ၄၅၇ | ၅၉ | ၅၉ | | |
| ၄၁ | အလယ်ချောင်းကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၂၈ | ၂၂၂ | ၂၂၂ | | |
| ၄၂ | ကျောက်မဲကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၂၄၆ | ၂၅၄ | ၂၅၄ | | |
| ၄၃ | ထန်းကောက်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၄၆ | ၂၅၄ | ၂၀၄ | ၅၀ | |
| ၄၄ | ပွတ်စုကျေးရွာအုပ်စု | ၁ | ၈၃၈ | ၇၀၉ | ၁၂၉ | ၉၉ | ၃၀ | |
| ၄၅ | ငမဲကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၈၇ | ၁၁၃ | ၁၁၃ | | |
| ၄၆ | ကညင်တိုင်းကျေးရွာအုပ်စု | ၄ | ၁၉၅၀ | ၁၅၈၃ | ၃၆၇ | ၃၃၁ | ၃၆ | |
| ၄၇ | ဂွန်းတောင်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၂၈ | ၂၂၂ | ၂၂၂ | | |
| ၄၈ | မြဝတီကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၈၄ | ၂၁၆ | ၂၁၆ | | |
| ၄၉ | ဝဲကြီးကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၄၅ | ၂၅၅ | ၂၃၂ | ၂၃ | |
| ၅၀ | စစ္စရုံကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၂၂ | ၄၂၈ | ၄၂၈ | | |
| ၅၁ | ကျွဲတလင်းကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၆၀၈ | ၄၄၂ | ၄၄၂ | | |
| ၅၂ | သက္ကယ်မြောင်ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၂၀ | ၂၃၀ | ၂၃၀ | | |
| ၅၃ | လိန်တုန်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၁၂၆ | ၂၂၄ | ၂၀၄ | ၂၀ | |
| ၅၄ | ပယ်ကျကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၁၇၃ | ၂၂၇ | ၂၀၄ | ၂၃ | |
| ၅၅ | သစ်မယ်ဇီကျေးရွာအုပ်စု | ၃ | ၁၀၅၅ | ၈၅၆ | ၁၉၉ | ၁၉၉ | | |
| ၅၆ | ဘန့်ဘွေးကျင်းကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၈၀ | ၁၇၀ | ၇၀ | ၁၀၀ | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၉၇ | ၆၄၃၄၄ | ၅၀၂၂၄ | ၁၄၁၂၀ | ၁၃၅၄၆ | ၅၇၆ | ၂ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၆၉ | ၁၆၉ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၀၆၇ | | ၆၀၆၇ | ၆၀၆၇ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၇ | ၇၀၅၈၀ | ၅၀၃၉၃ | ၂၀၁၈၇ | ၁၉၆၁၃ | ၅၇၆ | ၂ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အီးယူနှင့် အခြားနိုင်ငံများမှ ခရီးသွားများအတွက် ကိုဗစ် -၁၉ အသွားအလာကန့်သတ်မှုစည်းမျဉ်းများကို ဂရိဖယ်ရှားပေး



ဂရိနိုင်ငံ အေသင်မြို့ရှိ ရှေးဟောင်းယဉ်ကျေးမှုနေရာတစ်ခုသို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။

**အေသင် မေ ၂၀**

ဥရောပသမဂ္ဂ(အီးယူ )၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု ၊ ယူအေအီး၊ ဆားဘီးယားနှင့် အစ္စရေးနိုင်ငံတို့မှ လာမည့်ခရီးသွားများအတွက် တစ်ကိုယ်တည်း အသွားအလာကန့်သတ် စောင့်ကြည့်မှုခံရမည့် သတ်မှတ်ချက်ကို ဂရိနိုင်ငံက ဖယ်ရှားပေးခဲ့သည်ဟု ပြည်သူ့လေကြောင်း အာဏာပိုင်အဖွဲ့က မေ ၁၉ ရက်တွင် ကြေညာခဲ့သည်။

ယခုကြေညာချက် မတိုင်မီ ဂရိနိုင်ငံအတွင်း ရောက်ရှိနေကြသည့် ခရီးသွားများအားလုံးသည် ဆိုက်ရောက်လျှင်ရောက်ချင်း ၇၂ နာရီအတွင်း ကိုဗစ်- ၁၉ ဆေးစစ်ချက်လက်မှတ် ပြသရမည်ဖြစ်ပြီး သတ်မှတ်ထားသည့်နေရာနှင့် နေအိမ်များတွင် ၇ ရက်ကြာ အသွားအလာ ကန့်သတ်စောင့်ကြည့်မှုခံယူရမည်ဖြစ်သည်ဟု ဂရိအမျိုးသားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ယခုကြေညာချက် အသစ်အောက်တွင် သတ်မှတ်ထားသည့် နိုင်ငံများမှ ဂရိနိုင်ငံအတွင်းသို့ ဝင်ရောက်မည့်သူများသည် ၁၄ ရက်အတွင်း ကာကွယ်ဆေးထိုးပြီးကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် သက်သေခံလက်မှတ်နှင့် ဆိုက်ရောက်ပြီးနောက် ၇၂ နာရီအတွင်း ဆေးစစ်ထားသည့် ကိုဗစ် -၁၉ ကင်းစင်ကြောင်းဆေးလက်မှတ်ကို ပြသရမည်ဖြစ်သည်။

ဂရိနိုင်ငံသည် မေ ၁၄ ရက်တွင် ခရီးသွားလုပ်ငန်းပြန်လည်စတင်ရန် ပြင်ဆင်လျက်ရှိသည်ဟု အစိုးရက ယခုနှစ် နွေရာသီအစကတည်းက ကြေညာခဲ့သည်။ ၂၀၂၀ နိုဝင်ဘာ ၇ ရက်မှစတင်ကာ ဂရိနိုင်ငံသည် တစ်နိုင်ငံလုံးအနှံ့ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုပြုလုပ်ခဲ့ပြီး ယခုအခါ တဖြည်းဖြည်းချင်း ဖြေလျှော့ပေးနေပြီဖြစ်သည်။ သို့သော်လည်း ညဘက်သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားဆဲဖြစ်ပြီး စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ကဇာတ်ရုံများနှင့် ပြတိုက်များကိုမူ ပိတ်ထားဆဲဖြစ်သည်။

**ဆင်ဟွာ**



အမေရိကန် ဒုတိယသမ္မတဟောင်း ဝေါ်တာမွန်ဒဲလ်။

## အမေရိကန် ဒုတိယသမ္မတဟောင်း ဝေါ်တာမွန်ဒဲလ် အသက် ၉၃ နှစ်တွင် ကွယ်လွန်

**ဝါရှင်တန် မေ ၂၀**

အမေရိကန် ဒုတိယသမ္မတဟောင်း ဝေါ်တာမွန်ဒဲလ်မှာ မေ ၁၉ ရက်တွင် အမေရိကန်ပြည်ထောင်စု မင်နီဆိုးတားပြည်နယ် မင်နီရာပုလိစ်မြို့ရှိ ၎င်း၏နေအိမ်၌ ကွယ်လွန်သွားပြီဟု သိရသည်။ အသက် ၉၃နှစ်တွင် ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။

ဝေါ်တာမှာ (၄၂) ကြိမ်မြောက် အမေရိကန်ပြည်ထောင်စု၏ ဒုတိယသမ္မတဖြစ်သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ သမ္မတဂျင်မီကာတာ၏ လက်အောက်တွင် အမှုထမ်းခဲ့သည်။ ၎င်းသည် ဘီကလင်တန် အစိုးရအဖွဲ့တွင်လည်း ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အမေရိကန်ဆိုင်ရာ ဂျပန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဝေါ်တာမှာ တိုင်းပြည်သမိုင်းတွင် အကောင်းဆုံး ဒုတိယသမ္မတတစ်ဦး ဖြစ်သည်ဟု ထင်မြင်ကြောင်း မစ္စတာ ကာတာက ပြောကြားခဲ့သည်။ ဝေါ်တာ၏မိသားစုကမူ ၎င်းကွယ်လွန်သွားကြောင်း သတင်းကို ကြေညာရသည့်အတွက် များစွာဝမ်းနည်းရကြောင်း ပြောကြားခဲ့သည်။

မင်နီဆိုးတားပြည်နယ်နှင့် ဝါရှင်တန်ဒီစီတို့တွင် အထိမ်းအမှတ်ပွဲများ ပြုလုပ်ရန်စီစဉ်ထားပြီး နောက်ပိုင်းတွင် အစီအစဉ်များကို ကြေညာသွားမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## သြစတြေးလျနိုင်ငံတွင် အသက် ၅၀နှင့်အထက်များကို ကာကွယ်ဆေးအရှိန်အဟုန်မြှင့်ထိုးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ကင်ဘာရာ မေ ၂၀**

သြစတြေးလျနိုင်ငံတွင် အသက် ၅၀ နှင့်အထက်များသည် ယခင်သတ်မှတ်ထားသည့် အချိန်ထက်စောစီးစွာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ခံယူနိုင်မည်ဖြစ်သည်။ သြစတြေးလျဝန်ကြီးချုပ် စကောက်မော်ရစ်ဆင်နှင့် ပြည်နယ်နှင့် နယ်မြေများမှ ခေါင်းဆောင်များသည် အသက် ၅၀နှင့် အထက်လူများအား ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ရေးအတွက် အစီအစဉ်အသစ်ကို မေ ၁၉ ရက် ညနေပိုင်းတွင် ကြေညာခဲ့သည်။

ယခင်စီစဉ်ထားသည့် အစီအစဉ်အရ သြစတြေးလျနိုင်ငံတွင် အသက် ၅၀နှင့်အထက်များမှာ နှစ်လယ်ပိုင်း မတိုင်မီအထိ ကာကွယ်ဆေး ထိုးရမည့်စာရင်းထဲတွင် မပါဝင်သေးသော်လည်း ယခုအခါတွင်မူ သီတင်းပတ်အနည်းငယ်အတွင်း ကာကွယ်ဆေးထိုးရမည့်အစီအစဉ် စတင်မည်ဟုသိရသည်။

သွေးခဲမှု ပြဿနာကြောင့် အသက် ၅၀ အောက်များကို အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးခြင်းတွင် အစိုးရက ကန့်သတ်မှုများပြုလုပ်ပြီးနောက် ယခုလိုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ မေ ၁၉ ရက်အထိ သြစတြေးလျနိုင်ငံတွင် လူပေါင်း ၁ ဒသမ ၅၈ သန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။

သြစတြေးလျနိုင်ငံအတွင်း ထုတ်လုပ်သည့် အက်စ်ထရာဇနီကာ ကာကွယ်ဆေး ၂ ဒသမ ၃ သန်းရှိပြီး မေ ၁၄ ရက်တွင် ပြည်ပမှ လက်ခံရရှိသည့် ဆေးအလုံးရေ ၇၁၄၀၀၀ ရှိသည်။ ကာကွယ်ဆေး မထိုးရသေးသူပေါင်း သန်းနှင့်ချီ၍ ရှိနေဆဲဖြစ်သည်။ ကာကွယ်ဆေးထိုးပေးရေး စင်တာများတွင် အသက် ၅၀ အောက်များကို ၂၀၂၁ ခုနှစ် နောက်ဆုံးသုံးလတွင် ကာကွယ်ဆေးထိုးပေးနိုင်မည်ဟု မျှော်လင့်ကြောင်း သြစတြေးလျဝန်ကြီးချုပ်က ပြောသည်။

လုပ်ဆောင်စရာကိစ္စ များစွာရှိနေသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ မေ ၁၉ ရက် မွန်းလွဲပိုင်းအချိန်အထိ သြစတြေးလျတွင် ကိုဗစ် -၁၉ ကူးစက်မှုပေါင်း ၂၉၅၄၃ ဦးရှိပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြည်တွင်းနှင့် ပြည်ပမှ ကူးစက်ခံရသူ အရေအတွက် မတွေ့ရှိရဟု ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ဆင်ဟွာ**




အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး။

## ရာသီဥတုပြောင်းလဲမှုဖြေရှင်းရန် ဦးဆောင်သည့်ကဏ္ဍမှပါဝင်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြော

**ဝါရှင်တန် မေ ၂၀**

အမေရိကန်ပြည်ထောင်စုသည် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် တစ်ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုတွင် ဦးဆောင်သူကဏ္ဍမှ ပါဝင်သွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ပြောကြားခဲ့သည်။ အန်တိုနီဘလင်ကန်သည် မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး မစတင်မီ မေ ၁၉ ရက်တွင် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့ခေါင်းဆောင်ပေါင်း ၄၀ လည်းတက်ရောက်မည်ဖြစ်ပြီး အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းကို နိုင်ငံများမြှင့်တင်ရန်အတွက် ယခုအစည်းအဝေးတွင် မျှော်လင့်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာတစ်ဝန်း သီတင်းတစ်ပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅ ဒသမ ၂ သန်းကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲပြော

**ဂျီနီဗာ ဧပြီ ၂၀**

လွန်ခဲ့သည့်သီတင်းပတ်က ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ အဆိုပါပမာဏသည် သီတင်းပတ်တစ်ပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမကြုံစဖူး အမြင့်ဆုံးကူးစက်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ပြောကြားလိုက်သည်။

တက်ဒရော့စ်အက်ဒါနွမ် ဂီဘရီယက်စ်ဆုစ်က အဆိုပါ ကိုဗစ်-၁၉ ကူးစက်မှုသည် ရှစ်ပတ်မြောက် ကူးစက်မှုအမြင့်ဆုံးဖြစ်ခဲ့ကြောင်း ဧပြီ ၁၉ ရက်က သတင်းထောက်များကို ပြောကြားလိုက်သည်။

တက်ဒရော့စ်က သေဆုံးမှုတိုးလာသည့်ကိစ္စနှင့်ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်ခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူ တစ်သန်းရောက်ရှိရန် ကိုးလကြာခဲ့ကြောင်း၊ နှစ်သန်းအထိရောက်ရှိရန် လေးလကြာခဲ့ကြောင်း၊ သုံးသန်းအထိရောက်ရှိရန် အချိန်သုံးလသာကြာခဲ့ကြောင်း ပြောကြားခဲ့ပြီး အချိန်တိုကာလအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးမှု မြင့်တက်လာသည့်အပေါ် မီးမောင်းထိုးပြခဲ့သည်။

အသက် ၂၅ နှစ်နှင့် ၅၉ နှစ်ကြား ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ဆေးရုံတက်ရောက်ရသူအရေအတွက်တိုးလာကြောင်း တက်ဒရော့စ်က ဆက်လက်ပြောကြားလိုက်သည်။ ကူးစက်မှုအမြင့်ဆုံးဗီဇပြောင်း ကိုဗစ်-၁၉ နှင့် လူမှုဆက်ဆံရေးရောထွေးယှက်တင်မြင့်တက်လာခြင်းအပေါ် အပြစ်တင်သင့်ကြောင်း ၎င်းက ပြောသည်။

ကိုဗစ်-၁၉ တုံ့ပြန်ရေးဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နည်းပညာအကြီးအကဲ မာရီယာ ဗန်ခါကော့ဗ်က လူနေရှုပ်ထွေးမှုများကို ရှောင်ရှားခြင်းအပါအဝင် ကိုဗစ် - ၁၉ ဆန့်ကျင်ကာကွယ်ရေးဆောင်ရွက်ချက်များ၏ အရေးကြီးပုံကို အလေးအနက်ထား ပြောကြားခဲ့သည်။

လူတိုင်းအိမ်မှအလုပ်လုပ်ကိုင်ရန် ထောက်ပံ့လုပ်ဆောင်ပေးသင့်ကြောင်း ၎င်းက ကမ္ဘာ့အစိုးရများကို တိုက်တွန်းပြောကြားလိုက်သည်။ ထို့အပြင် လိုအပ်ပါက အိမ်မှာပဲနေထိုင်ရန်၊ ထိုကဲ့သို့ လုပ်ဆောင်သွားမည် ဆိုပါက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကို ဖြစ်နိုင်သလောက် လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ် ကို တွေ့ရစဉ်။

# ပြင်သစ်နိုင်ငံတွင် ဒေသအလိုက် ကိုဗစ်-၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးတော့မည်



ပြင်သစ်နိုင်ငံ နိစ်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် အစားအသောက်ဝယ်ယူရာ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကိုကာကွယ်ရန် ပြည်သူများ နှာခေါင်းစည်းတပ် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

**ပါရီ ဧပြီ ၂၀**

ပြင်သစ်နိုင်ငံ ဒေသတစ်ခုချင်းစီတွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ အခြေအနေများအရ ပြင်သစ်အစိုးရသည် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးတော့မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီရန်က ဧပြီ ၂၀ ရက်က ပြောကြားလိုက်သည်။

ဒေသတွင်း သတင်းစာတစ်စောင်ဖြစ်သည့် လီတယ်လီဂရမ်၏ တွေ့ဆုံမေးမြန်းမှုတွင် ဗီရန်က အစိုးရအနေဖြင့် ဒေသအလိုက် ချဉ်းကပ်သည့်ပုံစံမျိုးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့သည် တိကျသည့် ကန့်သတ်ချက်များအား ဖြေလျှော့ပေးရေး၊ ဒေသတစ်ခုချင်းစီတွင် ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေများကို သုံးသပ်ရေး၊ ဆေးရုံတက်ရောက်နေသည့် အခြေအနေများ၊ ဆေးရုံပြည့် ကုသမှုခံယူနေမှုများကို စဉ်းစားဆုံးဖြတ်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံတွင် တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်မှုများကို မေလလယ်မှ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားလိုက်သည်။ လတ်တလောတွင် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် လွန်ခဲ့သော မတ်လနှောင်းပိုင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် လျှော့နည်းသွားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဗီရန်က ကိုဗစ်-၁၉ ကပ်ရောဂါသည် ကူးစက်မှုအဆင့်ဆင့် ဆက်လက်တိုးလာနိုင်သောကြောင့် မိမိတို့အနေဖြင့်အကောင်းဆုံး လုံ့လစိုက်ထုတ်သွားရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဧပြီ ၁၉ ရက်က ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၄၄၇ ဦး သေဆုံးခဲ့ရမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြင့်လူပေါင်း ၁၀၁၁၈၀ သေဆုံးခဲ့ကြောင်း သိရသည်။

လတ်တလောတွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားနေသူ ၃၁၂၇၄ ဦး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည်။ ၎င်းတို့အနက် ၅၉၇၀ မှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် အရွယ်ရောက်ပြီးသူအားလုံး မေလ ၁ ရက်မှစပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမည်

**နယူးဒေလီ ဧပြီ ၂၀**

အိန္ဒိယနိုင်ငံတွင် အရွယ်ရောက်ပြီးသူများအနေဖြင့် မေလ ၁ ရက်မှစပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူရတော့မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ဧပြီ ၁၉ ရက်က ပြောကြားလိုက်သည်။

ယခုလို အရွယ်ရောက်ပြီးသူများအား ကာကွယ်ဆေးထိုးပေးမည့် လှုပ်ရှားဆောင်ရွက်မှုသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း အဆင့်သုံး ဆောင်ရွက်ချက်ဖြစ်ကြောင်းသိရသည်။ အဆင့် ၁ ကို ဇန်နဝါရီ ၁၆ ရက်က စတင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများနှင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး ရှေ့တန်းမှပါဝင်လုပ်ကိုင်ဆောင်ရွက်နေသူများကို ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးခြင်း အဆင့် ၂ ကို မတ် ၁ ရက်မှစတင်ခဲ့ပြီး အသက် ၄၅ နှစ်နှင့် အထက်ရှိသူများကို ဦးစားပေးထိုးနှံပေးခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်ကို ဝန်ကြီးချုပ်နာရိန်ဒရာမိုဒီ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပခဲ့သော အစည်းအဝေးတွင်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အစိုးရအနေဖြင့် အချိန်တိုကာလအတွင်း အိန္ဒိယနိုင်ငံသားအများစု ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ရေးအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်လျက်ရှိကြောင်း မိုဒီက ပြောကြားခဲ့သည်။

ဧပြီ ၁၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၇၃၈၁၀ ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ယခုအခါ ၁၅၀၆၁၉၁၉ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းများအရ သိရသည်။ **ဆင်ဟွာ**



# အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်တိုးလျက်ရှိ

**ဝါရှင်တန် ဧပြီ ၂၀**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အများအပြား ဖြန့်ဝေပေးလျက်ရှိသော်လည်း နိုင်ငံအတွင်းရှိ ပြည်နယ်များနှင့် မြို့တော်အများအပြားသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဗဟိုချက်နေရာများအဖြစ် ဆက်လက်တည်ရှိနေကြောင်းနှင့် အဆိုပါနေရာများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခင်ကထက် ပိုမိုတိုးလျက်ရှိကြောင်း ဂါးဒီးယန်းသတင်းစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်ပေါင်း အနည်းဆုံး ၂၁ ခုတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၁၀ ရာခိုင်နှုန်းခန့်တိုးလျက်ရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်အများစုအနေဖြင့် ပြည်သူ့ကျန်းမာရေးကန့်သတ်ချက်များကို ဖြေလျှော့ပေးလျက်ရှိသည်နှင့်အတူ ကိုဗစ်-၁၉ ကူးစက်မှုများလည်း ပြန်လည်တိုးလာကြောင်း ဂါးဒီးယန်းသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။ ဂါးဒီးယန်း၏ ဖော်ပြချက်များသည် ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်ဖော်ပြချက်များကို ကိုးကားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၁၇၃၈၂၂၈ ဦးရှိလာခဲ့ပြီး သေဆုံးသူ ၅၆၇၆၉၄ ဦးရှိလာခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် အရေအတွက်နှင့် သေဆုံးသည့်အရေအတွက်များသည် တခြားကမ္ဘာ့နိုင်ငံများ၏ ကိုဗစ်-၁၉ ကူးစက်၊ သေဆုံးသည့်အရေအတွက်ထက် ကျော်လွန်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကာကွယ်ဆေးထိုးပြီးသည့် ဗြိတိန်နိုင်ငံသားများ နိုင်ငံခြားခရီးစဉ်စတင်ရန် ပြင်ဆင်နေကြ

**ကေကေစိုး**



ဗြိတိန်နိုင်ငံသည် ကိုဗစ်-၁၉ ကာလအသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို တင်းတင်းကျပ်ကျပ် ပြုလုပ်ခဲ့သည့်နိုင်ငံဖြစ်သည်။

## ကြိုတင်စာရင်းပေးသွင်းမှုများပြုလုပ်

ဆောင်းတွင်းကာလအတွင်း အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို တင်းကျပ်ထားခဲ့သည်။ အရေးတကြီး မလိုအပ်သော ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ဇိမ်ခံပစ္စည်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ပိတ်ထားခဲ့ရသည်။ ပြည်သူများအနေဖြင့် ဖြစ်နိုင်လျှင် နေအိမ်မှသာ အလုပ်လုပ်ကိုင်ကြရန်လည်း အမိန့်ထုတ်ထားခဲ့သည်။ ယင်းသို့ တင်းကျပ်သည့် စည်းကမ်းချက်များအောက်တွင် ဆောင်းတွင်းတစ်တွင်းလုံး နေထိုင်ခဲ့ရပြီး ယခုအခါ အချို့သော ဗြိတိန်နိုင်ငံသားများသည် နိုင်ငံခြားခရီးစဉ်များ သွားလာခွင့်ပြုရန် အစိုးရမှ ဖြေလျှော့မပေးသေးသည့်တိုင် နွေရာသီခရီးစဉ်အတွက် ကြိုတင်စာရင်းပေးသွင်းမှုများ ပြုလုပ်နေကြပြီဖြစ်သည်။

## အလောတကြီး လုပ်ဆောင်

ဗြိတိန်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်မှာ လျင်မြန်တိုးတက်စွာ လုပ်ဆောင်ပေးနိုင်ခဲ့သည်။ အင်္ဂလန်ရှိ အသက် ၅၀ နှင့်အထက် ပြည်သူ ၉၅ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးပေးနိုင်ခဲ့ပြီဖြစ်သည်။ ဗြိတိန်အစိုးရသည် မေလ ၁၇ ရက်တွင် အပြည်ပြည်ဆိုင်ရာသို့ ခရီးသွားလာခွင့်ပြုမည်ဟု ဖေဖော်ဝါရီလကုန်ပိုင်းက ကြေညာခဲ့သည်။ ထို့နောက် ပြည်သူများသည် ၎င်းတို့၏ အားလပ်ရက်ခရီးစဉ်အတွက် ကြိုတင်စာရင်းပေးသွင်းမှုများကို အလောတကြီး လုပ်ဆောင်ခဲ့ကြသည်။ နိုင်ငံခြားခရီးစဉ်အတွက် ကြိုတင်စာရင်းပေးသွင်းမှုမှာ ၅၀၀ ရာခိုင်နှုန်းအထိ ခုန်တက်သွားသည်ဟု ဗြိတိန်နိုင်ငံ၏ အကြီးဆုံး အားလပ်ရက်ခရီးသွားကုမ္ပဏီကြီးဖြစ်သည့် Tui က ပြောကြားခဲ့သည်။

## ခရီးစဉ်အတွက် ပြင်ဆင်ထား

အင်္ဂလန်နိုင်ငံအရှေ့ပိုင်း နော့ဖလော့တွင် နေထိုင်သူ စတိဗ်ဟာန်မှာ ခရီးသွားရန် ပြင်ဆင်ထားသူတစ်ဦးလည်းဖြစ်သည်။ ၎င်းမှာ အသက် ၅၄ နှစ်အရွယ်ရှိပြီး အောက်တိုဘာလအတွင်း ဆိုက်ပရပ်စ်ခရီးစဉ်အတွက် ပြင်ဆင်ထားသည်ဟု ပြောသည်။ ၎င်းမှာ ကာကွယ်ဆေးထိုးပြီးပြီဖြစ်သည့်အတွက် ခရီးမထွက်နိုင်စရာအကြောင်းမရှိဟု ပြောသည်။ ကာကွယ်ဆေးထိုးပြီးပြီဖြစ်သည့်အတွက် စိတ်လုံခြုံမှု ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ တိုင်းပြည်အတွင်းရှိ ပြည်သူများလည်း စိတ်လုံခြုံမှု ခံစားရမည်ဟုထင်မြင်မိကြောင်းနှင့် ယင်းကြောင့်လည်းခရီးထွက်ရန် ပြင်ဆင်ရခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

## ဆုံးဖြတ်သွားမည်

ကိုဗစ်-၁၉ ကူးစက်မှုမှာ ဥရောပတွင် ဆက်လက် မြင့်တက်နေသည့်အတွက် အစိုးရသည် ခရီးသွားလာခွင့်ပိတ်ပင်ထားမှုကို အလုံးစုံ ဖြေလျှော့ပေးမည့်အစီအစဉ်အစား ကူးစက်မှုမြင့်သည့် ဒေသများအလိုက် အန္တရာယ်ဇုန်ကို အနီရောင်၊ အဝါရောင်နှင့် အစိမ်းရောင်အစရှိသဖြင့် သတ်မှတ်ကာ သတိပေးမှု ပြုလုပ်သွားမည်ဟု သိရသည်။ အန္တရာယ်ဇုန် သတ်မှတ်ထားသည့် အရောင် သတ်မှတ်ချက်အပေါ် မူတည်ကာ ခရီးစဉ်မှ ပြန်လာလျှင် အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူရန် ရှိ မရှိကို ဆုံးဖြတ်သွားမည်ဖြစ်သည်။ ခရီးသွားလာခွင့် ပြန်လည်စတင်ခွင့်ရလျှင်ပင် အများစုမှာ တတ်နိုင်သည့် အနေအထားတွင် ရှိဦးမည်မဟုတ်ပေ။ ဥပမာအားဖြင့် ဂရိနိုင်ငံသို့ ခရီးစဉ်တစ်ခုစာအတွက် ကိုဗစ်-၁၉ ဆေးစစ်မှု လေးခု လိုအပ်မည်ဖြစ်ပြီး ယင်းအတွက်ပေါင် ၂၅၀ ကုန်ကျမည်ဖြစ်သည်။

## စိုးရိမ်ပူပန်မှုများရှိ

ခရီးသွားစရိတ်တွင် ဆေးစစ်ချက်စရိတ်ကိုပါ ထည့်ပေါင်းရမည်ဖြစ်သည်။ ဗြိတိန်ရှိ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိများကမူ ကာလတိုအကျိုးအမြတ်ရရေးအတွက် လုပ်ဆောင်ခြင်းအပေါ် အဆိုးမြင်ကြသည်ဟု ခရီးသွားကုန်သွယ်မှု အဖွဲ့အစည်း အေဘီတီအေ၏ ပြောရေးဆိုခွင့်ရှိသူ ရှောင်တစ်တင်က ပြောသည်။ ခရီးသွားလာမှုလုပ်ငန်းအတွက် မျှော်လင့်ချက်များရှိသလို စိုးရိမ်ပူပန်မှုနှင့် စိတ်မသေချာမှုတို့လည်း ရှိနေသည်။

> “ကိုဗစ်-၁၉ ကူးစက်မှုမှာ ဥရောပတွင် ဆက်လက်မြင့်တက်နေသည့်အတွက် အစိုးရသည် ခရီးသွားလာခွင့်ပိတ်ပင်ထားမှုကို အလုံးစုံ ဖြေလျှော့ပေးမည့် အစီအစဉ်အစား ကူးစက်မှုမြင့်သည့် ဒေသများအလိုက် အန္တရာယ်ဇုန်ကို အနီရောင်၊ အဝါရောင်နှင့် အစိမ်းရောင် အစရှိသဖြင့် သတ်မှတ်ကာသတိပေးမှု ပြုလုပ်သွားမည်”

ခရီးသွားလုပ်ငန်းအတွက် ပြန်လည်ရှင်သန်လာမည့်အရိပ်ယောင်များပြလာသည်ဟု ခွန်စတန်တီနာဟာရီတိုက ပြောသည်။ ၎င်းမှာ အခန်း ၂၀ ပါသည့် ပင်လယ်ကမ်းခြေဟိုတယ်တစ်ခုကို ဦးစီးနေရသူလည်း ဖြစ်သည်။

## ဖြည်းဖြည်းချင်းပြန်တက်လာ

အဆိုပါဟိုတယ်မှာ ဂရိကျွန်းဖြစ်သည့် ကီဖာလိုနီယာတွင် တည်ရှိသည်။ ကျွန်းပေါ်တွင် နေထိုင်နေသည့် လူပေါင်း ၃၅၀၀၀ မှာ ခရီးသွားလုပ်ငန်းတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းလမ်းများဖြင့် ပါဝင်ပတ်သက်နေကြသူများဖြစ်သည်ဟု ၎င်းက ပြောသည်။ အဆိုပါ ကျွန်းသို့ လာရောက်သူ ခရီးသွား ၆၀ ရာခိုင်နှုန်းမှာ ဗြိတိန်နိုင်ငံမှ လာရောက်လည်ပတ်ကြသူများဖြစ်သည်။ ခွန်စတန်တီနာဟာရီတို၏ လုပ်ငန်းမှာလည်း ကိုဗစ်-၁၉ ကြောင့် ထိခိုက်ရသည့်လုပ်ငန်းဖြစ်သည်။ သို့သော်လည်း မတ်လလယ်မှစတင်ကာ တဖြည်းဖြည်းချင်း ပြန်တက်လာကြောင်း ၎င်းက ပြောသည်။ ယခုအခါ ၎င်းသည် ခရီးသွားများကို ပြန်လည်ကြိုဆိုရန် ပြင်ဆင်လျက်ရှိပြီး သေချာစွာ ပိုးသတ်ထားသည့်အခန်းများနှင့် အဝေးတစ်နေရာမှ ထိန်းချုပ်ခြင်းဖြင့် ခရီးသွားများပြန်လည် မြင့်တက်လာရန် မျှော်လင့်လျက်ရှိသည်။

## ပြင်ဆင်မှုပြုလုပ်ထား

၎င်းတို့ ဟိုတယ်ရှိ အခန်းသော့များကို ယူဗွီပေးထားသည့် ပိုးသတ်ထားသော သေတ္တာတွင် အချိန်ပြည့်ထားရှိမည်ဖြစ်ပြီး ခရီးသွားများသည် သော့များကို ဧည့်ကြိုကောင်တာတွင် ထားခြင်းနှင့် ယူဆောင်သွားခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။ ကျွန်းပေါ်ရှိ အချို့သောသူများမှာမူ ခရီးသွားများ အစုလိုက်ပြုံကျလာသည့်အတွက် ကျွန်းပေါ်တွင် ကူးစက်မှုများပြားလာမည်ကို စိုးရိမ်နေကြသည်။ ကျွန်းပေါ်တွင် ယခုအချိန်ထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၀၀ အောက်နည်းနည်းသာရှိသည်။ ကီဖာလိုနီယာကျွန်းပေါ်တွင် ဆေးရုံလည်း တစ်ရုံသာရှိသည်။ ကိုဗစ်-၁၉ ကူးစက်မှုများ ဖြစ်ပေါ်လာပါက ကုသမှုပေးနိုင်ရေး ပြင်ဆင်မှုများ ပြုလုပ်ထားသကဲ့သို့ ဟယ်လီကော်ပတာနှင့် စက်လှေများ ပြင်ဆင်မှုလည်း ပြုလုပ်ထားသည်။

## စိုးရိမ်ပူပန်မှုကိုပြောပြ

ကီဖာလိုနီယာကျွန်းပေါ်တွင် နေထိုင်သူ ပင်စင်စားတစ်ဦးမှာလည်း ခရီးသွားများ ပြန်လည်ဝင်ရောက်လာမည့်အရေးကို စိုးရိမ်နေသည်။ ကီဖာလိုနီယာကျွန်းမှာ ကမ္ဘာပေါ်ရှိ ၎င်းနေရာနိဗ္ဗာန်ဘုံသေးသေးလေးဖြစ်ကြောင်း ၎င်းက ပြောသည်။ ခရီးသွားများကြောင့် ကျွန်းပေါ်တွင် ကိုဗစ်-၁၉ ကူးစက်မှု ပေါ်ပေါက်လာပါက တစ်ကျွန်းလုံးအတွက် အန္တရာယ်ရှိနိုင်သည်ဟု ၎င်းက ပြောသည်။

နောက်ထပ်ဒေသခံတစ်ဦးကလည်း ၎င်း၏ စိုးရိမ်ပူပန်မှုကို ပြောပြခဲ့သည်။ အကယ်၍ နောက်ထပ်ခရီးသွားများ ထပ်မံဝင်ရောက်လာပြီး ရောဂါကူးစက်မှုပျံ့နှံ့လာပါက ဒေသခံဆေးရုံမှ ယင်းအခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်မည်မဟုတ်ဟု ၎င်းက ပြောသည်။

## ခရီးသွားများ ပြန်လည်လက်ခံဖွယ်ရှိ

ဂရိနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရေး အစီအစဉ်မှာ အရှိန်နှေးကွေးသည်။ ယခုအချိန်အထိ တိုင်းပြည်လူဦးရေ၏ ၂၀ ရာခိုင်နှုန်းသာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရသေးသည်။ သို့သော်လည်း ခရီးသွားလုပ်ငန်းမှာ တိုင်းပြည်စီးပွားရေး၏ ကြီးမားသော ဒေါက်တိုင်တစ်ခုဖြစ်သည်။ တိုင်းပြည် ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ ကာကွယ်ဆေးထိုးနှံမှု အပြည့်အဝ မပြီးစီးသေးလျှင်ပင် ခရီးသွားများ လက်ခံမှုကို စတင်သွားမည်ဟု အစိုးရက ပြောသည်။ မေ လ ၁၄ ရက်ကို ခရီးသွားရာသီအစဟု အစိုးရက သတ်မှတ်ထားသည်။ ဗြိတိန်မှ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုအတွက် ခွင့်ပြုချက်မပေးမီ သုံးရက်အလိုတွင် ဂရိ၌ ခရီးသွားများ ပြန်လည်လက်ခံဖွယ်ရှိသည်။ ဗြိတိန်နိုင်ငံတွင်မူ ကာကွယ်ဆေးထိုးပြီးသူများသည် ခရီးသွားလာရန် အဆင်သင့်ဖြစ်နေကြပြီဖြစ်သည်။ ။

**ကိုးကား - အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၆၆၁ ဦးရှိ

### (၂၀–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၉–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၆၀,၈၀၇) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၆၁) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၀၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**** ပြည်သူလူထုအနေဖြင့် COVID– 19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –**

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ် ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ COVID- 19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဧပြီ ၂၀**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများကို COVID– 19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများ အား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ပင်လောင်းမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ဖရူဆိုမြို့၊ ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ကြံခင်းမြို့နှင့် ပန်းတနော်မြို့၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး COVID – 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ရှုံးနိမ့်ထားသည့်အတွက် ဆောက်သမ်တန်အသင်း၏ ခြေစွမ်းကျဆင်းနေသည်ကို တွေ့ရသည်။ စပါးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ တွေ့ဆုံခဲ့သည့် ပထမအကျော့ ဆောက်သမ်တန်အိမ်ကွင်းတွင် စပါးအသင်းက ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် စပါး အသင်းကို ပထမဆုံးအကြိမ်ကိုင်တွယ်မည့် ယာယီနည်းပြ မေဆင် အနေဖြင့် ဆောက်သမ်တန်အသင်းကို အနိုင်ယူပြီး ရလဒ်ကောင်း စွမ်းဆောင်ပေးနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ဗီလာနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဧပြီ ၂၂ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ဗီလာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဗီလာ အသင်းသည် လက်ရှိအမှတ်ပေးဇယားတွင် အဆင့် (၁၁) နေရာတွင် ရပ်တည်နေပြီး မန်စီးတီးအသင်းက အမှတ်ပေးဇယားကို ဦးဆောင်ထားသည့် အသင်းဖြစ်သည်။ အဆိုပါနှစ်သင်းတွေ့ဆုံခဲ့သည့် ပထမအကျော့ မန်စီးတီးအသင်းအိမ်ကွင်းတွင် မန်စီးတီးအသင်းက ဆေးဗားလ်၊ ဂန်ဒိုဂန်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိထားသည်။ ဗီလာအသင်းသည် ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ပါက အဆင့် (၉) နေရာကို တက်လှမ်းလာနိုင်မည်ဖြစ်သည့်အတွက် အားစိုက်ကစားလာမည်ဖြစ်ပြီး မန်စီးတီးအသင်းကလည်း ဒုတိယနေရာမှ မြို့ခံပြိုင်ဘက် မန်ယူအသင်းကို အမှတ်ဆက်လက်ဖြတ်ထားနိုင်ရန်အတွက် အနိုင်ရရှိရန် အကောင်းဆုံးပြင်ဆင်လာဖွယ်ရှိနေသည်။

**အောင်ဇော်**

### ၂၀-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၄၇၆၆၉၉ | ၂၅၀၄၃၄၆၃ | ၅၈၁၅၇၂ |
| ၂။ | အိန္ဒိယ | ၁၅၄၁၃၉၇၄ | ၁၃၁၃၈၆၀၆ | ၁၈၀၉၇၈ |
| ၃။ | ဘရာဇီး | ၁၃၉၇၇၇၁၃ | ၁၂၄၆၀၇၁၂ | ၃၇၅၀၄၉ |
| ၄။ | ပြင်သစ် | ၅၂၉၆၂၂၂ | ၄၁၅၀၈၄၂ | ၁၀၁၁၈၀ |
| ၅။ | ရုရှား | ၄၇၁၈၈၅၄ | ၄၃၄၃၂၂၉ | ၁၀၆၃၀၇ |
| ၆။ | ဗြိတိန် | ၄၃၉၀၇၈၃ | ၄၁၅၆၁၃၅ | ၁၂၇၂၇၄ |
| ၇။ | တူရကီ | ၄၃၂၃၅၉၆ | ၃၇၃၆၅၃၇ | ၃၆၂၆၇ |
| ၈။ | အီတလီ | ၃၈၇၈၉၉၄ | ၃၂၆၈၂၆၂ | ၁၁၇၂၄၃ |
| ၉။ | စပိန် | ၃၄၂၈၃၅၄ | ၃၁၄၄၃၅၃ | ၇၇၁၀၂ |
| ၁၀။ | ဂျာမနီ | ၃၁၇၁၅၂၄ | ၂၈၀၃၆၀၀ | ၈၀၉၄၆ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၀ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၁၄၈၄၉ | ၁၄၆၈၁၄၂ | ၄၃၇၇၇ |
| ဖိလစ်ပိုင် | ၉၅၃၁၀၆ | ၈၀၉၉၅၉ | ၁၆၁၄၁ |
| မလေးရှား | ၃၇၉၄၇၃ | ၃၅၆၈၁၆ | ၁၃၈၉ |
| မြန်မာ | ၁၄၂၆၆၁ | ၁၃၁၉၀၈ | ၃၂၀၆ |
| စင်ကာပူ | ၆၀၈၆၅ | ၆၀၅၀၃ | ၃၀ |
| ထိုင်း | ၄၅၁၈၅ | ၂၈၉၅၈ | ၁၀၈ |
| ကမ္ဘောဒီးယား | ၇၄၄၄ | ၂၅၅၅ | ၄၉ |
| ဗီယက်နမ် | ၂၈၀၀ | ၂၄၉၀ | ၃၅ |
| ဘရူနိုင်း | ၂၂၃ | ၂၁၀ | ၃ |
| လာအို | ၅၈ | ၄၉ | ၀ |

# ၉-၄-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

၈၈။ **ရဲရဲတောက်ဂျာနယ်မှ အုပ်ချုပ်မှုအယ်ဒီတာ ဒေါ်သီရိနေလင်း**က မိမိတို့နိုင်ငံတွင် လူအများဆုံး အသုံးပြုနေသည့် facebook သည် ဒီမိုကရေစီ မရှိသည်မှာ ကျိန်းသေကြောင်း၊ တပ်မတော် သတင်းမှန်ပြန်ကြားရေး Account ဖြုတ်ချခံရသကဲ့သို့ မိမိတို့၏ Account များလည်း ဖြုတ်ချခံခဲ့ရကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံတွင် facebook ကဲ့သို့ ကိုယ်ပိုင် server တစ်ခုလုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း၊ လုပ်ဆောင်ရန် ရှိလျှင်လည်း မည်သည့်အခြေအနေရောက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

၈၉။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က facebook နှင့် အလားတူ အသုံးချနိုင်သည့် လူမှုကွန်ရက် application မျိုးကို စတင်စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မည်သည့်အချိန်တွင် အသုံးပြုနိုင်မည်ကို မိမိလည်း အာမခံ၍ မရသေးကြောင်း၊ အတော်အတန် ခရီးရောက်နေပြီဟု ပြောလိုကြောင်း၊ အချို့နေရာများတွင် စမ်းသပ်အသုံးပြုနေပြီဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

၉၀။ ... ၎င်း၏ ပဋိညာဉ်များရှိပြီးဖြစ်ကြောင်း၊ အဆိုပါ ပဋိညာဉ်များအတိုင်း ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ အသိုင်းအဝိုင်းသို့ ဝင်ရောက်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံ နှစ်နိုင်ငံပါပြီးဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် အာဆီယံနှင့် ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများ၏ အမြင်များနှင့် အာဆီယံနိုင်ငံများ၏အမြင်များကို မိမိတို့အနေဖြင့် လေးစားမှု ရှိကြောင်း၊ သို့သော် မိမိတို့၏ ရပ်တည်ချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် တည်ဆောက်ရေးနှင့် ဦးတည်ချက်(၅)ရပ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ အားလုံး၏ထင်မြင်ယူဆချက်များ၊ တိုင်းပြည်များ၏ ထင်မြင်ယူဆချက်များကို လေးစားသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

၉၂။ အဆိုပါမေးမြန်းမှုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယင်းအစည်း...

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး KNU တပ်မဟာ(၅) အနေဖြင့် ဇန်နဝါရီလမှ မတ်လကုန်အထိ ယင်းဒေသတွင် လမ်းဖောက်နေသည့် တပ်မတော် စစ်ကြောင်းကို ကားမိုင်းထောင်ခဲ့ခြင်း ၈ ကြိမ်၊ ချောင်းမြောင်းပစ်ခတ်မှု ၂၅ ကြိမ်၊ တပ်ဌာနချုပ်များကို ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့ခြင်းများရှိခဲ့ကြောင်း၊ အဆိုပါကိစ္စများကို တပ်မတော်အနေဖြင့် သည်းခံခဲ့သော်လည်း တပ်မတော်၏ စခန်းကို ဝင်ရောက်တိုက်ခိုက်ခြင်းသည် မှားယွင်းတိုက်ခိုက်ခြင်းမဟုတ်ကြောင်း၊ တမင်သက်သက် တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် KNU ဗဟိုတွင်ရှိသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ကန့်ကွက်ခြင်းများ၊ NCA စာချုပ်ပါအချက်များကို လိုက်နာရန် သတိပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တရားဝင်စာဖြင့်လည်း အကြိမ်ကြိမ် အကြောင်းကြားခဲ့ကြောင်း၊ KNU ဗဟိုဦးစီးကော်မတီဝင်များနှင့် KNLA စစ်ဦးစီးချုပ်တို့၏ တားမြစ်ချက်များကိုလည်း တပ်မဟာ(၅)အနေဖြင့် လိုက်နာမှုမရှိဘဲ NCA စာချုပ်ပျက်စီးစေရန် ဆောင်ရွက်လျက် ရှိကြောင်း၊ KNU ဗဟိုအနေဖြင့် NCA လမ်းကြောင်းအတိုင်း ...

> **“မိမိတို့အနေဖြင့် အာဆီယံနှင့် ပူးပေါင်းလက်တွဲ၍ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ အိမ်နီးနားချင်း နိုင်ငံများ၏ အမြင်များနှင့် အာဆီယံနိုင်ငံများ၏ အမြင်များကို မိမိတို့အနေဖြင့် လေးစားမှုရှိကြောင်း၊ သို့သော် မိမိတို့၏ရပ်တည်ချက် ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် တည်ဆောက်ရေး နှင့် ဦးတည်ချက်(၅)ရပ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်”**



သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသော လက်နက်ကိရိယာများအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသစဉ်။

၉၀။ **VOA သတင်းဌာနမှ သတင်းထောက် ဦးဇော်ထက်** က အာဆီယံမှ မြန်မာ့အရေးနှင့် ပတ်သက်၍ ညှိနှိုင်းဖြေရှင်းပေးမည်ဟု ပြောထားတာရှိကြောင်း၊ မြန်မာ့အရေးနှင့် ပတ်သက်၍ မကြာခင် အရေးပေါ်အစည်းအဝေးကျင်းပမည်ဟုလည်းကြားရပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံကို ဖိတ်ကြားထားခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဦးတည်ချက်(၅)ရပ်အတိုင်း ဆောင်ရွက်သွားမည်**

၉၁။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က အာဆီယံ အထူးထိပ်သီးအစည်းအဝေး ကျင်းပပြုလုပ်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့မှ အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံမှတစ်ဆင့် အဆိုပြုထားခြင်းရှိကြောင်း၊ အစည်းအဝေး ကျင်းပရန်အတွက် ညှိနှိုင်းဆဲအဆင့်ဖြစ်သည်ဟု သိရကြောင်း၊ မြန်မာ့အရေးနှင့်ပတ်သက်၍ ဆွေးနွေးနေမှုလည်းရှိကြောင်း၊ အာဆီယံတွင် အဝေး ပြုလုပ်ရေးနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆဲဖြစ်ကြောင်း၊ သို့သော် အာဆီယံ၏ Consensus ၊ Non-Interference နှင့် Chapter များကို လေးစားရန်လိုကြောင်း၊ ယင်းအစည်းအဝေးနှင့်ပတ်သက်၍ အားလုံး Consensus ရရှိရန် ညှိနှိုင်းဆဲဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

၉၃။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ယခုလတ်တလောတွင် KNU တပ်မဟာ(၅)ကို လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု သိရကြောင်း၊ အဘယ်ကြောင့် ထိုသို့ဆောင်ရွက်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**NCA စာချုပ်ပျက်စီးစေရန်ဆောင်ရွက်**

၉၄။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က KNU တပ်မဟာ(၅) အနေဖြင့် တပ်မတော်က အခြေပြုထားသည့် ထီးမူထစခန်းကို မတ်လ ၂၇ ရက် နံနက်ပိုင်းက ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ဆက်လက် လျှောက်လှမ်းသွားမည်ဖြစ်ကြောင်းနှင့် တပ်မဟာ(၅)၏ လုပ်ဆောင်ချက်များသည် KNUဗဟို၏ သဘောထားမပါဝင်သည်ကို တရားဝင်ပြောကြားခဲ့ကြောင်း၊ ယခုကဲ့သို့ တရားဝင်ပြောလာသည့်အတွက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် KNU အား တိုက်ခိုက်ခြင်း မဟုတ်ကြောင်း၊ တပ်မဟာ(၅)၏ နေရာကိုသာ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေကြောင်းဖြင့် တိုက်ခိုက်ရခြင်းမှာ အဓိကအနေဖြင့် နှစ်ဖက်အသေအပျောက်နည်းစေရန်ဖြစ်ကြောင်း၊ သတိပေးသည့်အနေဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခြေလျင်တပ်များဖြင့် တိုက်ခိုက်ပါက နှစ်ဖက် အသေအပျောက်များမည်ဖြစ်ကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်မှ မသက်ဆိုင်သည့် ကျေးရွာများ၊ နယ်မြေများကိုပါ ထိခိုက်မည်ဖြစ်၍ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဓိကအနေဖြင့် NCA ချိုးဖောက်သဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ KNU ဗဟိုကိုလည်း မိမိတို့အမြဲတမ်း ဆက်သွယ်လျက်ရှိကြောင်း၊ တပ်မဟာ (၅)သည် KNU ဗဟို၏ စကားကို နားထောင်ခြင်းမရှိဘဲ သူ့သဘောသူဆောင်သည်ဟု KNU ဗဟိုကလည်း မှတ်ချက်ပြုထားကြောင်း ပြန်လည်ဖြေကြားသည်။

၉၅။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဦးနော်ကိုကို**က ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ စစ်ဘေးရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ဟု သတင်းစာရှင်းလင်းပွဲအစပိုင်းတွင် ပြောကြားခဲ့ကြောင်း၊ သို့သော် ယခုရက်ပိုင်းအတွင်း ကချင်ပြည်နယ်တွင် မြစ်ကြီးနားနှင့် သိပ်မဝေးသည့် မြစ်ဆုံအနီးတွင် တိုက်ပွဲများကြောင့် ရွာသားများ ထွက်ပြေးနေရသည်ဟု သိရကြောင်း၊ အလားတူ ကရင်ပြည်နယ်ဘက်တွင်လည်း KNU တပ်မဟာ(၅) နယ်မြေအပါအဝင် KNU တပ်မဟာ (၃)၊ KNU တပ်မဟာ(၁)၊ KNU တပ်မဟာ(၆) နယ်မြေတို့တွင်လည်း တိုက်ပွဲများဖြစ်ပွားနေသည်ဟု သိရပါကြောင်း၊ အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်ပြီး သောင်းနှင့်ချီသည့် ကလေးသူငယ်များ၊ ကိုယ်ဝန်သည်များ၊ သက်ကြီးရွယ်အိုများမှာ စစ်ဘေးဒုက္ခသည်များဖြစ်နေကြောင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အဆိုပါကိစ္စများမှာ ယခုရက်ပိုင်းအတွင်း ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသားများ ယခုကဲ့သို့ စစ်ဘေးဒုက္ခသည်များ ထပ်မံ မဖြစ်စေရေး အကာအကွယ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ယခု စစ်ဘေးဒုက္ခသည်များမှာ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးနေရခြင်း၊ တောတွင်း၌ ဆင်းဆင်းရဲရဲ နေထိုင်ရခြင်းများ ဖြစ်ပေါ်နေကြောင်း၊ ၎င်းတို့အား ပုံမှန်အခြေအနေနှင့် ၎င်းတို့၏ ရပ်ရွာသို့ ပြန်ရောက်စေရန် မည်သို့ လုပ်ဆောင်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

## တိုက်ပွဲဖြစ်ရန် အကြောင်းမရှိ

၉၆။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပုံမှန်အခြေအနေ၊ ပုံမှန်အနေအထားဖြစ်ရန် ပထမဆုံးအနေဖြင့် သေနတ်သံတိတ်သွားရန် အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း AA အဖွဲ့နှင့် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ သို့သော် ယခုနှစ်ဆန်းပိုင်းမှစ၍ ရခိုင်ပြည် နယ်တွင် သေနတ်သံများ တိတ်သွားခဲ့ကြောင်း၊ သေနတ်သံများ တိတ်သွားသည့်နောက်ပိုင်း တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်များတွင် ပြန်လည် အခြေချနိုင်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ အဓိကအားဖြင့် နှစ်ဖက်လိုက်နာရန် လိုအပ်ကြောင်း၊ အထက်တွင် ပြောကြားခဲ့သည့်အတိုင်း KNU တပ်မဟာ(၅)နယ်မြေတွင် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် တိုက်ပွဲဖြစ်ပွားသည်ဟုဆိုရလျှင် NCA စာချုပ်ကို ချိုးဖောက်ပြီး တပ်မတော်စခန်းအား တိုက်ခိုက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ယခင်က တိုက်ပွဲများမရှိဘူးလားဟု ဆိုလျှင် ရှိခဲ့ပါကြောင်း၊ သို့သော် ရွာသူရွာသားများ ထွက်ပြေးရသည့် အခြေအနေအထိ မရှိခဲ့ကြောင်း၊ ယခင်က မိုင်းထောင်၊ မိုင်းဆွဲ၍ တိုက်ခိုက်ခဲ့ခြင်းများရှိခဲ့သော်လည်း အောက်ခြေအဆင့် စောင့်ကြည့်ရေးအဖွဲ့ JMC အဖွဲ့များနှင့်သာ ဖြေရှင်းခဲ့ရကြောင်း၊ သို့သော် ယခုဖြစ်စဉ်ကဲ့သို့ ပဋိပက္ခကြီးမားသည့် အခြေအနေ၊ NCA စာချုပ်ကို ချိုးဖောက်ပြီး တပ်မတော်စခန်းအား တိုက်ခိုက်ခဲ့သည့်အခြေအနေမျိုးဖြစ်ပါက တိုက်ပွဲများ မလွဲမသွေဖြစ်ပွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စောင့်ထိန်းကြရန် လိုအပ်မည်ဟု ပြောလိုကြောင်း၊ KIA ဘက်တွင် ဖြစ်ပွားနေသည့် ကိစ္စများကိုလည်း မိမိတို့သိပြီး ဖြစ်ကြောင်း၊ KIA မှ ဖားကန့်ဒေသဘက်တွင်ရှိသည့် တပ်မတော်စခန်းများနှင့် အဆိုပါ ဒေသတွင်ရှိသည့် ကုမ္ပဏီလုပ်ကွက်များမှ ရဲကင်းစခန်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည့်အပေါ် မီဒီယာများနှင့် လေ့လာသုံးသပ်သူများအနေဖြင့် နှစ်ဖက်မျှမျှတတ ကြည့်ရန် လိုအပ်ကြောင်း၊ ယခင်က မျှခြေအဆင့်ရှိနေသည့် အခြေအနေမှ တိုက်ပွဲဖြစ်ပွားရသည်မှာ အကြောင်းအရင်းတစ်ခုရှိကြောင်း၊ ထိုအကြောင်းအရင်းကို ရှောင်ရှားနိုင်ပါက တိုက်ပွဲဖြစ်ရန် အကြောင်းမရှိကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

၉၇။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဦးနော်ကိုကို**က KNU တပ်မဟာ(၅)အနေဖြင့် တပ်မတော်စခန်းအား စတင်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ လေကြောင်းဖြင့် ပြန်လည်တိုက်ခိုက်ခဲ့သည်ဟု အကြမ်းဖျင်း နားလည်ပြီးဖြစ်ကြောင်း၊ အမှန်တကယ် မိမိတို့မြင်ရသည်မှာ KNU တပ်မဟာ (၅)မှလူများ ကျသွားသည်ကို မြေပြင်တွင် မတွေ့ရကြောင်း၊ ရွာမှလူများ ထွက်ပြေးနေသည်ကိုတွေ့ရကြောင်း၊ အဆိုပါ သောင်းဂဏန်းဖြင့်ချီသည့် လူများကို ၎င်းတို့၏ ဘေးဒုက္ခမှ သက်သာလျော့ပါးအောင် လက်တွေ့ကျကျ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း ဆက်လက်မေးမြန်းသည်။

၉၈။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဆိုပါနယ်မြေအတွင်းသို့ မိမိတို့တပ်မတော်အနေဖြင့်လည်း ဝင်ရောက်ခြင်းမရှိကြောင်း၊ IDP Camp များ၊ နေရပ်စွန့်ပြောင်းသူများနှင့် ပတ်သက်ပြီး မြို့ပေါ်သို့ ရောက်လာသည်ဖြစ်စေ၊ နီးစပ်ရာရွာများသို့ ရောက်လာသည်ဖြစ်စေ တပ်မတော်အနေဖြင့် ကူညီထောက်ပံ့ရန် အဆင်သင့်ရှိကြောင်း၊ တပ်မတော်အနေဖြင့်သာမက ယခင်က သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့်လည်း ယခင်ကတည်းက ရခိုင်ဒေသတွင် တိုက်ပွဲရှောင် နေရပ်စွန့်ပြောင်းသူများနှင့် IDP Camp များရှိ ပြည်သူများကို မိမိတို့နိုင်ငံသားများဖြစ်သည့်အတွက် လျစ်လျူရှုမထားကြောင်း၊ မိမိတို့လက်လှမ်းမီသည့် နယ်မြေအတွင်းသို့ ရောက်လာပါက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် စားဝတ်နေရေးမှအစ တာဝန်ရှိသလို ကူညီစောင့်ရှောက် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၉၉။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဦးနော်ကိုကို**က ဆက်လက်မေးမြန်းရာတွင် ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း ဖြစ်စဉ်များကြောင့် အရပ်သား ပြည်သူများ သေဆုံးမှုများရှိခဲ့ကြောင်း၊ တပ်မတော်၏ ပြောကြားချက်များအရ အဓိကရုဏ်းနှိမ်နင်းရေး၊ ဖြိုခွင်းရေး လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်ဟု သိရကြောင်း၊ အဆိုပါဖြစ်စဉ်များတွင် သေဆုံးမှုများ ရှိခဲ့သည်ဟုလည်း သိရကြောင်း၊ သီးခြားအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအရ ယနေ့အထိ ၆၀၀ ကျော်ခန့် ရှိပြီဟု သိရကြောင်း၊ အမည်၊ အသက်၊ နေရပ်များကို အတည်ပြု၍ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါလူများထဲတွင် မိမိတို့၏ သားသမီးအရွယ်၊ တူ တူမအရွယ် ကလေးငယ်များ ပါဝင်ကြောင်း၊ မော်လမြိုင်၊ မန္တလေး စသည့်မြို့များမှဖြစ်ကြောင်း၊ ရန်ကုန်တွင်လည်း နိုင်ငံခြားဘဏ်ခွဲတစ်ခုမှ ဝန်ထမ်းတစ်ဦးက အိမ်သို့ပြန်လာစဉ် ဖယ်ရီကားပေါ်တွင် အပစ်ခံရသဖြင့် သေဆုံးခဲ့ရကြောင်း၊ အဆိုပါ ဖြစ်စဉ်များသည် မည်ကဲ့သို့ လုပ်ထုံးလုပ်နည်း၊ မည်သည့်ဥပဒေနှင့်အညီ သေဆုံးခဲ့ရသည်ကို သိရှိလိုကြောင်း ဆက်လက်မေးမြန်းသည်။

## စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ

၁၀၀။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီး ပြောသကဲ့သို့ ၆၀၀ ကျော် ရှိပြီဟု AAPP မှ ထုတ်ပြန်ထားသည်ကို သိရှိပါကြောင်း၊ အမည်စာရင်းဖြင့် ထုတ်ပြန်ထားသည်ကိုလည်း သိရှိပါကြောင်း၊ မိမိတို့အနေဖြင့် သေမှုသေခင်း ဖွင့်လှစ်ထားသည့် ဆူပူဆန္ဒပြသူစာရင်းတွင် ကျား ၂၃၇ ဦး၊ မ ၁၁ ဦး စုစုပေါင်း ၂၄၈ ဦး ရှိပါကြောင်း၊ ဒဏ်ရာရရှိမှုအနေဖြင့် ၄၀၁ ဦးရှိကြောင်း၊ အဆိုပါဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ ဆေးရုံများတွင် ဆေးဝါး ကုသပေးလျက်ရှိကြောင်း၊ ဆူပူဆန္ဒပြမှုများအား ဖြိုခွင်းရာတွင် နှစ်မျိုးရှိကြောင်း၊ လမ်းပေါ်တွင် ဆန္ဒပြသူများအား ဖြိုခွင်းခြင်းနှင့် အကြမ်းဖက် ဆန္ဒပြသူများအား ဖြိုခွင်းခြင်းတို့ဖြစ်ကြောင်း၊ ရဲစခန်းများအား ဝင်ရောက်စီးနင်းခဲ့သဖြင့် ပစ်ခတ်ဖြိုခွဲခဲ့ရခြင်းများရှိကြောင်း၊ အဆိုပါအခြေအနေတွင် အနီးကပ်တိုက်ခိုက်ရသည့်အတွက် အနီးကပ် ပစ်ခတ်ရခြင်းများရှိကြောင်း၊ ရဲစခန်းကဲ့သို့ နေရာများနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် နေရာများကို ဝင်ရောက်တိုက်ခိုက်သဖြင့် ကျည်ဆန်သုံး၍ ပစ်ခတ်ခဲ့ရခြင်းများရှိကြောင်း၊ သတင်းထောက်ကြီးပြောသကဲ့သို့ မှားယွင်း ပစ်ခတ်မှုများလည်း ရှိနိုင်ကြောင်း၊ ဆူပူဆန္ဒပြသူများကြားသို့ ကားဖြင့် ထွက်လာခြင်း၊ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခြင်း စသည့်အခြေအနေများတွင် မှားယွင်း ပစ်ခတ်မှုများ ရှိနိုင်ပါကြောင်း၊ လူ ၅ ယောက်သေသွားပြီ၊ ၆ ယောက်သေသွားပြီ၊ အဘယ့်ကြောင့် ကျည်စစ်ကျည်မှန်နှင့် ပစ်ခတ်နေသနည်းဟု ပြောနေသည်များကို ကြားရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မောင်းပြန်သေနတ်များသုံးပြီး ပစ်ခတ်နေသည်၊ ကျည်ဆန်အစစ်သုံးပြီး အတွဲလိုက် ပစ်ခတ်နေသည်ဟု ပြောကြကြောင်း၊ သေနတ်အကြောင်းသိသူများရှိသကဲ့သို့ မသိသည့်သူများလည်း ရှိမည်ဖြစ်ကြောင်း၊ မြင်ဖူးသည့်သူများရှိသကဲ့သို့ မမြင်ဖူးသည့်သူများလည်း ရှိမှာဖြစ်ကြောင်း၊ အနည်းဆုံးအနေဖြင့် သေနတ်ဖြင့်ပစ်ခတ်သည်ကို ရုပ်ရှင်ထဲတွင်၊ ဇာတ်ကားများထဲတွင် မြင်ဖူးကြလိမ့်မည်ဖြစ်ကြောင်း၊ အမှန်တကယ်သာ ယခုဆန္ဒပြနေသည့် လူအုပ်စုအား မောင်းပြန်ရိုင်ဖယ်ဖြင့် အတွဲလိုက်ပစ်ခတ်မည်ဆိုပါက ယခု သတင်းထောက်ကြီးပြောနေသည့် လူ ၅၀၀ ဆိုသည့်ပမာဏသည် နာရီပိုင်းအတွင်း သေဆုံးနိုင်ပါကြောင်း၊ ယခုဆန္ဒပြမှုများသည် လနှင့်ချီနေပြီကို စဉ်းစားကြည့်စေလိုကြောင်း၊ မောင်းပြန်ရိုင်ဖယ်တစ်လက်၏ ပစ်ခတ်မှုနှုန်း၊ လုပ်ဆောင်မှုနှုန်းကိုလည်း စဉ်းစားကြည့်စေလိုကြောင်း၊ မောင်းပြန်ရိုင်ဖယ် မဟုတ်သည့် ကျည်စစ်ကျည်မှန်ဖြင့် ပစ်ခတ်နေရသည့် Automatic ရိုင်ဖယ်များ၊ Semi Automatic ရိုင်ဖယ်များ၏ ပစ်ခတ်မှုနှုန်းကိုလည်း သိပြီးဖြစ်ကြောင်း၊ နိုင်ငံခြားသတင်းမီဒီယာများမှ မျက်စိစုံမှိတ်၍ ရေးသားနေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မှားယွင်းမှုများမရှိ၊ ခြောက်ပစ်ကင်းသဲလဲစင်ပါသည်ဟု မပြောလိုကြောင်း၊ ၎င်းတို့၏စိတ်ခံစားမှုများအရ မှားယွင်းကောင်းမှားယွင်းနိုင်ကြောင်း၊ မိမိတို့ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့် ဘဏ်ဝန်ထမ်းကိစ္စကိုလည်း စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားဥပဒေအတိုင်းဖြစ်စေရမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

၁၀၁။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဦးနော်ကိုကို**က လက်ရှိ ဖြစ်ပွားနေသည့် ပြဿနာများနှင့် ပတ်သက်၍ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင်လည်း မေးကြ၊ ဖြေကြသည်ကို သတိထားမိပါကြောင်း၊ ညှိနှိုင်းဆွေးနွေးရန် ပြည်ပနိုင်ငံကြီးများနှင့် တရုတ်နှင့် အာဆီယံကပါ တိုက်တွန်းထားတာရှိပါကြောင်း၊ ယခင်က ယခုလို ညှိနှိုင်းမှုများ ပြုလုပ်ရန်၊ မည်သူကမှမပြောကြ၊ မတိုက်တွန်းခဲ့ကြဟု ဗိုလ်ချုပ် ပြန်ဖြေခဲ့သည်များလည်းရှိပါကြောင်း၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မတိုင်မီကတည်းကပင် တစ်ဖက်နှင့်တစ်ဖက် အငြင်းပွားမှုများ အရှိန်မြင့်တက်လာခဲ့ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများ အပါအဝင် ပြည်ပသံရုံးအချို့ကပါ ညှိညှိနှိုင်းနှိုင်း ဖြေရှင်းကြရန် မေတ္တာရပ်ခံခြင်း၊ တိုက်တွန်းခြင်းများ ပြုလုပ်ခဲ့သည်ကို မိမိတို့ သတိထားမိခဲ့ပါကြောင်း၊ ယခုအချိန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ၊ သေဆုံးမှုများလည်း ဖြစ်လာနိုင်သည်ဟု ဗိုလ်ချုပ် သတိပေးခဲ့သကဲ့သို့ ဖြစ်လာခဲ့ပြီး ယခုဒီပမာဏအထိ သေဆုံးပြီးဖြစ်ပြီး နောက်ထပ် မည်မျှသေဆုံးပြီးမှ ပြီးမည်လဲ၊ အခြားနည်းလမ်းများ ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

၁၀၂။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က တပ်မတော်အနေဖြင့် ညှိနှိုင်းဆွေးနွေးရေးလမ်းကြောင်းသို့ တောက်လျှောက်သွားခဲ့ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးရေးနှင့် ပတ်သက်၍ မဲစာရင်းများ စတင်ထုတ်ပြန်ပြီးကတည်းက ညှိနှိုင်းဆွေးနွေးရန် တရားဝင်ထုတ်ပြန်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ပြောကြားခဲ့ခြင်းများလည်း ရှိကြောင်း၊ လူလွှတ်ပြီး ပြောကြားခဲ့ခြင်းများလည်း ရှိပါကြောင်း၊ အဆိုပါအခြေအနေများကို ငြင်းပယ်ခံရသဖြင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခြေအနေတွင် လက်ငင်းဆောင်ရွက်ရမည့်ကိစ္စများကို လက်ငင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်လုပ်ဆောင်မည့်လမ်းစဉ်အနေဖြင့် နိုင်ငံကြီးများ၏ အကြံပြု ပြောကြားချက်များ၊ အိမ်နီးချင်းနိုင်ငံများ၏ အကြံပြုပြောကြားချက်များ၊ အခြားနိုင်ငံရေး၊ ဘာသာရေး၊ စီးပွားရေး နယ်ပယ်များတွင် တာဝန်ရှိပုဂ္ဂိုလ်များ၏ အကြံပြုပြောကြားချက်များကိုလည်း လေးစားလက်ခံ၍ အတတ်နိုင်ဆုံး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်း ပြောကြားပြီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြံပြုချက်များ၊ ညှိနှိုင်းချက်များနှင့် ပတ်သက်၍ လေးစားပါကြောင်း၊ တတ်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၁၀၃။ **ဆက်လက်ပြီး ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုနှစ်သင်္ကြန်နှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်မှုအပိုင်းကို ပြောကြားရာ သင်္ကြန်ကာလအတွင်း ကိုဗစ်–၁၉ ကာလ ဖြစ်သဖြင့် စင်ကြီးများနှင့် မဏ္ဍပ်အကြီးများအား ခွင့်ပြုမည်မဟုတ်ကြောင်း၊ သို့သော် တစ်ပိုင်တစ်နိုင် ပေ ၂၀ ထက် ပိုမကျယ်သည့် မဏ္ဍပ်များနှင့် ရပ်ကွက်၊ ကျေးရွာအလိုက် ဆောင်ရွက်နိုင်ကြောင်း၊ ကိုဗစ်–၁၉ စည်းကမ်းနှင့်အညီ ရေကစားနိုင်ရေးနှင့်ပတ်သက်ပြီး ယနေ့သတင်းထုတ်ပြန်နိုင်မည်ဟု ထင်မိကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးကာလတွင် မြန်မာပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

> “တပ်မတော်အနေဖြင့် ညှိနှိုင်းဆွေးနွေးရေး လမ်းကြောင်းသို့ တောက်လျှောက်သွားခဲ့ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးရေးနှင့် ပတ်သက်၍ မဲစာရင်းများ စတင်ထုတ်ပြန်ပြီးကတည်းက ညှိနှိုင်းဆွေးနွေးရန် တရားဝင်ထုတ်ပြန်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ပြောကြားခဲ့ခြင်းများလည်း ရှိကြောင်း၊ လူလွှတ်ပြီး ပြောကြားခဲ့ခြင်းများလည်း ရှိပါကြောင်း၊ အဆိုပါအခြေအနေများကို ငြင်းပယ်ခံရသဖြင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်”

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော် မေ ၂၀

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှု ဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Noe HtetHtet Naing https://www.facebook.com/noehtethtet.naing.7 | နှင်းပွင့်ဖြူ   | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Han Nay Tar https://www.facebook.com/hannaytarr | ဟန်နေတာ   | ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | J Fire https://www.facebook.com/JFireOfficialFBPage | အောင်ကိုငြိမ်း   | ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Aung Khaing Swe https://www.facebook.com/aung.khaing.71 | မင်းအောင်ခိုင် (ခ) အောင်ခိုင်ဆွေ   | (ခေတ္တ စင်ကာပူနိုင်ငံ) | ၅၀၅-က |  |
| ၅ | Thuya Thet Tin https://www.facebook.com/zaw.phay.71 | သူရသက်တင်  | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | နီ လာ စိန် https://www.facebook.com/nilar.sein.75 | နီလာစိန်  | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Lanmadaw - Thein Zaw https://www.facebook.com/ 110155084170605/ | သိန်းဇော်   | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | စံထားညို https://www.facebook.com/profile.php?id=100026980665579 | ရွှေရည်ဦး   | သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | Zwe Hlaing Hmee https://www.facebook.com/zwehlainghmee | ဇွဲလှိုင်မှီ  | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | Thet Pai https://www.facebook.com/thet.pai.3994 | သက်ပိုင်   | ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | Wint Wah Htun https://www.facebook.com/wint.wah.357 | ဝင့်ဝါထွန်း   | ရှားတောမြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၁၂ | Sai Lao Hliang Pan https://www.facebook.com/sai.hlaingpan | စိုင်းလောဝ်လျှန်းပန်   | မူဆယ်မြို့၊ ရှမ်းပြည်နယ် | ၅၀၅-က |  |
| ၁၃ | Moe Tain Lay https://www.facebook.com/moe.t.lay.1466126 | မိုးတိမ်   | အင်းတော်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၄ | AK Moe (Nsk) https://www.facebook.com/nskool.tesr | အောင်ကျော်မိုး   | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | Han Soe https://www.facebook.com/profile.php?id=100020649821849 | ဟန်စိုး   | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | ထိပ်တန်းဆိုင်ကယ်ပြုပြင်ရေး https://www.facebook.com/profile.php?id=100014195943320 | ဟိန်းရာဇာထွန်း  | ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | ရွှေ ရင် ခတ် ခတ် https://www.facebook.com/dawnilar.win.94009 | နီလာဝင်း  | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | John Htoi Aung II (Ko John) https://www.facebook.com/johnhtoiaung2 | ကိုဂျွန်   | မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ၅၀၅-က |  |
| ၁၉ | U Khin https://www.facebook.com/khin.zaw.948 | ခင်ဇော်   | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | Moe Thway https://www.facebook.com/Moethway | မိုးသွေး   | ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ပါပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ် စာစောင်စာရင်းတွင် မိုလိုတော့ဗ် စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၂-၄-၂၀၂၁)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၄ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီဆွေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်နှင့် ပြည်သူကောင်းကျိုးကို ဆောင်ကြဉ်းကြမည့်သူများ

နေခြည်သွေး

ပြီးခဲ့သည့်နှစ်လကျော်ကာလ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူထားချိန် စာရေးသူတို့ ဝန်ထမ်းတွေအဖို့လည်း တွေဝေစရာ၊ ဒွိဟဖြစ်စရာအခြေအနေတွေနဲ့ ကြုံခဲ့ရပါတယ်။

**"အဲဒီအချိန်မှာ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ ဝန်ထမ်းကျင့်ဝတ်စာအုပ်ကလေးကို သေသေချာချာ ဖတ်ရှုမိတာပေါ့။ သူတို့ပြောသလို အရေးယူလို့မရဘူးဆိုတာ မဟုတ်တဲ့အကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကိုသာ စောင့်သိရမယ်ဆိုတဲ့ အကြောင်းကိုပိုပြီး သတိပြုမိခဲ့ပါတယ်။ အကယ်၍ တို့တစ်တွေ အလုပ်မဆင်းကြရင် ထိခိုက်ခံစားရမယ့် သူတွေအထဲ အနီးစပ်ဆုံး ကိုယ့်မိသားစု စားဝတ်နေရေးကို ထိခိုက်ရမယ်၊ ဌာနနဲ့ဆက်စပ် လုပ်ကိုင်နေကြတဲ့ ပြည်သူတွေ အနှောင့်အယှက်ဖြစ်ကြရမယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဆောင်ကြဉ်းရမယ့်သူတွေ၊ သူတို့ အခက်တွေ့အောင် လုပ်ဆောင်ကြရမယ့် သူတွေ မဟုတ်ဘူးဆိုတာကို ဆင်ခြင်မိလာခဲ့ပါတယ်။ တစ်ဖက်မှာလည်း မိတ်ဆွေတွေက အလုပ်မဆင်းကြဖို့ နှိုးဆော်သံတွေကလည်း ကျယ်လောင်လာခဲ့ပြီ"**

ဌာနမှာ ဆယ်စုနှစ်တစ်ခုနီးပါး ဖြတ်သန်းလာခဲ့ပြီး လုပ်ငန်းအတွေ့အကြုံ အထိုက်အလျောက် ပြည့်ဝလာချိန်၊ မိသားစုနှင့်အတူ ဝန်ထမ်းအိမ်ရာလေးအတွင်း ဘဝအမှတ်တရများကို ဖြတ်သန်းချိန်မှာ မိတ်ဆွေလုပ်ဖော်ကိုင်ဖက် အချို့နဲ့အတူ ရှေ့ဆက်ရမယ့် ဘဝခရီးအကြောင်း တိုင်ပင်မိကြတယ်။ CDM တဲ့...။ လက်ရှိတာဝန်ယူထားတဲ့ အစိုးရကို ဆန့်ကျင်တဲ့အနေနဲ့ အလုပ်တွေမဆင်းကြတော့ဘူး၊ အဆောင်တွေ၊ အိမ်တွေမှာပဲ ဆက်ပြီးနေကြမယ်၊ အဲဒီလိုနေလို့ အရေးယူလို့မရဘူးတဲ့။ ဖေ့စ်ဘွတ်မှာလည်း ဝန်ထမ်းတွေ CDM လုပ်ကြဖို့ အားလုံးက တိုက်တွန်းကြတယ်။ အကယ်၍ လစာမရခဲ့ရင်တောင် ပြင်ပအဖွဲ့အစည်းတွေက လစာတွေပေးဦးမှာ၊ နေစရာတွေ၊ စားစရာတွေ စီစဉ်ပေးဦးမှာတဲ့။

## ကျေးဇူးသစ္စာကိုသာ စောင့်သိရမယ်

အဲဒီအချိန်မှာ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ ဝန်ထမ်းကျင့်ဝတ်စာအုပ်ကလေးကို သေသေချာချာ ဖတ်ရှုမိတာပေါ့။ သူတို့ပြောသလို အရေးယူလို့မရဘူးဆိုတာ မဟုတ်တဲ့အကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကိုသာ စောင့်သိရမယ်ဆိုတဲ့ အကြောင်းကို ပိုပြီး သတိပြုမိခဲ့ပါတယ်။ အကယ်၍ တို့တစ်တွေ အလုပ်မဆင်းကြရင် ထိခိုက်ခံစားရမယ့် သူတွေအထဲ အနီးစပ်ဆုံး ကိုယ့်မိသားစု စားဝတ်နေရေးကို ထိခိုက်ရမယ်၊ ဌာနနဲ့ဆက်စပ် လုပ်ကိုင်နေကြတဲ့ ပြည်သူတွေ အနှောင့်အယှက်ဖြစ်ကြရမယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဆောင်ကြဉ်းရမယ့် သူတွေ၊ သူတို့ အခက်တွေ့အောင် လုပ်ဆောင်ကြရမယ့်သူတွေ မဟုတ်ဘူးဆိုတာကို ဆင်ခြင်မိလာခဲ့ပါတယ်။ တစ်ဖက်မှာလည်း မိတ်ဆွေတွေက အလုပ်မဆင်းကြဖို့ နှိုးဆော်သံတွေကလည်း ကျယ်လောင်လာခဲ့ပြီ။

ဌာနအကြီးအကဲတွေက အလုပ်အတင်းအကျပ် ပြန်ဆင်းဖို့ ဖိအားမပေးခဲ့ကြတာကလည်း စာရေးသူတို့ နိုင်ငံ့ဝန်ထမ်းတွေအဖို့ အားသစ်တစ်ရပ်ဖြစ်ခဲ့ရပါတယ်။ အကြီးအကဲတွေရဲ့ ဆိုဆုံးမမှုစကားသံတွေထဲမှာ မိမိရဲ့ တပည့်သားမြေးတွေ အလုပ်အကိုင်တွေထိခိုက်၊ စားဝတ်နေရေးတွေ အဆင်မပြေဖြစ်လာနိုင်တာကို အတန်တန်ထည့်သွင်းပြောကြားသွားတဲ့အခါ စာရေးသူတို့ရဲ့ CDM အိပ်မက်ဟာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားတော့တာပါပဲ။ အဲဒီအခါမှာ လုပ်ဖော်ကိုင်ဖက်အချို့ကတော့ CDM လောင်းရိပ်မှာ မိနေကြတော့တာပေါ့။ "ထွက်လာခဲ့ပါ၊ မိသားစုအတွက် နေစရာ၊ စားစရာ မပူရတဲ့အပြင် လစာလည်းရတယ်" ဆိုတဲ့ စကားသံတွေက စာရေးသူတို့ ကျန်ရစ်ခဲ့တဲ့ ဝန်ထမ်းမိသားစုတွေရဲ့ နားထဲကို မတိုးတော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံ့ဝန်ထမ်းအဖြစ် အလုပ်အကိုင်ကို ရွေးချယ်လျှောက်လှမ်းခဲ့ကြတာမို့ နိုင်ငံတော်နဲ့ ပြည်သူအတွက် ဆက်၍သာ ဝန်ထမ်းဘဝကို ဖြတ်သန်းတော့မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချထားမိပါတယ်။

သိပ်မကြာပါဘူး။ လစာလည်းရတယ်၊ နေစရာငြိမ်းဆိုတဲ့ မိတ်ဆွေတွေ အပြေးအလွှားနဲ့ ဇာတိရပ်ရွာတွေဆီ ပြန်ကြရတယ်။ တစ်ဖက်မှာလည်း သူတို့ရနေတဲ့ လစာတွေ မပေးနိုင်ကြတော့ဘူး။ ဌာနအသီးသီးကလည်း ဝန်ထမ်းတွေကို သတိပေးစာတွေ အကြိမ်ကြိမ်ပို့နေပြီ။ အဲဒီအချိန်မှာ ဌာနကို ပြန်လည်ရောက်ရှိလာတဲ့ ဝန်ထမ်းအချို့လည်း ရှိသလို ပြန်လည်မရောက်လာတော့တဲ့ မိတ်ဆွေဝန်ထမ်းတွေဟာ အလုပ်ပြုတ်စာ တစ်စောင်နဲ့ ဌာနကို အပြီးစွန့်ခွာသွားကြပါတော့တယ်။ ကိုယ်ပိုင်အလုပ်လုပ်သူရှိသလို အချိန်တန်ရင် သူတို့မျှော်လင့်တဲ့အစိုးရက သူတို့ကို အလုပ်ပြန်ခန့်မယ်ဆိုတဲ့ မဖြစ်နိုင်တဲ့ မျှော်လင့်ချက် (False Hope) တွေပိုက်ပြီး စောင့်နေကြသူတွေလည်း မနည်းမနောပါပဲ။

နောက်ပိုင်းမှာ CDM ကို အရှိန်မြှင့်တဲ့အနေနဲ့ တံခါးပိတ်ပါတော့မယ်၊ အမြန်လာပါ ဆိုပြီး တပ်လှန့်ပေမယ့် နိုင်ငံ့ဝန်ထမ်းတွေကို ထပ်မံ မဆွဲဆောင်နိုင်တော့ဘဲ CDM လှုံ့ဆော်မှုတွေကလည်း ရပ်တန့်သွားတော့တာပါပဲ။ စာရေးသူတို့လို CDM မလုပ်ဘဲ ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်နေရတဲ့ ဝန်ထမ်းတွေကို တိုက်ခိုက်မှုတွေကလည်း အစုံအလင်ပါပဲ။ အွန်လိုင်းမှာ အမည်နဲ့တကွ အရုပ်တကွဲ ဖော်ပြခံကြရတာရှိသလို၊ စောင်းပါးရိပ်ခြည် ရေးသားပြီး စော်ကားမှုတွေကိုလည်း ကြုံကြရပါတယ်။ ရုံးအောက်ကနေ ရုံးတက်နေတဲ့ ဝန်ထမ်းတွေကို အော်ဟစ်ဆဲဆိုတာ၊ ရုံးဆင်းချိန် ရုံးပေါက်ဝကနေစောင့်ဆိုင်းပြီး လိုက်ဖ်လွှင့်အရှက်ခွဲတာမျိုးနဲ့ ဝန်ထမ်းတွေ ရုံးမသွားနိုင်အောင် ရုံးတံခါးဝတွေ ပိတ်ဆို့တာမျိုးကိုလည်း ကြုံခဲ့ကြရတာပါ။

ဒါပေမယ့် **အချိန်ကာလ နှစ်လကျော်လွန်မြောက်ပြီးချိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ စနစ်တကျနဲ့ ကိုင်တွယ်ဖြေရှင်းပြီးချိန်မှာတော့ စာရေးသူတို့တစ်တွေ ရုံးကို စိတ်ဖြောင့်ဖြောင့် တက်နိုင်ကြပါပြီ။ CDM ကို နောက်ဆုံးအချိန်အထိ ဖက်တွယ်ထားတဲ့ မိတ်ဆွေသူငယ်ချင်းတွေကတော့ ဇာတိပြန်သူပြန်၊ အလုပ်ရှာသူရှာနဲ့ ဘဝလမ်းကြောင်း တစ်ဆစ်ချိုးပြောင်းလဲကြရတော့မယ်ဆိုပြီး စိတ်မသက်မသာတွေးမိပါတယ်။ ဒီမိုကရေစီလမ်းကြောင်း မဖြောင့်ဖြူးမှာ စိုးရိမ်တဲ့အတွက် ဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီအမည်ခံ အာဏာရှင်တွေကို အရေးယူတဲ့ကိစ္စမှာ မဆီမဆိုင် မိမိတို့ မိတ်ဆွေ နိုင်ငံ့ဝန်ထမ်းတွေဟာ CDM ဆိုတဲ့ ထောင်ချောက်မိပြီး မြေစာပင်ဖြစ်ခဲ့ရပါပြီ။**

ကိုယ်ကျိုးစီးပွား ရှာနေ

ပြီးခဲ့တဲ့ရက်ပိုင်းက ဝန်ထမ်းရပ်ကွက်တစ်ခုထဲကို CRPH လို့ခေါ်တဲ့ တရားမဝင် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းက ကိုယ်စားလှယ်တော်တွေ လာရောက်ခဲ့တဲ့ အကြောင်းအရာလေးတစ်ခုကို ကြားသိရပါတယ်။ ဝန်ထမ်းတွေက သောင်းသောင်းဖြဖြ မကြိုဆိုကြတဲ့အပြင် အားနာနာနဲ့ လူအနည်းအကျဉ်းတော့ တက်ရောက်ခဲ့ကြတဲ့ ပွဲလေးတစ်ခုပါ။ အလုပ်ပြန်မဆင်းကြဖို့၊ လစာတွေ မထုတ်ကြဖို့၊ နည်းနည်းထပ်ပြီးတောင့်ခံကြဖို့ ကိုယ်စားလှယ်ဆိုသူတွေကပြောတဲ့အခါ ဝန်ထမ်းတွေက သူတို့ကို ပြန်ပြီး ဘယ်ဌာနမှာ ထမ်းဆောင်သလဲဆိုတာ မေးခွန်းထုတ်ကြပါသတဲ့။ ဝန်ထမ်းမဟုတ်ဘဲ NGO တွေမှာ အလုပ်လုပ်ပြီး နိုင်ငံ့ဝန်ထမ်းလစာထက် အဆပိုများတဲ့လစာကို ရနေတဲ့ သူတို့တွေက ဝန်ထမ်းတွေကို အလုပ်မဆင်းကြဖို့၊ တောင့်ခံကြဖို့ ပြောဆိုနေတာကို နှိုင်းယှဉ်ပြလိုက်ပါသတဲ့။ အအေးလေးသောက်၊ ကြက်ကြော်လေးစားရင်း CDM ဝန်ထမ်းတွေကို လိုက်စည်းရုံးနေတဲ့ ကိုယ်စားလှယ်တော်တွေကို မေးလိုက်ချင်ပါတယ်။ အနာဂတ်မှာ အားလုံးကောင်းဖို့အတွက် ပြည်သူနဲ့နိုင်ငံ့ဝန်ထမ်းတွေက တောင့်ခံနေရတဲ့အချိန် နောက်ကွယ်ကနေ မြှောက်ပင့်ပေးနေသူတွေကတော့ နိုင်ငံတကာ အထောက်အပံ့တွေရယူ၊ မောပန်းလာတဲ့ ပြည်သူတွေကို ချွေးသိပ်ရင်း ကိုယ်ကျိုးစီးပွား ရှာနေကြဦးမှာလားလို့ပါ။

နိုင်ငံ့ဝန်ထမ်းလစာဆိုတာ ပုဂ္ဂလိကလုပ်ငန်းတွေ၊ အဖွဲ့အစည်းလက်အောက်ခံ လုပ်ငန်းတွေနဲ့နှိုင်းယှဉ်ရင် နည်းပါးလွန်းပါတယ်။ သို့သော် မိမိတို့နိုင်ငံအတွက်၊ ပြည်သူအတွက် တင်းကျပ်တဲ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီး ဂုဏ်ယူဝင့်ကြွားစွာ အလုပ်လုပ်ကိုင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ဖြစ်ပါတယ်။ အဲဒီလစာဟာ မိသားစုစားဝတ်နေရေးအတွက် အသုံးပြုကြရပါတယ်။ လစာမရဘဲ အလုပ်လည်း ပြုတ်သွားကြမယ်၊ ဝန်ထမ်းအိမ်ရာတွေကလည်း ပြောင်းရွှေ့ပေးကြရတော့မယ်ဆိုရင် သူတို့ ဘယ်လိုဖြတ်သန်းကြရပါတော့မလဲ ဆိုတာကို မြှောက်ပင့်သွေးထိုးသူများ ဘာကြောင့် သတိမပြုမိပါသလဲ။ လက်ရှိမှာ ဝန်ထမ်းအင်အား စုစုပေါင်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် CDM လုပ်သူ ဝန်ထမ်းဦးရေဟာ လေးပုံတစ်ပုံ၊ ငါးပုံတစ်ပုံတောင် မရှိတဲ့အနေအထားလို့ သိရပါတယ်။ ဝန်ထမ်းတွေကို ခြိမ်းခြောက်အကျပ်ကိုင်တဲ့အထဲ "အသက်ပေးသွားသူတွေကို အားနာပါ" ဆိုတဲ့ စကားရပ်ကို မကြာမကြာ ကြားမိပါတယ်။ တကယ်တမ်း အားနာရမယ့်သူတွေက ဝန်ထမ်းတွေ မဟုတ်ပါဘူး။ မြှောက်ပင့်ပေးပြီး လူငယ်တွေကို လမ်းပေါ်ထွက်ခိုင်းကြသူတွေ၊ အသေခံထွက်ကြဆိုပြီး ကိုယ်တိုင်က ပုန်းကွယ်ပြီး သွေးထိုးနေသူတွေပဲ ဖြစ်ပါတယ်။

လက်ရှိအချိန်အထိလည်း အသိတရားမရရှိကြသေးတဲ့အပြင် ဆူပူအကြမ်းဖက်မှု ဖြစ်ပွားအောင်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ပြည်သူတွေကို လက်နက်ကိုင်အကြမ်းဖက်အောင်အထိ မမြင်ရတဲ့ လေလှိုင်းပေါ်ကနေ အားထုတ်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။ တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာကွဲပြီး မတည်မငြိမ်ဖြစ်စေဖို့ ကြံဆောင်မှုတွေဟာ တဖြည်းဖြည်းချုပ်ငြိမ်းလာနေပါပြီ။ အမှားနဲ့ အမှန်ကလည်း အချိန်တစ်ခုဖြတ်သန်းလာတာနဲ့အမျှ ကွဲပြားလာခဲ့ပါပြီ။ အချို့ဌာနတွေမှာ ဝန်ထမ်းတွေ လုပ်ငန်းခွင်ဝင်ရောက်ဖို့ ပြန်လည် လက်ကမ်းကြိုနေကြတာကိုလည်း မြင်တွေ့နေရပါတယ်။ အထူးသဖြင့် ပြည်သူတွေရဲ့ ကျန်းမာရေးကို တာဝန်ယူပေးကြရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကလေးတွေကို ပညာသင်ကြားပေးကြရမယ့် ဆရာ၊ ဆရာမတွေ၊ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍကို ဖော်ဆောင်ပေးကြမယ့် ဘဏ်ဝန်ထမ်းတွေ၊ စက်မှုအတတ်ပညာရှင်တွေအားလုံး လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ကြဖို့ အချိန်တန်ပါပြီဟု ဆန္ဒပြုတောင်းဆိုလိုက်ရပါတော့တယ်။ ။

**"ပြီးခဲ့တဲ့ရက်ပိုင်းက ဝန်ထမ်းရပ်ကွက်တစ်ခုထဲကို CRPH လို့ခေါ်တဲ့ တရားမဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းက ကိုယ်စားလှယ်တော်တွေ လာရောက်ခဲ့တဲ့ အကြောင်းအရာလေးတစ်ခုကို ကြားသိရပါတယ်။ ဝန်ထမ်းတွေက သောင်းသောင်းဖြဖြ မကြိုဆိုကြတဲ့အပြင် အားနာနာနဲ့ လူအနည်းအကျဉ်းတော့ တက်ရောက်ခဲ့ကြတဲ့ ပွဲလေးတစ်ခုပါ။ အလုပ်ပြန်မဆင်းကြဖို့၊ လစာတွေ မထုတ်ကြဖို့၊ နည်းနည်းထပ်ပြီးတောင့်ခံကြဖို့ ကိုယ်စားလှယ်ဆိုသူတွေက ပြောတဲ့အခါ ဝန်ထမ်းတွေက သူတို့ကိုပြန်ပြီး ဘယ်ဌာနမှာ ထမ်းဆောင်သလဲဆိုတာ မေးခွန်းထုတ်ကြပါသတဲ့။ ဝန်ထမ်းမဟုတ်ဘဲ NGO တွေမှာ အလုပ်လုပ်ပြီး နိုင်ငံ့ဝန်ထမ်းလစာထက် အဆပိုများတဲ့လစာကို ရနေတဲ့သူတို့တွေက ဝန်ထမ်းတွေကို အလုပ်မဆင်းကြဖို့၊ တောင့်ခံကြဖို့ ပြောဆိုနေတာကို နှိုင်းယှဉ်ပြလိုက်ပါသတဲ့"**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဧပြီ ၂၀

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို နေ့ညမပြတ် ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၀

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀) မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၃၀ ကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

သတင်းစဉ်



## ဆူပူဆန္ဒပြသူများ ပြုလုပ်ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းရှင်းလင်း

နေပြည်တော် ဧပြီ ၂၀

တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက် ဖြင့် ဖျက်ဆီးလိုသော ရည်ရွယ်ချက် ဆူပူအကြမ်းဖက်ဆန္ဒပြသူများက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ရပ်ကွက် (၁၆) ရှိ စံပြဈေးလမ်းပေါ်တွင် သဲအိတ်များ၊ ကွန်ကရစ်တုံးများ၊ အတားအဆီးများ၊ သစ်ချောင်းများဖြင့် ပိတ်ဆို့ထားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အတားအဆီးများကို ရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။ (ဝဲပုံ)



ထိုသို့ ဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူများကလည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် လာရောက်ပူးပေါင်းပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လှိုင်သာယာမြို့နယ်အတွင်းရှိ ကျေးရွာ/ ရပ်ကွက် အချို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဧပြီ ၂၀

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ အပြင်ပဒံရပ်ကွက်နှင့် တဇင်ကျေးရွာတို့ရှိ အိမ်ထောင်စု ၃၀၀၀ တို့အတွက် ဆန်၊ ဆီ၊ ပဲ များကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ယနေ့ မွန်းလွဲပိုင်းက ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ(၁၀/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။



အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်ခင်နွယ်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်း၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံးမှတာဝန်ရှိသူများ၊ ပုသိမ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးယောမင်းထွန်းတို့ တက်ရောက်ကြသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီး ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ယခင်နေ့ အစည်းအဝေးမှတ်တမ်းအပေါ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ကော်မတီ၏ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်းက ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးနေမှု အခြေအနေများကို တင်ပြ ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အထွေထွေကိစ္စရပ်များကိုဆွေးနွေးကြရာ ကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက် လမ်းညွှန်ဆွေးနွေးကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့ ခုတင် (၇၀၀) တပ်မတော်ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသူများအတွက် စေတနာရှင်များက စုပေါင်းသွေးလှူဒါန်း

**ပြင်ဦးလွင် ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် ခုတင် (၇၀၀) တပ်မတော်ဆေးရုံကြီးတွင် လာရောက်ဆေးကုသမှုခံယူနေသော ပြည်သူများ၏ သွေးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်နှင့် ခွဲစိတ်လူနာများနှင့် အခြားသွေးသွင်းလူနာကုသရေး လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော အိုသွေး၊ အေသွေး၊ ဘီသွေးများရရှိစေရေးအတွက် ဧပြီ ၁၇ ရက်က ပြင်ဦးလွင် တပ်မတော်ဆေးရုံကြီးတွင် နှလုံးကြယ်စင် သွေးလှူရှင်အသင်းနှင့် စေတနာ သွေးလှူရှင်များက ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းကြသည်။



ထိုသို့ သွေးလှူဒါန်းနိုင်ရေးအတွက် တပ်မတော်ဆေးရုံမှ ဆေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး စုပေါင်းသွေးလှူဒါန်းရာ ပြင်ဦးလွင် တပ်မတော်ဆေးရုံမှ ဆေးမှူးများနှင့် တာဝန်ရှိသူများက ကြည့်ရှုကြပြီး သွေးလှူဒါန်းသူများကို အားဖြည့်အစားအစာများ ကျွေးမွေးကြကြောင်း သိရသည်။

**ကိုကိုကြီး(မန္တလေး)**

# ကျွန်းလှမြို့ လူထုအခြေပြုဗဟိုဌာနသို့ ပိုက်ကျော်ခြင်းအားကစားပစ္စည်းများ လှူဒါန်း

**ကျွန်းလှ ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနသို့ ဧပြီလဒုတိယပတ်က မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပိုက်ကျော်ခြင်းအားကစားပစ္စည်းများ လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်းက ပိုက်ကျော်ခြင်း ပိုက်တစ်ခု၊ ခြင်းလုံးနှစ်လုံးတို့ကိုလှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဖိုးချိုကလက်ခံယူကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



# မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**တောင်တွင်းကြီး**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သာသနာ့ဗိမာန်တော်ကြီး၌ ဧပြီ ၂၀ ရက်က ဒုတိယအကြိမ်အဖြစ် စတင်ထိုးနှံပေးလျက်ရှိသည်။

တောင်တွင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် မတ် ၁၆ ရက်မှ ၃၁ ရက်အထိ ဒေသခံပြည်သူ ၇၄၂၃ ဦးအား ထိုးနှံပေးခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် ဧပြီ ၂၀ ရက်မှ ၃၀ ရက်အထိ ထိုးနှံပေးမည်ဖြစ်သည်။

အဆိုပါကာကွယ်ဆေး ထိုးနှံပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**စစ်ကိုင်း**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ဧပြီ ၂၀ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ဆက်လက်ထိုးနှံပေးသည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ပထမအကြိမ်ထိုးနှံပြီးသူ ၅၂၀၀ ကျော် ရှိသည့်အနက် ယခုကျန်ရှိနေသူများကို ဆက်လက်ထိုးနှံပေးခြင်းဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းတောင်ရိုးရှိ သံဃာတော်များ၊ သီလရှင်ဆရာကြီး ဆရာလေးများ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ပထမအကြိမ်တွင် မတ် ၁၂ ရက်မှ ၁၆ ရက်အထိ ထိုးနှံပေးခဲ့ပြီး ဒုတိယအကြိမ်တွင် ဧပြီ ၉ ရက်မှ ၁၂ ရက်အထိ ထိုးနှံပေးခဲ့ရာ မဟာသင်္ကြန်အပြီး ယခုဆက်လက်ထိုးနှံပေးကြောင်း သိရသည်။ **ဇော်မြင့်နိုင်(ပြန်/ဆက်)**

**ပုလော**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဧပြီ ၂၀ ရက်က ပုလောမြို့နယ်ခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရာတွင် ပုလောမြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာပြုံးချိုနှင့် ကုသရေးဦးစီးဌာနမှ သူနာပြုဆရာ ဆရာမများက ကာကွယ်ဆေးမထိုးမီ သွေးတိုး၊ ဆီးချိုနှင့် အခြားရောဂါလက္ခဏာများ ရှိ မရှိနှင့် လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ပေးကာ ဆေးထိုးနှံပြီးပါက မိနစ် ၃၀ ခန့် စောင့်ကြည့်ပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင်ပထမအကြိမ်၌ ပုလောမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ သံဃာတော်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၁၃၇ ဦး ထိုးနှံပေးနိုင်ခဲ့ပြီး ဒုတိယအကြိမ်ကို ဧပြီ ၂၀ ရက်မှ ၂၂ ရက်အထိ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးမော် (ပြန်/ဆက်)**

**သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံခြင်းကို ဧပြီ ၂၀ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ထိုးနှံပေးသည်။

ထိုသို့ထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းသန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကို ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများဆောင်ရွက်ပေးကာ ကာကွယ်ဆေးထိုးနှံပေးပြီး ဆေးထိုးနှံသူ များကို မိနစ် ၃၀ ခန့် အနားယူစေ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိပြီး သုံးခွမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဧပြီ ၂၀ ရက်မှ ၃၀ ရက်အထိ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **စည်သူလင်း (ပြန်/ဆက်)**

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက်

(၂၀.၄.၂၀၂၁)ရက်နေ့၊ နံနက်ပိုင်းအထိ ကမ္ဘာ့တစ်ဝန်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID–19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂) သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်–

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှု ကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်မှု အားနည်းခြင်းစသည်တို့...ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူဦးရေ (၁၅) သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁)တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူစုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင် ကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့ ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ ယခုအခါ ရောဂါ ဖြစ်ပွားမှု တတိယလှိုင်းကို ခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇,၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19)ရောဂါဖြစ်ပွားသူဦးရေ (၄) သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်ရာကျော်ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁) ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦး ရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေး အသိ၊ ကျန်းမာရေး သတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **“ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ”** ဟူသည့် ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။
(၃) လက်ကို စက္ကန့် (၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။
(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။
(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့်... နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။
(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။
(၇) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။
(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။
(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။
(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဥပဒေနှင့်မညီသော ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများကို လိုင်စင်ပယ်ဖျက်သွားမည်

**နေပြည်တော် ဧပြီ ၂၀**

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့ (၂)ရပ်ကွက် (၃)လမ်းနေ ပြင်ပဆရာဝန် ဒေါက်တာဝေယံဦးသည် ပုဂ္ဂလိကဆေးခန်းဖြစ်သည့် ထူးဝေဆေးခန်း၌ ဆေးကုသနည်း၊ မအူပင်ဆေးရုံမှ(OPD)စာအုပ်ဖြင့် ဆက်လက်ဆေးကုသရန် လိုအပ်နေသော လူနာများကို ၎င်း၏ဆေးခန်းတွင် အခမဲ့ ဆက်လက်ကြည့်ရှုပေးမည်ဖြစ်ကြောင်းနှင့် မအူပင်ခရိုင်ပြည်သူ့ဆေးရုံ၏ CDM ပြုလုပ်ခြင်းကို အပြည့်အဝထောက်ခံကြောင်း ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားဖော်ပြပြီး တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းဆရာဝန်များကို CDM ပြုလုပ်ရန် အားပေးလှုံ့ဆော်မှုပြုသဖြင့် ၎င်းအား ရာဇသတ်ကြီးပုဒ်မ ၅၀၅–က ဖြင့် အမှုဖွင့်အရေးယူထားရှိပြီးဖြစ်သည်။

ထို့အတူ မအူပင်မြို့ (၁၀)ရပ်ကွက် မင်းလမ်းရှိ မိုးပြည့်စုံဆေးခန်း၌ ဆေးကုသနေသော ပြင်ပဆရာဝန် ဒေါက်တာနိုင်ထူးသည်လည်း ဆူပူဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခဲ့သဖြင့် ၎င်းအား သက်ဆိုင်ရာရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅–က ဖြင့် အမှုဖွင့် အရေးယူထားရှိသည်။

**လိုင်စင်ပယ်ဖျက်သွားမည်**

နိုင်ငံ့ဝန်ထမ်းဆရာဝန်များကို CDM ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း၊ ဆူပူဆန္ဒပြခြင်းများတွင် ဦးဆောင်ပါဝင်ခြင်းကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅–က အရ အရေးယူခြင်းခံရသည့် ဒေါက်တာဝေယံဦးနှင့် ဒေါက်တာနိုင်ထူးတို့ လက်ခံဆေးကုသနေသည့် ထူးဝေဆေးခန်းနှင့် မိုးပြည့်စုံဆေးခန်းတို့ကို ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ လိုင်စင်ပယ်ဖျက်သွားမည်ဖြစ်သည်။

ဆက်လက်၍လည်း ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်ပြီး ဆရာဝန်ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တို့နှင့် မညီဘဲ CDM ပြုလုပ်နေသော ဆရာဝန်များနှင့် ယင်းဆရာဝန်များကို လက်ခံထားသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၊ CDM ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်းများကြောင့် ဥပဒေအရ အမှုဖွင့်အရေးယူခံရသည့် ဆရာဝန်များ၏ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများကိုလည်း လိုင်စင်ပယ်ဖျက်ပြီး ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ် ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့် ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

မြန်မာ့အလင်း
အယ်ဒီတာ့ထံ ပေးစာ

# မီးပုလင်းပစ်ခြင်းအပါအဝင် ဖျက်ဆီးသူများအား အရေးယူပေးစေလို

**အယ်ဒီတာရှင့်**

ယခုရက်ပိုင်းအတွင်း မီးပုလင်းပစ်ခတ်မှုများ ပိုမိုများပြားလျက်ရှိပါသည်။ ကျွန်မတို့ စမ်းချောင်းမြို့နယ်အတွင်း ဂျန်–ဇီဟု ကြွေးကြော်နေသည့် လူငယ်အချို့က သတင်းပေးဟု မတရားစွပ်စွဲသည့်နေအိမ်ကို မီးပုလင်းဖြင့် အကြိမ်ကြိမ်ပစ်ခတ်သည်ကို မြင်တွေ့ရပါသည်။ အခြားမြို့နယ်များတွင်လည်း အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများမှာ လက်လုပ်ဗုံးများ၊ မီးပုလင်းများ၏ရန်ကို ထိတ်လန့်၍ နေနေကြရပါသည်။ ကားအချို့အပေါ် မီးပုလင်းကျမိသဖြင့် မီးလောင်ပျက်စီးသည့် ဖြစ်စဉ်၊ လမ်းမပေါ် လမ်းလျှောက်နေဆဲ ထိခိုက်မိသဖြင့် အသက်အန္တရာယ် ထိခိုက်ရသည့် ဖြစ်စဉ်များလည်း ဖြစ်ပွားလျက်ရှိပါသည်။ မင်းမဲ့စရိုက်ဆန်အကြမ်းဖက်မှုဖြစ်စဉ်များကို ကျူးလွန်နေကြသူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးနေသူများကို အမြန်ဆုံး ထိထိရောက်ရောက်ဖမ်းဆီးအရေးယူပေးဖို့ သတင်းစာမှတစ်ဆင့် တာဝန်ရှိသူများထံ တင်ပြခြင်း ဖြစ်ပါသည်။ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးနိုင်ခြေရှိသည့်အတွက် အမြန်ဆုံး အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**စမ်းချောင်းနေပြည်သူတစ်ဦး**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၂၀

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ပန်းအိခိုင် (လ/ထ ဆရာဝန်) | ကုလားချောင်းကြီး တိုက်နယ်ဆေးရုံ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ မေဇွန်အိစံ (လ/ထ ဆရာဝန်) | အုတ်တွင်း ပြည်သူ့ဆေးရုံ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ ဟိန်းထက်စိုးခိုင် (လ/ထ ဆရာဝန်) | ကျီးပင်စု တိုက်နယ်ဆေးရုံ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ယဉ်ယဉ်စိုး (လ/ထ ဆရာဝန်) | မင်းရွာ တိုက်နယ်ဆေးရုံ | မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ရဲဝင်း (ဆေးရုံအုပ်) | လက်ပံတန်း ပြည်သူ့ဆေးရုံ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ဇော်ဖြိုးပိုင် (လ/ထ ဆရာဝန်) | ကျွဲပွဲတိုက်နယ် ဆေးရုံ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ မင်းဇော်အောင် (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | တောင်သာမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ လင်းသီရိခိုင် (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ ကျော်ဇင်မောင် (လ/ထ ဆရာဝန်) | သထုံ ပြည်သူ့ဆေးရုံ | သထုံမြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ ခန့်ဖြိုးနောင် (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံကြီး | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ ငုဝါစိန် (လ/ထ ဆရာဝန်) | ကျိုက်ထို ပြည်သူ့ဆေးရုံ | ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ မြတ်ဆုဝေ (လ/ထ ဆရာဝန်) | သိမ်ဇရပ် တိုက်နယ်ဆေးရုံ | သိမ်ဇရပ်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ ဆုပြည့်စုံခင် (လ/ထ ဆရာဝန်) | ပေါင်မြို့နယ် ပြည်သူ့ဆေးရုံ | ပေါင်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ နှင်းဆွေဆွေ (လ/ထ ဆရာဝန်) | ကျိုက်လတ် ပြည်သူ့ဆေးရုံ | ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ ဟန်သာစည် (လ/ထ ဆရာဝန်) | သထုံ ပြည်သူ့ဆေးရုံကြီး | သထုံမြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ကျော်မင်းသက် (အထူးကု) | ပုသိမ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ | ပုသိမ်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ ဇော်ထွန်း (လ/ထ ဆရာဝန်) | အမရပူရမြို့နယ်၊ တလင်းကြီး တိုက်နယ်ဆေးရုံ | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ ဝင်းထွဋ်လင်း (လ/ထ ဆရာဝန်) | မော်လမြိုင် ပြည်သူ့ဆေးရုံကြီး | မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ အေးထွန်း (လ/ထ ဆရာဝန်) | ပခုက္ကူ ပြည်သူ့ဆေးရုံ | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ မင်းလွင် (မြို့နယ်ဆရာဝန်ကြီး) | ဖားကန့်မြို့ ပြည်သူ့ဆေးရုံ | ဖားကန့်မြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ပုသိမ်ကြီးမြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာ ကျော်မင်းသက် (အထူးကု) သည် မန္တလာဆေးရုံ၌ လည်းကောင်း၊ အမရပူရမြို့နယ်၊ တလင်းကြီး တိုက်နယ်ဆေးရုံမှ ဒေါက်တာ ဇော်ထွန်း (လ/ထ ဆရာဝန်) သည် ချမ်းမြေ့နိုင် ဆေးခန်း၌ လည်းကောင်း၊ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဝင်းထွဋ်လင်း (လ/ထ ဆရာဝန်)သည် လင်း ခွဲစိတ်အထူးကုဆေးခန်း၌ လည်းကောင်း၊ ပခုက္ကူ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ အေးထွန်း(လ/ထ ဆရာဝန်)သည် သုခဝေ ဆေးခန်း၌ လည်းကောင်း၊ ဖားကန့်ပြည်သူ့ဆေးရုံမှ ဒေါက်တာ မင်းလွင် (မြို့နယ်ဆရာဝန်ကြီး) သည် စိစစ်ဆဲ ဆေးခန်း၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက် ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ ကျော်မင်းသက် (ပုသိမ်ကြီးမြို့ ပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "မန္တလာဆေးရုံ" မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကျော်မင်းသက်

စာမျက်နှာ ၂၅ သို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေ ခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*စာမျက်နှာ ၂၄ မှ*



ဒေါက်တာ ဇော်ထွန်း(အမရပူရမြို့နယ်၊ တလင်းကြီးတိုက်နယ်ဆေးရုံ) ဆေးကုသနေသည့် "ချမ်းမြေ့နိုင်" ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဇော်ထွန်း



ဒေါက်တာ ဝင်းထွဋ်လင်း(လက်ထောက်ဆရာဝန်၊မော်လမြိုင်ပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် "လင်း" ခွဲစိတ်အထူးကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဝင်းထွဋ်လင်း



ဒေါက်တာအေးထွန်း(ပခုက္ကူပြည်သူ့ဆေးရုံကြီး)အား ဆေးကုသခွင့်ပေးထားသည့် "သုခဝေ"ဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာအေးထွန်း



ဒေါက်တာ မင်းလွင်(မြို့နယ်ဆရာဝန်ကြီး၊ ဖားကန့်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် အမည်မရှိဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မင်းလွင်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပ ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ / ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

❖ ခေတ်သစ်နယ်ချဲ့ အလိုကျ ရှူးရှူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြေလွင့်ကြရမယ်။ မကောင်းမှု ရှောင်ကာ ကောင်းမှု ဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

# ဆူပူအကြမ်းဖက်သူလူစု အုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များအား လုပ်ဆောင်ခဲ့

**နေပြည်တော် ဧပြီ ၂၀**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူစု အုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များအား အကြမ်းဖက်ရန်ပြု ဖျက်ဆီးခြင်းနှင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲ ဖျက်ဆီးခြင်းများအား လုပ်ဆောင်လျက်ရှိသည်။





မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် ပစ္စည်းများအား သိမ်းဆည်းရမိစဉ်။

**သွားရောက်စစ်ဆေး**

ထိုသို့ လုပ်ဆောင်ရာတွင် ဧပြီ ၁၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက် ကျွန်းတောလမ်းမပေါ်ရှိ "Top" မိတ္တူဆိုင်အနီး ရပ်တန့်ထားသော ဦးလှမင်း(၅၂)နှစ် (ဘ)ဦးသိန်းစိန် ၏ 4N/xxxx Caravan ယာဉ်အောက်သို့ အကြမ်းဖက်သူ အမျိုးသား တစ်ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် အဆိုပါ လက်လုပ်ဗုံးမှာ ယာဉ်အောက်သို့ ကျရောက်ပေါက်ကွဲသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်အောက်တွင် ပေါက်ကွဲပြီးသော လက်လုပ်ဗုံးပြုလုပ်ထားသည့် ကော်ပိုက်အပိုင်းအစများ၊ သံမှို ၁၀ ချောင်း၊ ဘောစေ့ ၁၅ လုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်ယာဉ် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

အလားတူ ည ၈ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက် အမှတ်(၃၃၃)နေ ဦးဝင်းနိုင်၏ နေအိမ်အား အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်အသံဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ နေအိမ်ဘေးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူ/ပစ္စည်း ထိခိုက်မှုမရှိကြောင်း သိရှိရသည်။



အင်းစိန်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအနီး ဗုံးတစ်လုံး ပေါက်ကွဲစဉ်။

**မီးလောင်မှုများဖြစ်ပွား**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ရှုခင်းသာလမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံရှိ အုပ်ချုပ်ရေးမှူးရုံးအား ဧပြီ ၁၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား ဧပြီ ၁၉ ရက် ည ၁၁ နာရီခွဲခန့်တွင် လည်းကောင်း ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားခဲ့ရာ အဆိုပါ မီးလောင်မှုဖြစ်ပွားရာ နေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့သည်။

အထက်ပါမီးလောင်မှုများကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ရုံးများအတွင်းရှိ ပရိဘောဂများ၊ မျက်နှာကြက်များနှင့် စာရွက်စာတမ်းအချို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

၎င်းအပြင် ည ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် လှည်းတန်းခုံးတံတားအနီးရှိ ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား အကြမ်းဖက်သူက လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ခဲ့၍ အဆိုပါလက်လုပ်ဗုံးမှာ အဆိုပါရုံးအရှေ့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါရုံး၏ ဝင်ပေါက်မှန်ကွဲအက်ကာ ရုံးဝင်းအတွင်း ရပ်ထားသော လှည်းတန်းလူမှုကူညီရေးအသင်းပိုင် YGN 6P/xxxx ယာဉ်၏ လေကာမှန် ကွဲအက်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

အလားတူ ည ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရဲစခန်းအား မဟာအောင်မြေမြို့နယ် သံ/နောက်ရပ်ကွက် ပတ္တမြားရပ်နေ ဇင်ဟိန်း (၂၄)နှစ်က လေးခွဖြင့် ပစ်နေသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ဇင်ဟိန်းအား လေးခွကိုင်ဆောင်လျက် ဖမ်းဆီးရမိခဲ့ပြီး ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ဓားဦးချွန် တစ်ချောင်းနှင့် လောက်စာလုံး ၁၀ လုံးတို့အား တွေ့ရှိသိမ်းဆည်း ဖမ်းဆီးရမိခဲ့သည်။

**ဗုံးတစ်လုံး ပေါက်ကွဲ**

အလားတူ ဧပြီ ၂၀ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ အရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အနောက်ဘက်ဝင်ပေါက် အုတ်တံတိုင်းအနီး ဗုံးတစ်လုံး ပေါက်ကွဲကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် Ooredoo ဆင်းကတ်ထည့်ထားသော Keypad ဖြင့် ပြုလုပ်ထားသည့် လက်လုပ်အသံမိုင်းဖြစ်ကြောင်း သိရှိရပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် ဘီးလင်းမြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့နယ်စာရင်းစစ်ရုံး အဝင်လှေကားဘေး၌ လက်ပစ်ဗုံး တစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့နယ်စာရင်းစစ်ရုံး အဝင်လှေကားဘေးတွင် လက်ပစ်ဗုံး တစ်လုံးအား စနက်တံဖြုတ်လျက် မပေါက်ကွဲသေးသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အနည်းငယ်ပျက်စီးခဲ့**

အလားတူ မွန်းလွဲ ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၃၈ ရပ်ကွက်၊ အုတ်လှငယ်လမ်းနှင့် ဗညားနွဲ့လမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား အကြမ်းဖက်သူ အမျိုးသား သုံးဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ခေါင်မိုးပေါ် ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ရုံးအဆောက်အအုံအမိုးနှင့် မျက်နှာကြက် အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ရပ်ကွက်နေ ဦးထွန်းဝင်း (၄၈)နှစ် (ဘ) ဦးသိန်းထွန်း၏ နေအိမ်အား အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုံးဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ဦးထွန်းဝင်း၏ နေအိမ်ရှေ့ အမှိုက်ခြင်းအတွင်း ကျရောက်ခဲ့ပြီး မပေါက်ကွဲသေးသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

**စုံစမ်းဖော်ထုတ်**

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများနှင့် ပါဝင်ပတ်သက်သူများအားလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် ဧပြီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်နှင့် ကော့သောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၁၈ လက်နှင့် လက်လုပ်သေနတ် အလက် ၂၀ ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၀**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထိုသို့ ဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ "ခွဲကပင်" အဆောင်အတွင်းမှ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာနေ မျိုးမြတ်ဇော်(၂၂)နှစ် (ဘ) ဦးဝင်းမောင်ပါ အမျိုးသား နှစ်ဦးအား လေးခွ တစ်လက်၊ ဓာတ်ငွေ့ကာ နှစ်ခု၊ ဖိုက်ဘာဦးထုပ် ငါးလုံး၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လက်ဆည်ကန်ကျေးရွာ ရန်ကုန်-မန္တလေး လမ်းဟောင်းဘေးနေ သိန်းဇော် (၃၆)နှစ် (ဘ) ဦးမြင့်သိန်း၏ "ဇော်"ကားလက်မှတ်အရောင်းဆိုင်မှ သိန်းဇော်အား ဓာတ်ဆီ တစ်ဘူး၊ မီးကွင်း လေးခု၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားထားသည့် ဗီနိုင်း တစ်ခုဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရွှေသောင်ကျေးရွာနေ သန်းအောင်စိုး (၅၅)နှစ် (ဘ) ဦးစံဖြူအား ဂျင်ကလိ ၁၄ ချောင်း၊ ဓားမြှောင် တစ်ချောင်း၊ လှံတစ်ချောင်း၊ မှိန်း သုံးချောင်း၊ သေနတ်ပုံသစ်သားကိုယ်ထည် တစ်ခု၊ သတ္တုပြောင်း ခြောက်ခု၊ UEC ရွေးကောက်ပွဲ ဆန္ဒပြု တံဆိပ်တုံး တစ်ခု၊ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၃)ရပ်ကွက် မိုးကုတ်လမ်း ကမာကြည်တံတားအဆင်း၌ ယာဉ်များအား စစ်ဆေးဆောင်ရွက်နေစဉ် သာကေတမြို့နယ်ဘက်မှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဘက်သို့ ဒဂုံမြို့(ဆိပ်ကမ်း)မြို့နယ်နေ ပြည့်စုံ(၂၀)နှစ် (ဘ) ဦးမြင့်ဦး မောင်းနှင်ပြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၂၁)ရပ်ကွက်နေ သိန်းစိုး (၂၀)နှစ် (ဘ) ဦးတင်မောင် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ပြည့်စုံ၏ ပုဆိုးခါးပိုက်အတွင်းမှ ယမ်းကြိုး ၁၃ ချောင်း၊ ယမ်းမီးခြစ်ဘူး ငါးဘူးအား သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ဖော်ထုတ်ချက်အရ သဃ်္ဃန်းကျွန်းမြို့နယ်နေ နွေဦး(စိစစ်ဆဲ)၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်၊ ဓား တစ်ချောင်း၊ ယမ်းကြိုး အချောင်း ၁၁၀၊ စတီးဘောစေ့ ၉၄ လုံး၊ လေးခွ နှစ်လက်၊ ဓာတ်ဆီ တစ်ဂါလန်၊ ဖိုက်ဘာဦးထုပ် နှစ်လုံး၊ ဓာတ်ငွေ့ကာတစ်ခုနှင့် အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့မရဲစခန်းမှ ၅၀၅-က အမှုဖြင့် အမှုဖွင့်လှစ်ခံထားရပြီး တိမ်းရှောင်နေသူ သုံးခွမြို့ အမှတ်(၇)ရပ်ကွက်နေ ကိုကိုဇင်လင်း (၃၃) နှစ် (ဘ)ဦးခင်မောင်သည် သုံးခွမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ မဟာစည်သာသနာ့ရိပ်သာသို့ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ ကိုကိုဇင်လင်းအား Porter ယာဉ် တစ်စီးနှင့်အတူ Laptop တစ်လုံး၊ လက်ကိုင်ဖုန်း နှစ်လုံး၊ Memory Stick တစ်ခု၊ ပင်နီတိုက်ပုံ ၄၈ ထည်၊ NLD တံဆိပ်ပါ ဦးထုပ် ငါးလုံး၊ လက်သုံးချောင်းထောင်ပုံပါ ခမောက် နှစ်လုံး၊ CDM Teacher တံဆိပ်ပါ ရင်ထိုး ၁၉၀၊ NLD စာတန်းနှင့် ခွပ်ဒေါင်းတံဆိပ်ပါ အင်္ကျီ ငါးထည်၊ ဟန်းစပီကာ သုံးလုံး၊ နိုင်ငံတော်ဆန့်ကျင်ရေး စာသားများ ရေးသားထားသော ဗီနိုင်း ၈၄ ခုဖြင့် လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရှိ မျိုးသက်နိုင် (ခ) ကုလား (၃၇)နှစ် (ဘ)ဦးမျိုးသိန်း၏ နေအိမ်အတွင်းမှ စတီးဒိုင်း ၂၆ ခု၊ မီးစာတပ်ဆင်ထားသော မီးပုလင်း ၃၁ ပုလင်း၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားထားသော ဗီနိုင်းစ ငါးခုတို့ကိုလည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဓမ္မဝိဟာရလမ်း အမှတ်(၄၈) အခန်း A-2 ပထမထပ်တွင် နေထိုင်သော ရွှေဖြူ (စိစစ်ဆဲ)၏ နေအိမ်အတွင်းမှ တာမွေမြို့နယ် ကျားကွက်သစ်နေ အေးမောင်(ခ)မောင်ပေ (၁၇)နှစ် (ဘ)ဦးတော်အား ကျည်ကာအင်္ကျီငါးထည်၊ ဆန့်ကျင်စာသားများ ရေးသားထားသော ဗီနိုင်းဆိုင်းဘုတ်များ၊ မီးရှူးမီးပန်းတစ်ခု၊ ဖိုက်ဘာဦးထုပ် သုံးလုံး၊ ဟန်းစပီကာ လေးလုံး၊ G-Z အတွက် ထောက်ပံ့ကြေးငွေဟု ရေးသားထားသော စာအိတ်သုံးအိတ်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်နေ သန်းတင်စိုး(၄၃)နှစ် (ဘ) ဦးဟာရောက်၏ နေအိမ်၌ ၎င်း၏ ဇနီးဖြစ်သူ သီသီခိုင် (ခ) သီခိုင်(၄၄)နှစ် (ဘ) ဦးထွန်းသိန်းအား ယမ်းကတ် ၁၀၀၊ မီးရှူးမီးပန်း ၇၂ ချောင်း၊ မီးကြယ်အချောင်း ၁၅၀၊ ကြက်သွန်ဖြူပြောက်အိုး ၆၃ ထုပ်၊ ပြောက်အိုးမျိုးစုံ ၂၀၄၀ တို့ဖြင့်လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သက္ကယ်မြောင်ကျေးရွာနေ စန်းဦး(၅၇)နှစ် (ဘ) ဦးကျော်မြင့်၏ နေအိမ်မှ စန်းဦးပါ အမျိုးသား ငါးဦးအား လက်လုပ်သေနတ် ရှစ်လက်နှင့်လည်းကောင်း၊ သန့်ဇင်ဖြိုး(စိစစ်ဆဲ)၏ နေအိမ်မှ လက်လုပ်သေနတ် သုံးလက်၊ လေထိုးတံနှစ်ချောင်းနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ကျေးရွာအပြင် ကောက်ရိုးပုံတစ်ခုအနီးမှ လက်လုပ်သေနတ် တစ်လက်ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ထားဝယ်မြို့ ဆူပူအကြမ်းဖက်မှုမှ ဖမ်းဆီးရမိသည့် (ဝဲမှယာ) ကောင်းမြတ်ဦး (ခ) ကင်း၊ ယဉ်ကြည်တို့အား အသုံးပြုသည့် လက်နက်များနှင့်အတူ တွေ့ရစဉ်။

အလားတူ ယနေ့ နံနက် ၅ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်နေ ယဉ်ကြည် (၄၁)နှစ် (ဘ) ဦးဉာဏ်စိန်၏ နေအိမ်အတွင်းမှ ယဉ်ကြည်နှင့်အတူ တစ်ရပ်ကွက်တည်းနေ ကောင်းမြတ်ဦး (ခ)ကင်း (၂၅)နှစ် (ဘ) ဦးသန်းတို့ နှစ်ဦးအား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက် ၆၄ လမ်း ၁၀၇ (A) လမ်းထောင့်နေ သန်းရွှေ(ခ) ကျားချင့်၏ နေအိမ်အတွင်းမှ ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ၁၃ တောင့်၊ ၎င်းကျည်အိမ်နှစ်ခုနှင့်အတူ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ နံနက် ၈ နာရီ မိနစ် ၅၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်းနှင့် (၁၈)လမ်းထိပ်တွင် ယာဉ်စစ်ဆေး ပိတ်ဆို့ဆောင်ရွက်နေစဉ် ပန်းဘဲတန်းမြို့နယ်ဘက်မှ လသာမြို့နယ်ဘက်သို့ ကမ်းနားလမ်းအတိုင်း မောင်းနှင်လာသော တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက်နေ နေခြည်ဝင်း (၄၃)နှစ် (ဘ) ဦးမောင်ဝင်း မောင်းနှင်လာသော YGN 5M-5839 Alphard ယာဉ်အား တားဆီးစစ်ဆေးရာ ယာဉ်အတွင်းမှ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားထားသော လက်ကမ်းစာစောင် ၁၄၀၀၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ဗီနိုင်း လေးခုနှင့် အခြားစာရွက်စာတမ်းများဖြင့် လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ် (၇)ရပ်ကွက် ရေကျော်လမ်း အမှတ်(၆၃)ရှိ CB ဘဏ်နောက်ကျော မဟာဗေယျလမ်း လမ်းကြားတွင် ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး ၁၆ လုံးနှင့် မီးလောင်ကျွမ်းထားသည့် လက်လုပ်ဗုံး တစ်လုံးတို့ကိုလည်းကောင်း၊ နံနက် ၉ နာရီခန့်တွင် ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်လမ်းနှင့် ဗိုလ်တေဇလမ်းထောင့်ရှိ နေအိမ်၌ နီနီခိုင်(ခ)မမိုး (၅၃)နှစ်(ဘ)ဦးရီမြင့်ပါ အမျိုးသား လေးဦးတို့ကို လက်ပစ်ဗုံးနှစ်လုံး၊ လက်လုပ်ဗုံးမျိုးစုံ ခုနစ်လုံးနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ၈၆ လမ်း၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြားရှိ တောင်ခွင်မင်းကြီးကျောင်းတိုက်အတွင်းရှိ နေအိမ်အတွင်းမှ လက်လုပ်မိုင်းများနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ကုက္ကိုစုရပ်ကွက် ၃၉ လမ်းနှင့် လမ်း ၄၀ အကြား၊ ၈၆ လမ်းနှင့် ၇၈ လမ်းကြား တောင်ခွင်တိုက်ပိုင် ခေမာရာဘုရား၏ အနောက်မြောက်ထောင့်ရှိ အုတ်တံတိုင်းအနီးရှိ မြေကျင်းများအတွင်းမှ လက်လုပ်သေနတ် ငါးလက်၊ လက်လုပ်မိုင်း ၁၆ လုံး၊ ဝါးဆစ်တုတ် ၂၃ ချောင်း၊ မီးသတ်ဆေးဘူး ကိုးဘူး၊ ဂက်စ်အိုး တစ်လုံး၊ မီးရှူးမီးပန်း ခုနစ် ခု၊ ကျည်ကာအင်္ကျီ ၁၀ ထည်၊ ဒူးလေးတစ်လက်၊ ဓားရှည် နှစ်ချောင်း၊ ယမ်းထုပ် ၁၄ ထုပ်၊ ကန့်လေးထုပ်၊ စပ်ထားသော ယမ်းတစ်ထုပ်၊ မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်း ၂၀၀၊ သေနတ်ဒင် သုံးခု၊ ဂျင်ကလိ ၇၀၀၊ ဓာတ်မြေသြဇာ တစ်ထုပ်၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ဆိုင်းဘုတ် ၁၆ ခုနှင့် အခြားဆက်စပ်ပစ္စည်းများလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

**ဖမ်းဆီးရမိ**

ထို့အတူ မေ ၁၇ ရက် ည ၁၀ နာရီခွဲခန့်တွင် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ကြည့်မြင်တိုင်မီးရထားဝင်းနေ ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် အမည်စာရင်းပေးထားသည့် ရဲဇာနည်မင်း (ဘ) ဦးဇော်မင်းအား ၎င်း၏နေအိမ်၌ လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် (၁/က) ရပ်ကွက် ဘူတာရုံလမ်းနေ ဆူပူဆန္ဒပြမှုတွင် ပါဝင်သူ ဇော်မင်းဦး(ဘ)ဦးအောင်ကြည်အား ၎င်း၏နေအိမ်၌ လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၁၈)ရပ်ကွက် အောင်သပြေလမ်းနေ ဆူပူဆန္ဒပြသူ ရဲထွန်း(ဘ)ဦးငွေကြည်နှင့် ဇနီးဖြစ်သူ ဒေါ်လွန်းချွန်း (ဘ)ဦးဒိုင်ရီတို့ နှစ်ဦးအား နေအိမ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**ဆက်လက်ဆောင်ရွက်လျက်ရှိ**

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများ၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက် ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကံမမြို့နယ် ဆူပူအကြမ်းဖက်မှုမှ ဖမ်းဆီးရမိသည့် (ဝဲမှယာ)စန်းဦး၊ အောင်မင်းဦး၊ ဖြိုးဇေယျာ၊ လင်းထွန်း၊ လှထူးတို့အား လက်လုပ်သေနတ်များနှင့်အတူ တွေ့ရစဉ်။

# ကနီမြို့နယ် ကွန်းပင်ရေမိုက်ကရိုဝေ့ဖ်စတေရှင်၌ တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးအား ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း ကွန်းပင်ရေမိုက်ကရိုဝေ့စတေရှင်၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား မေ ၁၈ ရက်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက တူမီးသေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကနီမြို့နယ် ကွန်းပင်ရေမိုက်ကရိုဝေ့စတေရှင်၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအနက်မှ ဒုအရာခံဗိုလ် စိုးစိုးအောင် အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦးတို့သည် မေ ၁၈ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ရေဆိပ်သို့ ရေချိုးဆင်းရန်အတွက် စခန်းမှထွက်ခွာခဲ့စဉ် ၎င်းနှင့်အတူပါရှိသည့် စစ်သည်များအားမစောင့်ဘဲ ဆိုင်ကယ်ဖြင့် ရှေ့မှ တစ်ဦးတည်း မောင်းနှင်ထွက်ခွာလာခဲ့ကြောင်း၊ ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် ရေဆိပ်ဘက်မှ တူမီးသေနတ်သံများနှင့် အော်ဟစ်ဆူညံသံများကို ကြားရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ရာ ဒုအရာခံဗိုလ် စိုးစိုးအောင် အား မတွေ့ရှိရဘဲ ၎င်းကိုင်ဆောင်သည့် လက်နက်ခဲယမ်းများနှင့်အတူ ပျောက်ဆုံးလျက်ရှိကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁၉ ရက်တွင် ကွန်းပင်ရေမိုက်ကရိုဝေ့စတေရှင်နှင့် ဝန်းကျင်တစ်ဝိုက်ကို လိုက်လံရှာဖွေရာ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် တူမီးခဲစ သုံးချက် ရင်ဘတ်ထိမှန်ဒဏ်ရာဖြင့် လဲကျသေဆုံးနေသည့် ဒုအရာခံဗိုလ် စိုးစိုးအောင်၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း။

ဖြစ်စဉ်အား စိစစ်ခဲ့ရာတွင် ယင်းနေ့တွင် ရေဆိပ်အနီး၌ ဆူပူအကြမ်းဖက်သူ အင်အား ၁၀၀ ခန့်က အသင့်ပုန်းအောင်းစောင့်ဆိုင်း၍ ရောက်ရှိလာသည့် ဒုအရာခံဗိုလ် စိုးစိုးအောင် အား ဝိုင်းဝန်းဖမ်းဆီးကာ တူမီးသေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါသေဆုံးစစ်သည်၏ ရုပ်အလောင်းကို နယ်မြေခံ တပ်မတော်ဆေးရုံ သို့ ပို့ဆောင်၍ တပ်မတော်ထုံးတမ်းစဉ်လာနှင့်အညီ သင်္ဂြိုဟ်သွားမည်ဖြစ်ကြောင်းနှင့် ပျောက်ဆုံးလျက်ရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ပြန်လည်ရရှိရေးနှင့် ဆူပူအကြမ်းဖက်မှုတွင် ဦးဆောင်သူများနှင့် ပါဝင်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ် ဖန်းမော်မြို့နယ်တွင် ငွေကျပ်သိန်း ၁၉၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် ငွေကျပ်သိန်း ၁၉၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် သတင်းအရ ဗန်းမော်မြို့နယ် နမ့်ဖာရပ်ကွက် ဗန်းမော်-မြစ်ကြီးနား သွားကားလမ်းတွင် ဗန်းမော်မှ မြစ်ကြီးနားဘက်သို့ ဇယ်လွမ်း(၃၆ နှစ်) မောင်းနှင်လာသည့် ပါဂျဲရိုးအမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်၏ ဆီတိုင်ကီအတွင်းမှ ဆပ်ပြာခွက် ၁၀၂ ခွက် ဖြင့်ထည့်လျက် ဘိန်းဖြူ ၁ ဒသမ ၀၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၉၅၀ (ဒေသတန်ဖိုး ငွေကျပ်သိန်း ၁၉၈၈ ဒသမ ၂၅ သိန်း) တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မှ ကချင်ပြည်နယ် (ဝိုင်းမော်)သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဖြစ်မှုကျူးလွန်သူအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူကိုဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေး ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ဖိအားပေး ခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ထိုသို့ လုပ်ဆောင်နေမှုများကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် နည်းပညာတက္ကသိုလ် (နျူကလီးယား) နည်းပညာဌာန ပါမောက္ခ ဒေါက်တာမင်းမင်းစိုး (၄၃ နှစ်) (ဘ) ဦးအောင်သိန်းသည် CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းနှင့် တည်ငြိမ်အေးချမ်းစွာ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို လိုက်လံစည်းရုံးခြင်း၊ ဆူပူဆန္ဒပြမှုတွင် ပါဝင်ခြင်း၊ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် လှုံ့ဆော်စာများ ရေးသားခြင်း၊ CDM တွင် ပါဝင်ခြင်းမရှိသည့် ဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်းများ၊ ဆောင်ရွက်ခဲ့သဖြင့် မေ ၅ ရက်တွင် ကျောက်ဆည် မြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က(ဂ)ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။

ယင်းသို့ အမှုဖွင့်ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ဒေါက်တာမင်းမင်းစိုးကို တိမ်းရှောင်နေသည့် ကျောက်ဆည် နည်းပညာတက္ကသိုလ်အတွင်းရှိ ဝန်ထမ်းအိမ်ရာ၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကျောက်ဆည်မြို့မ ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

အောင်စကြာရတနာခါတ်နန်း
အမှန်ဟော ဆရာစကြာအောင်မွှင့်ခေါင်
မနောဗေဒပညာ
နံနက် (၉:၀၀)နာရီမှ ညနေ (၂:၀၀)
အမှတ် (၉၅၆)၊ ယသာဝတီ (၁၂)လမ်း၊
(၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်းနံပါတ် ၀၉-၂၅၀၅၀၄၁၄၄ , 09-250504144
၀၉-၇၃၁၅၆၀၆၁ , 09-73156061
၀၉-၂၅၂၆၀၀၅၆၇ , 09-252600567
တနေ့ (၁၀) ဦးသာ
ဗုဒ္ဓဟူးနေ့တိုင်း နားသည်။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၊ သာစည်မြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များအတွင်း မေ ၁၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အဆိုပါမြို့နယ်များရှိ ကျေးရွာအချို့တွင် နေအိမ်များ၊ စာသင်ကျောင်းများနှင့် သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ သပိတ်ကျင်းမြို့နယ် စပွါယ်နဂိုကျေးရွာ စာသင်ကျောင်း သုံးကျောင်းနှင့် နေအိမ် ၈၀ ၊ ကျောက်ကွဲကျေးရွာရှိ ဓမ္မာရုံ တစ်လုံးနှင့် နေအိမ် ၁၅ လုံး၊ ညောင်ရမ်းကျေးရွာရှိ နေအိမ် ငါးလုံး၊ မှတ်တော်မူကျေးရွာရှိ နေအိမ် လေးလုံး၊ ကျောက်ဖြူကျေးရွာရှိနေအိမ်နှစ်လုံး၊ တောင်လယ်ကျေးရွာရှိ နေအိမ်တစ်လုံး၊ ကျောက်ကြီးကျေးရွာရှိ နေအိမ်နှစ်လုံး၊ ဓမ္မာရုံတစ်လုံးနှင့် သီလရှင်ကျောင်း တစ်ကျောင်း၊ သာစည်မြို့နယ် ညောင်ရမ်းကျေးရွာအုပ်စုရှိ နေအိမ် ၁၅၀ နှင့် ရှေးဟောင်းရွှေမော်ဓောဓမ္မာရုံ တစ်လုံး၊ ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာ ၂၄ ရွာမှ နေအိမ် ၁၉၂ လုံး၊ စာသင်ကျောင်း နှစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် အဆောက်အအုံ တစ်လုံး၊ ရေစင်တစ်ခုတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကျေးရွာများသို့ မေ ၁၉ ရက်နှင့် ယနေ့တွင် နယ်မြေခံတပ်မတော်သားများက သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လေဘေးသင့် ပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးစိုင်းဆု ၁၃/ကဟန(နိုင်)၀၂၁၄၇၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၂၉၆၇၅၅

အမည်ပြောင်း
စစ်တွေမြို့၊ ဘုမေရပ်ကွက် ဝန်ထမ်းအိမ်ရာ တိုက်နံပါတ် (၆)၊ အခန်း(၁)နေ ဦးထွန်းလင်းမော်နှင့် ဒေါ်သင်းသင်းမော်တို့၏သားငယ် မောင်ထွန်းမော်လျှမ်းထက်အား မောင်လျှမ်းထက်မော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်လျှမ်းထက်မော်

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၇)၊ မဟာရာလမ်း၊ မြေကွက်အမှတ်(၁၀၇၆)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်သင်းသင်းမော်(၁၂/လမတ(နိုင်)၀၁၂၅၃၄)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သင်းသင်းမော်(၁၂/လမတ(နိုင်)၀၁၂၅၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဦးထိန်လင်းသန်း LL.B,D.B.L,D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅
အမှတ်(၁၅)၊ပထမထပ်၊သံသုမာလမ်း(ရတနာလမ်းဆုံ)၊(၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅
(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။


## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း- ၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း- ၀၉-၅၁၆၆၅၄၃၊ ၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၂၀၁၃၆၉၆၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၁၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့် ပေးပို့၍လည်း ကြော်ငြာများ ထည့်သွင်းနိုင်ပါသည် -

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း။ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount အမြန်ဆုံး ရယူလိုက်ပါ

# နေ့စဉ် သတင်းမှန်၊ အဖြစ်မှန်၊ တကယ်အချက်အလက်မှန်များကို မှန်မှန် မြန်မြန် သိလိုပါသလား ?

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ကြေးမုံ
The Mirror Daily
Established in 1957

THE GLOBAL NEW LIGHT OF MYANMAR

## ဖတ်ရှုနိုင်ပါပြီ။



ဆက်သွယ် မှာယူနိုင်ပါသည်-

မြန်မာ့အလင်း 09-448042214, 09-43036030, 09-420145613

ကြေးမုံ 09-450025145, 09-450025570, 09-773094931

The Global New Light of Myanmar
09-250204653, 09-770677513, 09-983924991

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ငွေးဦး
### ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
### အသက်(၄၉)နှစ်

နေပြည်တော် ဝန်ထမ်းအိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက်(၄၂၀၃)၊ အခန်း (၁၅)နေ ဦးအောင်ငွေးဦး၊ ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၂၀-၄-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ထွန်း
### (ဒုအရာခံဗိုလ်-ငြိမ်း)
### တပ်မတော်ရေ၊ ကပဖမ(၇၂၀၃)
### အသက်(၈၃)နှစ်

(ဦးစံသာဦး-ဒေါ်စိန်ခိုင်ဖြူ)တို့၏သားကြီး၊ (ဦးထွေးမောင်-ဒေါ်ရှင်ထွေးဖြူ)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်၊ အမှတ်(၃၆) ပိတောက်လမ်းနေ ဒေါ်အေးညို၏ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုကျော်-ဒေါ်ခင်နှင်းဝေ၊ ဦးသိန်းတင်-ဒေါ်ဖြူဖြူခင်၊ (ဦးတင်မောင်ဝင်း)၊ (ဦးသိန်းဆွေ)-ဒေါ်သန္တာဝင်း၊ ဦးအောင်မျိုး-ဒေါ်အေးအေးမွန်၊ ဦးရဲထွန်း၊ ဒေါ်ခင်ဖြူဝင်းတို့၏ မွေးသဖခင်၊ မြေး(၄)ယောက်တို့၏ အဘိုးသည် ၁၉-၄-၂၀၂၂ ရက် (တနင်္လာနေ့) ညနေ (၇:၂၀)နာရီတွင် ချမ်းမြေ့မေတ္တာဆေးရုံ (သန်လျင်)၌ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၀၀နာရီ ငမိုးနီသုသာန် (သန်လျင်)တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် (၂၄/C/၃)ဟု ခေါ်တွင်သော သန်လျင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန၏ (၁၅-၁၁-၂၀၀၄) ရက်စွဲပါ စာအမှတ် (၄၈၂/အမည်ပြောင်း) အရ ဒေါ်ခင်နီလာအောင် အမည်ပြောင်းလဲခွင့် အမိန့်ကျပြီး ဧရိယာ (၀ဒသမ၀၇၈) ဧက ကျယ်ဝန်းသော မြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို မြေကွက်လက်ရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသော ဦးဇော်လွင် ၁၂/မဂတ(နိုင်)၀၄၆၈၅၄ (ဘ) အဗ္ဗသူလပ်ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သည့် ဦးဇော်လင်းနှင့် ဒေါ်အိအိမိုးတို့က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၇)၊ မြေကွက်အမှတ်(၆၅၂)၊ အကျယ်အဝန်း(၄၀'x၆၀')၊ မြေအမည်ပေါက် ဦးကျော်ခင်ဟု မှတ်သားထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၅၂)၊ ပိတောက်ရွှေဝါ(၃)လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော အိမ်အပါအဝင် စွဲကပ်တည်ရှိ အကျိုးခံစားခွင့်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ဒီကရီအရ ဒေါ်တင်တင်အေး ၁၃/ပတယ(နိုင်)၀၄၄၃၉၉ တစ်ဦးတည်းကသာ စီမံခန့်ခွဲလက်ဝယ်ထား ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမြင့်(ဒဂုံ)**
**အထက်တန်းရှေ့နေ(စဉ်-၉၀၁၂)**
**အမှတ်၂၆၃၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၃၁၈၁၀**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာ၊ ကွင်းအမှတ်-၈၅၈ᵃ၊ ကွင်းအမည် လောတကောမြောက်ကွင်း၊ ဦးပိုင်အမှတ်-၂၆/၂၊ မြေချိန်ဧရိယာ(၉ဒသမ၇၃) ဧကနှင့် ကော့ပရံကျေးရွာ၌ပင် ကွင်းအမှတ်-၈၅၈ᵃ၊ ကွင်းအမည် လောတကော မြောက်ကွင်း၊ ဦးပိုင်အမှတ်-၂၆/၃၊ မြေချိန်ဧရိယာ (၉ဒသမ၇၃)ဧကရှိ မြေများကို အထောက်အထား စာရွက်စာတမ်း အခိုင်အမာဖြင့် လက်ရှိပိုင်ဆိုင်သူ ဒေါ်သန်းရှိန် ၁၀/မဒန(နိုင်)၂၃၅၃၃၂ ထံမှ ကွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၉)**
**အမှတ်(၄၅)၊ ဗညားဒလ(၃)လမ်း၊**
**ကျွန်းရွာလမ်းရပ်၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ ရွာကောက်သာယာကုန်း(ခ)၊ အိမ်အမှတ်(၁၃/၅၂)နေ ဒေါ်ခင်စိန်မြင့်၏သားဖြစ်သူ မောင်ခွန်ဇာဘို ၉/ပမန(နိုင်)၁၉၆၉၇၅သည် မိခင်အားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်စိန်မြင့်**
**၉/ပမန(နိုင်)၀၅၈၉၂၃**

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ဇော
### MOGE (ငြိမ်း)
### အသက်(၅၈)နှစ်

မင်္ဂလာဒုံမြို့နေ (ဦးတင်ဝင်း)-ဒေါ်ရီတို့၏သား၊ ရန်ကုန်မြို့နေ ဦးသန်းထွန်း-(ဒေါ်တင်ထွေး)တို့၏သားသမက်၊ ဒေါ်နီနီအောင်၏ ခင်ပွန်း၊ ကိုရဲထွဋ်အောင်၊ မနှင်းဝင့်နီနီကျော်၊ ကိုဝေယံမိုး-မသိမ့်သစ္စာကျော်၊ မဆုနိုဇင်ကျော်တို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးကျော်ဇောသည် ၁၅-၄-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများ သိစေအပ်ပါသည်။

၁၆-၄-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သူအား ရည်စူးပြီး ရက်လည်ဆွမ်းသွတ် တရားနာယူပြီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

စေတုတ္တရာမြို့နေ ဗိုလ်ကြီးသန်းနိုင်(ငြိမ်း)အသက် (၆၁)နှစ်သည် ၂၀-၄-၂၀၂၂ ရက် နံနက် ၀၄:၃၀နာရီတွင် တဆရ (ခုတင်-၃၀၀)မုံရွာ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS(83) စည်သူတပ်ခွဲမှ သူငယ်ချင်းများ**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်
### အရာခံဗိုလ်(ငြိမ်း)၊ (B.E.M.E)
### အသက်(၈၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် (၁၉/အီး)၊ ငါးလွှာနေ (ဦးမောင်ငယ်-ဒေါ်ငွေ ဘော်)တို့၏သား၊ ဦးအောင်လွင်ဦး-ဒေါ်ဥမ္မာမြင့်၊ ဦးထွန်းထွန်းမြင့်-(ဒေါ်စန်းစန်းမြင့်)တို့၏ဖခင်၊ မချစ်မြတ်နိုးခင်၊ မဆုမြတ်နန္ဒာ၊ မဝတ် ရည်လှိုင်တို့၏အဘိုး၊ ဒေါ်ခင်ငွေး၏ခင်ပွန်းသည် ၁၉-၄-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀ဒသမ၁၈၄) ဧက၊ အလျား၁၀၀ပေ x အနံ ၈၀ ပေအကျယ်အဝန်းရှိ နှစ်(၃၀) မြေငှားဂရန်ရရှိထားသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မေသိန်း(ခ) ဒေါ်မေသိန်းခိုင်(ဘ)ဦးအောင်သိန်း ၁၂/ကမရ(နိုင်)၀၀၄၇၅၈၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မာလာဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၄၈)**
**အမှတ်(၈/၄၁၇)၊ ယာဉ်ဝင်းဟောင်းလမ်း၊ ဗိုလ်ချုပ်လမ်းသွယ်(၂)၊**
**ဥဿာမြို့သစ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
**ဖုန်း-၀၉-၄၂၈၁၇၃၈၅၅**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** | - | ၂၁-၄-၂၀၂၂ရက်မှ ၂၀-၅-၂၀၂၂ရက်အထိ |
| ၃။ | **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** | - | ၂၀-၅-၂၀၂၂ရက် ညနေ ၃နာရီ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နေရာ** | - | အင်ဂျင်နီယာချုပ်ရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် (၂၁-၄-၂၀၂၂)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာချုပ်ရုံး၊ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၂၀၆၆၆**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/7306, NISSAN DIESEL CW B45AH/ TRACH LOK HEAD (6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဦး၂/လကန(နိုင်)၀၀၂၀၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ ဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

---

## ဦးအောင်ချို
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ မေတ္တာလမ်းသွယ်(၂) လမ်း၊ အိမ်အမှတ်(၁၁)နေ (ဦးညွှန့်လှိုင်- ဒေါ်ခင်အေးအေး)တို့၏သား၊ ဦးသန်းထွဋ်-ဒေါ်နီလာလှိုင်တို့၏အစ်ကို၊ ဗိုလ်ကြီးသက်ထက်လင်း-မချောမြတ်သီရိလှိုင်၊ ဒေါက်တာ အေးကိုကိုကျော်-မသိမ့်သီတာလှိုင်၊ မောင်ဝေယံမင်းပြည့် တို့၏ဦးလေး၊ မေသဒ္ဒါထက်လှိုင်၊ စံထိပ်ထားထွဋ်တို့၏ဖိုးလေးသည် ၂၀-၄-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အေးကြူ
### (စိန်မေရီကျောင်းသူဟောင်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာလမ်း၊ အမှတ် (၂၁)နေ (ဗိုလ်တင်မောင်ကြီး-ဒေါ်စိန်လှိုင်)တို့၏သမီး၊ မြင်းခြံမြို့နေ (ဦးဘို-ဒေါ်မေဟန်)တို့၏သမီးချွေးမ၊ ဦးမျိုးဝင်း(Steel Brothers' Co.,Ltd)၏ဇနီး၊ ဦးအောင်ကျော်ဖြိုး-ဒေါ် Catherine ဝါဝါစိုး (GL.Intl. Trading Co.,Ltd)၊ ဦးအောင်စံဖြိုးတို့၏ ချစ်လှစွာသောမိခင်သည် ၂၀-၄-၂၀၂၂ရက် နံနက် ၆:၂၃ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စု
### အသက် (၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်-ဒေါ်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက် ၁၈၊ အခန်း (၁၀၂)၊ မြနန္ဒာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးသိန်းမြင့်၏ဇနီး၊ ဦးနေလင်းဦး-ဒေါ်ညိုညိုမာ၊ ဦးသက်နိုင်ဦး-ဒေါ်နှင်းနှင်းဝေတို့၏မိခင်၊ မအင်ကြင်းဦး၊ မောင်စည်သူဖြိုး၊ မချမ်းမြေ့သက်နိုင်၊ မောင်ရဲရင့်သက်နိုင်တို့၏ အဘွားသည် ၂၀-၄-၂၀၂၂ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၂ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### သပိတ်ကျင်းမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် (၁)

| | | |
|---|---|---|
| ဖြိုးအိခိုင် | နှင့် | နေမျိုးနိုင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ (၇)မိုင်ကျေးရွာအုပ်စု၊ မြိုင်သာယာကျေးရွာနေ နေမျိုးနိုင်(ဘ)ဦးမြင့်သိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဖြိုးအိခိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဧပြီ ၂၃ရက် (၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်မည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဧပြီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စည်သူအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သပိတ်ကျင်းမြို့နယ်တရားရုံး**

---

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၁)နေ ကျွန်မဒေါ်ချောစုလှိုင် ၈/တတက(နိုင်)၀၉၀၇၅၇ နှင့် ဦးသန်းစိုးဝင်း ၈/တတက(နိုင်)၀၉၄၁၆၇ တို့သည် (၁၃-၂-၂၀၀၄)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ ကျွန်မ ဒေါ်ချောစုလှိုင်နှင့်ဦးသန်းစိုးဝင်း တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ ပါသဖြင့် (၁၆-၂-၂၀၂၁)ရက်တွင် အထက်တန်းရှေ့နေ ဒေါ်တင့်ရွှန်းဝေနှင့် အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်းနှင့် ဦးသန်းစိုးဝင်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်မ ဒေါ်ချောစုလှိုင်နှင့် သက်ဆိုင်မှုမရှိတော့ကြောင်း ကြေညာအပ် ပါသည်။

**ဒေါ်ချောစုလှိုင်**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်4J/7108 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃယ/၄၉၀၆၅, TVS wego 110 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းခန့်ကျော် ၁၄/ဟသတ(နိုင်)၃၆၀၃၇၆ က (ကမ-၃) ပျောက် ဆုံး၍မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(သင်္ဃန်းကျွန်း)**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်လင်းသီဟကျော် ၁၂/ဒဂန(နိုင်)၀၃၄၂၀၅သည် မိဘတိုးဘွား ဆရာသမားတို့၏ ဂုဏ်သိက္ခာ ကျဆင်းအောင်၊ မိဘနှစ်ပါးနှင့် မိသားစုတို့အား ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲအောင် နှစ်ပေါင်း များစွာ အကြိမ်ကြိမ် ကျူးလွန်ပြုလုပ်ခဲ့သည့်အတွက် (၁၅-၄-၂၀၂၂)ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအုန်းကျော်**
**၉/မမန(နိုင်)၀၁၃၄၄၄**
**ဒေါ်ဝေဝေသင်း**
**၁၂/သဃက(နိုင်)၀၂၅၈၁၂**

---

## သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိနယ်မြေ၊ ပဲခူးချောင်ရပ်၊ ရေကန်လမ်း၊ အမှတ်(8/A)နေ ဦးစိန်အောင်-ဒေါ်ထွန်းမေ(ကွယ်လွန်)တို့၏သမီး မိမိုးမိုးခိုင် ၁၀/မလမ(နိုင်)၁၆၃၇၆၃သည် မိဘဆွေမျိုးများအား အရှက်ရ ဂုဏ်သိက္ခာ ကျဆင်းအောင်ပြုမူကာ မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ၁၅-၄-၂၀၂၂ရက် နေ့တွင် သူ့သဘောအတိုင်း ထင်ရာစိုင်းလုပ်ဆောင်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း နှင့် ၎င်း၏မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်အောင်(ဘ)ဦးအောင်တင်**
**၃/ကကရ(နိုင်)၀၂၆၄၂၂**

---

## သွေးသည်အသက်

# နိုင်ငံကူးလက်မှတ်များ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

**နေပြည်တော် ဧပြီ ၂၀**

အများပြည်သူဆိုင်ရာ ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် အချို့သောဆရာဝန်များသည် ဆရာဝန်များ၏ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းများ၏ကျင့်ဝတ်နှင့်မညီဘဲ CDM ပြုလုပ်ခြင်း၊ အချို့သည် CDM ပြုလုပ်ပြီး ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် လုပ်ကိုင်နေခြင်း၊ အချို့သော ပြင်ပဆရာဝန်များသည်လည်း နိုင်ငံ့ဝန်ထမ်းဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ CDM ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ဦးဆောင်ပါဝင်ခြင်းများကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ အရေးယူထားသူများကို နေ့စဉ် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီ ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိသည်။

သို့ဖြစ်၍ ယင်းသို့ အရေးယူခံထားရသည့် ဆရာဝန်များအား ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူး လက်မှတ်များကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများတွင်လည်း Black List အမည်ပျက်စာရင်း ရေးသွင်းထားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက်ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မဲရုံ ၂၀၉ ရုံ | ၁၉၆၇၆၉ | ၁၅၉၄၇၂ | ၁၇၈၉၅ | ၁၆၇၃ | ၂၁၇၁၀ |
| ၂ | မကွေးတိုင်းဒေသကြီး ကံမမြို့နယ် မဲရုံ ၉၇ ရုံ | ၆၀၄၈၅ | ၅၀၃၀၇ | ၁၈၀၇ | ၂၅၆ | ၅၃၄၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၀၆၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၈၂၁၀၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၂၉၂၄ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၉၁၇၇ ၊ မြေပြင်လက်ကျန် ၈၃၆၈၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၀၄၄၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၄၉၅၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပြည်မြို့နယ် | ၂၀၉ | ၂၁၁၅၂၁ | ၁၅၂၅၃၁ | ၅၈၉၉၀ | ၆၄၀၆၈ | ၉၈၇၂ | ၁၄၉၅၀ |
| ၂ | ကံမမြို့နယ် | ၉၇ | ၇၀၅၈၀ | ၅၀၃၉၃ | ၂၀၁၈၇ | ၁၉၆၁၃ | ၅၇၆ | ၂ |
| | စုစုပေါင်း | ၃၀၆ | ၂၈၂၁၀၁ | ၂၀၂၉၂၄ | ၇၉၁၇၇ | ၈၃၆၈၁ | ၁၀၄၄၈ | ၁၄၉၅၂ |

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖

# စပါးအသင်း ယာယီနည်းပြ မေဆင်အနေဖြင့် ပထမဆုံးကိုင်တွယ်မည့် ဆောက်သမ်တန်နှင့် ပွဲစဉ်တွင် ရလဒ်ကောင်းစွမ်းဆောင်ပေးနိုင်မလား




ပရီမီယာလိဂ်မှ ပွဲစဉ်နှစ်ပွဲဖြစ်သည့် စပါးနှင့် ဆောက်သမ်တန်၊ အက်စတွန်ဗီလာနှင့် မန်စီးတီး အသင်းတို့ပွဲစဉ်ကို ဧပြီ ၂၁ ရက် **(ယနေ့)**တွင် ကျင်းပသွားမည်ဖြစ်သည်။ စပါးနှင့် ဆောက်သမ်တန်အသင်းသည် ပွဲကျန် (၂၉) ကို ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ပြီး ဗီလာနှင့် မန်စီးတီးအသင်းက ပွဲစဉ် (၃၂) ကို ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

စပါးနှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ကို ယနေ့ည ၁၁ နာရီခွဲတွင် စပါးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စပါးအသင်းသည် လက်ရှိအမှတ်ပေးဇယားတွင် အဆင့် (၇) ၌ ရပ်တည်နေသည်။ စပါးအသင်းသည် ယမန်နေ့က မော်ရင်ဟိုကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီးနောက် အသင်း၏ ယာယီနည်းပြတာဝန်ကို ရိုင်ယန်မေဆင်က ရာသီကုန်အထိ တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။ စပါးအသင်းသည် ပရီမီယာလိဂ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် နောက်ဆုံးလေးပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားသည့်အတွက် ပုံမှန်ခြေစွမ်းအောက် ကျဆင်းနေသည်ကို တွေ့ရသည်။ ဆောက်သမ်တန်အသင်းက အမှတ်ပေးဇယားအဆင့် ၁၄ နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် နှစ်ပွဲတွင် နှစ်ပွဲစလုံး

*စာမျက်နှာ ၁၅ ကော်လံ ၁* ❏

## အီးယူနှင့် အခြားနိုင်ငံများမှ ခရီးသွားများအတွက် ကိုဗစ် -၁၉ အသွားအလာ ကန့်သတ်မှုစည်းမျဉ်းများကို ဂရိဖယ်ရှားပေး

စာ ၁၂

## ကာကွယ်ဆေးထိုးပြီးသည့် ဗြိတိန်နိုင်ငံသားများ နိုင်ငံခြားခရီးစဉ်စတင်ရန် ပြင်ဆင်နေကြ

စာ ၁၄